
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးရပ်

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရွှေစကားစာပေ

# ပါမကျွီဆွတ်ဆဲ့လ

ကြယ်စင်မှူးဝေ

www.burmeseclassic.com

www.burmeseclassic.com

# တိမ်ကိုဆွတ်တဲ့လ

## ကြယ်စင်မှူးဝေ


စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၀၄၆၀၁၀၇ ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၁၁၆၁၀၂၀၇ ]

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)

အမှတ်–၆၆၊ (၆)လမ်း၊ လမ်းမတော်။

**အတွင်းပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (သစ္စာမွန်ပုံနှိပ်တိုက်)

၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)

အမှတ် ၂၁၇၊ လမ်း (၃၀)၊ ပန်းဘဲတန်းမြို့နယ်။

**ထုတ်ဝေခြင်း**

၂၀၀၇ ခုနှစ်၊ မေလ၊ ပထမအကြိမ်။

**အုပ်ရေ**

၅၀၀ အုပ်

**တန်ဖိုး**

၁၀၀ ကျပ်

**ဖြန့်ချိရေး**

ရွှေစကားစာပေ

B ၄၈၊ ပိတောက်ဝါ(၄)လမ်း၊ **FMI CITY**


အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



■ တိမ်ကလေးဟာ

လရိပ်မှာ ခိုးပွင့်နေရရှာ

ကမ္ဘာကြီးထဲ ခိုကိုးရာမဲ့တဲ့ . . .

တိမ်ကလေးလေ . . .

ကမ္ဘာကြီးအတွက် . . .

ပျားချိုရွှန်းများ . . .

သွန်းချအေးမြပေးနေခဲ့ရှာ . . .







## အခန်း ( ၁ )

“မင်းနာမည် ဘယ်သူ”

“အဥ္ဇလီပါ”

“ဒီနာမည် တစ်ခုထဲလား”

“ဟုတ်ပါတယ်ရှင့် အမိဝမ်းက ကျွတ်ကတည်းက ဒီနာမည်ပါပဲ”

“တစ်ချို့တွေက နာမည်အမျိုးမျိုး သုံးတတ်လို့ပါ။ ဥပမာ အမေ မွေးတော့ အေးမြပေမယ့် ခလိုနေရာမျိုးရောက်တော့ အာသာဝတီကျော့တွေ ဘာတွေဖြစ်သွားတတ်လို့ပါ”

ခလိုနေရာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဝင်းပနေသည့် ညွှန်သည်တော်ကြီး၏ စကားကိုသံယောင်လိုက်ရင်း အဥ္စလီ၏ရင်ထဲမှာ မချိတင်ကဲ ဖြစ်သွားရသည်ကတော့ အမှန်။

ခုလိုနေရာ . . . တဲ့။

စားသောက်ဆိုင်ကြီး တစ်ခု၏ သီးသန့်ခန်းတွေမှာ စားပွဲထိုးလုပ်ရ၊ တာဝန်ယူပြုစုပေးရ၊ ကာရာအိုကေ အတူတွဲပြီးဆိုချင်ရင် ဆိုပေးရသည့် အဥ္စလီတို့အလုပ်ဟာ ဣန္ဒြေ၊ သိက္ခာရှိသည့် အလုပ်မဟုတ်ကြောင်း အဥ္စလီသိပါသည်။

သို့သော် . . . အဥ္စလီ ဘာတတ်နိုင်မှာတဲ့လဲ . . . မိမိဘဝကို မနစ်မွန်းအောင်၊ ချေသူငယ် ကျွားစာမဖြစ်ရအောင် အတတ်နိုင်ဆုံးစောင့်ရှောက်ကာကွယ်ရင်း . . . ဒီအလုပ်ကို အခိုက်အတန့် ဘဝခုအဘိအခြေအနေတစ်ခုသို့ ရောက်သည်အထိ . . . သူမ လုပ်ကိုင်နေရပေဦးမည်။ မည်သူမျှ . . . မါးမိုး၊ သေနင်္ဂိုးပြီး . . . မနိုင်းစေသော်လည်းလော်လောဆည် . . . ဒီအလုပ်ကိုသာ အဥ္စလီရွေးချယ်နေရပါသည်။

သီးသန့်ခန်းထဲမှ စားပွဲပေါ်မှာလည်း စားသောက်ဖွယ်ရာ . . . ယပကာတွေက အပြည့်၊ အနည်းဆုံးလို့ ၃-၄ ယောက်လောက်တော့ စားလောက်ပါလိမ့်မည်။

ဩော် . . . သူဌေး၊ သူကြွယ်တွေများအဖို့တော့လည်း ငွေကို





ရေလို သုံးနေလိုက်ကြတာနော်။ သူ့စားပွဲပေါ်မှ စားသောက်ဖွယ်ရာတွေဟာ အနည်းဆုံး ၃-၄ သောင်းလောက်တော့ကျမှာပဲ။

အဥ္စလီမှာ တင်းထားမိသော မျက်နှာကို တစ်ပတ်လျှော့ရင်း ညွှန်သည်တော်ကြီးကို ကြည့်နေမိပြန်သည်။ စိတ်ကတော့ ဟိုရောက်၊ ဒီရောက်။

လာကုန်တော့မယ် . . .

မမကိန္နရီတွက် . . . ငါးသောင်း၊ မောင်လေး ဖိုးချစ်ထံ ငါးသောင်း တင်ပေးရမယ်။

အဥ္စလီ . . . သူမ . . . မနေ့က ရေတွက်ခဲ့သည့် ငွေကြေးလေးများကို ပြန်လည်မြင်ယောင်ကြည့်မိပြန်သည်။ စုစုပေါင်းမှ . . . ငါးသောင်းနှင့် နှစ်ထောင်ထဲ ရှိသေးသည်။

အဥ္စလီ သည် အများညွှန်ကြို၊ စားပွဲထိုးမလေးများလို ညွှန်သည်တော်ကြီးများ၏ အလိုတော်အတိုင်း နေထိုင်ပူးကပ်လေ့မရှိသဖြင့် မုန့်ဖိုးဒုအရ နည်းပါသည်။

ပြီးတော့ သူမ . . . မပြုံးတတ်ခဲ့ပါ။

လောက၏ ခပ်စပ်စပ် ရိုက်ချက်များကြောင့်လား။ သို့မဟုတ် ကိုယ့်ဘဝကိုယ် . . . မနစ်မြုံလို့ပေပဲလား။ သို့မဟုတ် . . . မိုးပြိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည့် တစ်တီတူးငှက်ကလေးလို··· အကြောက်လွန်နေပေလို့လား၊မသိ။ သူမ··· ပြုံးရမှာ အမြဲတစေ ဝန်လေးခဲ့ပေသည်။

သည်တော့လည်း··· သည်လိုနေရာမျိုးနှင့် သူမဟာ သဟဇာတ မဖြစ်။ မုန့်ဖိုးများများမရ။ အစ်မနှင့် မောင်လေးဖိုးချစ်ထံ ပို့ဖို့ ငွေများကို··· တစ်လနှင့်တစ်လ··· မနည်းအလျှဉ်မီအောင် ရှာရစမြဲ။

ဥပမိရုပ်ကောင်းကောင်းနှင့် လူချော လူလုကြီးသည် အသက်လေးဆယ်ကျော်အရွယ်။ သည့်ထက်လည်း ပိုချင်ပိုနိုင်ပါသည်။ စည်းစိမ်ချမ်းသာနှင့် နေလာခဲ့သူမို့ နုပျိုစိုဝင်းနေတာလည်း ဖြစ်နိုင်သည်။ ရုပ်ရှင်မင်းသား တစ်ယောက်လို စတိုင်ကျလှတာကြောင့်လည်း သူ·· လုပငယ်နနေတာ ဖြစ်ပါလိမ့်မည်။

ညှော့သည်တော်ကြီးနှင့် အဌလီမှာ မျက်နှာချင်းဆိုင် ထိုင်နေဖြစ်ပါသည်။ သူက··· အဌလီကို စိတ်ဝင်တစားနှင့် ဆက်လက်မေးမြန်းနေပုံမှာ သူ့ကိုယ်သူ··· မြဝတီမှ လိုလို၊ မြန်မာ့အသံမှ လိုလို။

"ဘာပဲဖြစ်ဖြစ်··· မင်းရုပ်ရည်မျိုးနဲ့ဆိုရင်··· ဒီလိုနေရာမျိုးမှာ အလုပ်လာမလုပ်ဘဲ··· ကောင်းရောင်း ကောင်းဝယ်အလုပ်





တစ်ခုခုမှာ အလုပ်လုပ်သင့်တယ်။ ကိုယ်သာ မင်းမိဘဆိုရင်···ဒီအလုပ်မျိုးကို ကိုယ့်သမီးလေး··· ပေးမလုပ်ဘူး···"

သူ့စကားက အဌလီမိဘတွေကို အပြစ်တင်လာသည့်အခါ သူမ··· ပြန်လည်ချေပရပါသည်။ "ကျွန်မ မိဘတွေကလည်း·· ဘယ်ပေးလုပ်မလဲရှင်··· ကျွန်မ··· ဒီအလုပ်လုပ်နေတာ သူတို့ ဘယ်သိမလဲ။ သိရင်··· ပြဿနာ တက်မှာပေါ့···"

"ဟင်··· ဒါဆို မင်းက ဘာကြောင့် ဒီအလုပ်ကြီးကို ခံ့ခံ့မင်မင် လုပ်နေသေးတာလဲ။ ဘာလဲ··· ငွေမက်လို့လား···"

သူ့စကားက အဌလီအရှိက်ကို ထိသွားခဲ့သည်။ သူမမှာ ရုတ်တရက် ပြန်ပြောစရာ စကားရှာမတွေ့ခဲ့။ သို့သော် သူကတော့ မသိကျိုးကျွင်။

"ကဲပါလေ··· စားရင်းသောက်ရင်း ပြောကြတာပေါ့···မင်း ဘာသောက်မလဲ··· ဝီစကီလား··· ရမ်လား···"

ခေါင်းကို ခါရမ်းပြမိပေမယ့်··· သူမ၏ အသံတို့ထွက်မလာ။ သူ့ကို အရမ်းရှက်နေမိသည်။ ထို့အတူ စိတ်လည်းတိုမိသည်။

သူဟာ··· အခြားညှော့သည်တော်ကြီးများနှင့်မတူ။ အခြားသူများဟာ··· သူ့လို ဘိုင်အိုဂရပ်ဖီတွေ ဘာတွေ မေးလေ့မေးထမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကို ပျော်အောင်ထားပြီး ညှော်ကြိုစားပွဲထိုးမလေးများနှင့် ပွတ်သီးပွတ်သပ်နေခွင့်ရဖို့၊ ရနိုင်သရွေ့ အခွင့်အရေးယူဖို့သာ ကြိုးစား တတ်ကြသည်။

သူကတော့ ဘယ်လိုကြီးပါလိမ့်။

"စားလေ··· ကိုယ့်ကို စိတ်ပျက်သွားပြီလား··· မသောက်တတ်ရင်လည်း · · · စားစရာတွေစားပေါ့။ အများကြီးမှာထားတာပဲ။ ကိုယ်စဉ်းစားကြည့်တယ်။ လူတိုင်း လူတိုင်းရဲ့ ဘဝတွေဟာ အပြင်ပန်းမှာ လှသလိုလိုနဲ့ ··· တကယ့် တကယ်ကျတော့ အားလုံးဟာ ဒုက္ခသည်တွေ ချည်းပါပဲ။ ကိုယ့်စကားကို မင်းလက်ခံရဲ့လား · · ·"

သူ့လို လူတစ်ယောက်က ဒုက္ခသည်ပါဆိုတော့ အဉ္ဇလီ··· သူ့ကို မျက်လုံးပြူးပြီး ကြည့်နေမိခဲ့သည်။ ရှင်ပဲပြော · · ·လူကြီးရေ။ ကျွန်မ · · · ဘာမှ မပြောတော့ဘူး · · ·။

သူ့ကို··· သူ့အကြိုက်··· ယမကာ စပ်ပေးဖို့ ပြင်ပေမယ့် သူက··· ကပျာကယာပင် လက်ကာပြခဲ့သည်။

"ရတယ်··· နေ··· နေ··· ကိုယ့်ဘေးမှာ အဖော်အဖြစ် ရှိနေပေးရင်ပဲ တော်ပါပြီ။ ကိုယ်··· မင်းကို ဘာမှ မခိုင်းရက်ပါဘူး"

သူ့စကားက အဆန်း။ တကယ့် လူထူး လူဆန်းကြီးပါပဲ။





"မဟုတ်ဘူးလေ · · · ဒါ · · · ကျွန်မတို့ အလုပ်ပဲ · · ·"

"ထားပါကွာ · · · ကဲ · · · မင်းလည်း စားလေ · · · ရော့" သူက အသားတစ်ဖတ်ကို တူနှင့်ညှပ်ပြီး အဉ္ဇလီထံ ခွံ့ပေးလာတော့ · · · အဉ္ဇလီကြောင်ကြည့်နေမိ ပြန်ပါသည်။

ဒါကြောင့်လည်း · · · အဉ္ဇလီကို··· မြတ်မွန်က ပြောခဲ့ခြင်း ဖြစ်သည်။ "နင်ဟာလေ · · · စားပွဲထိုးလုပ်စားဖို့ မကောင်းဘူး။ သီလရှင် ဝတ်ဖို့ပဲကောင်းတယ် · · · တဲ့"

အဉ္ဇလီ သက်ပြင်းချမိ၊ ခေါင်းခါမိပြန်သည်။

"စားပါရှင်··· ကျွန်မ··· အားနာပါတယ်။ အစားအသောက်တွေက ဈေးကြီးတယ်လေ···"

"အားနာတယ်··· ဟုတ်လား··· မင်း··· ဒီအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ · · ·"

"တစ်နှစ်"

"ဒါနဲ့တောင် ဒီအလုပ်ကို အသားမကျသေးဘူးလားကွာ။ နေပါဦး · · · ဒီအရင်က · · · ဘာအလုပ်လုပ်သလဲ · · ·"

အဉ္ဇလီမှာ · · · ကိုယ့်အကြောင်းတွေကို ဒီလောက်ခရေစေ့တွင်းကျ မေးနေသူကြီးအား · · · ပြောသင့် မပြောသင့် တွေးနေတော



www.burmeseclassic.com

www.burmeseclassic.com



ဗဉ်းတားမိသော်လည်း ဘကယ်ပင် စိတ်ပါ လက်ပါ၊ စိတ်အားထက်သန်စွာ နားထောင်နေပုံကြောင့် ပြောပြရပြန်သည်။ "ဒီအရင်ကတော့ ကိုယ့်မြို့မှာ ကုန်စုံဆိုင်ရောင်းတယ်။ နောက်တော့ မြတ်တာနဲ့ ကုန်တာဟာ မကာမိတော့ ဆိုင်ပြုတ်သွားခဲ့တယ်..."

"ဘာဖြစ်လို့... ဝင်ငွေ၊ ထွက်ငွေ မျှတအောင် မသုံးတာလဲ"

"ဆေးကျောင်းသား နှစ်ယောက်ရဲ့ စရိတ်က ဘယ်လိုမှ လျှော့လို့ မရဘူးလေ..."

"ဩော်..."

သီးသန့်ခန်းလေးထဲမှာ စကားသံတို့က ဒင်္ဂတိတ်ဆိတ်သွားခဲ့ ကြပြန်သည်။ အဥ္စလီ... စိတ်ညစ်နေမိပါ၏။ တော်တော် စကားများ သည့် လူကြီးသည် အရက်မူးသည့်အခါ ပိုလို့တောင် စကားများလိမ့်မည် ထင်သည်။ အင်းလေ... ဒါ... အလုပ်ပဲ။ သည်းခံရမှာပေါ့။

ဧည့်သည်တော်ကြီးသည် အဥ္စလီကို အငေးသားကြည့်ပြီး သူတစ်ယောက်ထဲ စားသောက်နေပုံက လိပ်ပြာလွင့်နေသူသဖွယ်။

သူ့အတွက် အဥ္စလီ အလုပ်မရှုတ်သေးပါ။ သူ့ရှေ့မှာ အရပ်ကလေး တစ်ရပ်ကို ငြိမ်သက်စွာ ထိုင်နေရုံလေးသာ။

ဒီလူကြီးဟာ လက်ဖွာသလား၊ မုန့်ဖိုးများများ ပေးရင်တော့





ကောင်းမှာပဲ။ လကုန်တော့မယ်။ သည့်အတွေးများပဟာ အဥ္စလီ ရင်ထဲ လှည့်ပတ် နေခဲ့သည်။ "မင်းနဲ့ စကားတွေ အေးအေးဆေးဆေး ပြောချင်တယ်။ တစ်ညလုံးပဲ ပြောရ... ပြောရ"

"ရှင်"

တစ်ညလုံးဆိုသည့် စကားတစ်ခွန်းပါလာသဖြင့် အဥ္စလီ မျက်လုံးပြူးသွားခဲ့လျှင် သူက မပွင့်တပွင့်ပင် ပြုံးလေ၏။

"ဒီ အလုပ်မှာ တစ်နှစ်ရှိပြီဆို။ ဒီစကားမျိုး တစ်ခါမှ မကြားဖူး သေးသလို... လန့်ပြမနေပါနဲ့ကွာ..."

ဒါတော့ အဥ္စလီကို အထင်သေးတာပဲ။ စော်ကားတာပဲ။ သို့သော် သူမ... ကဲကဲဆတ်လို့မရပါ။ ကဲကဲဆတ်ခွင့်မရှိပါ။ တူညီ ဝတ်စုံ၊ စကတ်နှင့် ကိုယ်ကျပ်ကြောင့် ဒူးအတက်ထိ ပေါ်နေသည့် ခြေသလုံး လေးများကို ဗိုင်းကောင်းကျောက်ဖိ ဘယ်လိုပဲ ထိုင်ထိုင် ပေါ်နေတာပဲ မဟုတ်လား။ အသွင်အပြင်အရ၊ အလုပ်အကိုင်အရ သူ အထင်သေးနိုင်ခွင့် ရှိပါသည်။

ဪ... ဒီစကားမျိုး ကြားရတာ... ဒီတစ်ခါထဲလည်း မဟုတ်ပါ။ သို့သော်... ဒီစကားမျိုး ကြားရတိုင်းလည်း သူမ၏ ရင်တုန်သံတွေက တုန်ခါမှု ပြင်းထန်နေလေမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် . . . ကျွန်မတော့ သန့်တာပါပဲ။ ကျွန်မတို့ အလုပ်က စားပွဲထိုးပါရှင် . . . အမြင်မှားနေပြီထင်တယ်"

"ဒါပေမယ့် . . မင်းအလုပ်က ချောက်ကမ်းပါးပေါ်မှာ ကြိုးတန်း လျှောက်ရတဲ့ အလုပ်မျိုးပါကွာ . . . ဘယ်တော့ . . . ကြိုးတန်းပေါ်က ပြုတ်ကျမလဲဘဲ . . ."

"ဘယ်တော့မှ ပြုတ်မကျရအောင် ကျွန်မကြိုးစားပါကယ် လူကြီးမင်း"

"ဒါတော့ . . . မင်းကြွားတာပါ။ ဒီအတိုင်းသာ ဆက်အလုပ် လုပ်သွားရင် မင်းပြုတ်ကျဖို့ကိစ္စဟာ မကြာတော့ပါဘူး . . ."

သူနှင့် အချေအတင် စကားတွေပြောဖို့ အားယူနေဆဲ သူက ကျသင့်ငွေနှင့်အတူ သူမအတွက် လိပ်စာကဒ်တစ်ခု ငွေတစ်ထပ်တို့ကို ထုတ်ချပေးခဲ့ပြီး . . . နေရာမှ ထလိုက်သည်။

"ဂွတ်နိုက် . . . အဥ္စလီ . . . နောက်ဆုံကြဦးမယ် . . ."





## အခန်း(၂)

ဦးသက်စံ . . . တဲ့ . . .

လမင်းပြာ ကုမ္ပဏီ . . . တဲ့

ဟန်းဖုန်းနံပါတ်တွေ၊ ရိုးရိုးဖုန်းနံပါတ်တွေနှင့် ရှုတ်ရှက်ခတ် နေသည်။ ခန့်ညားလှပသော လိပ်စာကဒ်လေးကို ရုပ်ခန့် ကြည့်လိုက်လျှင် ဦးသက်စံ ဟူသော အမည်နှင့် လမင်းပြာဟူသော နာမည်သာ အဥ္စလီ မှတ်မိလိုက်ပါသည်။

အဥ္စလီ၏ စားပွဲထိုး လုပ်သက် တစ်နှစ်အတွင်းမှာ လိပ်စာကဒ်တွေ ရဖူးတာလည်း တောင်ပုံရာပုံပါ။ သူမ . . . ဘာကိုမျှ မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အလေးမထားဘူး ဆိုလျှင် သဘာဝကို လွန်ဆန်ရာများ ကျနေမလား။

တကယ်ပါ။ အဠလီ ဆိုတဲ့ကောင်မလေးဟာ ဗေဒါတစ်ပွင့်လို ဖြစ်ရာ ဘဝမှာ ခေါင်းမော့၊ ရင်ကော့ နေလိုတယ်ဆိုလျှင် သဘာဝကို တော်တော်ကြီး ဆန့်ကျင်နိုင်ရပေလိမ့်မည်။ အဠလီ သူမရဲ့ အသည်းနှလုံးကို ဇာတိချက်ကြွေ၊ မွေးရပ်မြေမှာ ရှိသည့် မေမေ့အိမ်မှာ ချိတ်ဆွဲထားခဲ့ပါသည်။

လူ့ဘဝဆိုတာကြီး အပြောကျယ်သည့် ပင်လယ်ကြီး၊ သူယောင်တွေပေါသည့် မှော်ရုံတောကြီးဆိုလျှင်ဖြင့် အသည်းနှလုံး မပါသည့် စက်ရုပ်တွေ အတွက်သာ ခံသာရာ ရပေလိမ့်မည်။

ဖြားယောင်းမှုတွေ ဖြစ်သည့် အချစ်၊ ငွေကြေး၊ မေတ္တာ၊ ကရုဏာ၊ ဂုဏ်မနေတွေဆိုတာလည်း အပေါ်ယံ ဟန်ဆောင်မှုတွေပဲ မဟုတ်လား။

သမင်သားကိုမှ စားသုံးလိုကြသည့် ကျားငစဉ်းလဲတွေပေါသည့် တောမှာ ရင်ခုန်စရာမလိုပါ။

ငွေမင်ရောင် လိပ်စာကာဒ်လေးကို ထုံးစံအတိုင်း ကဒ်ဘူးလေးထဲ မှီထည့်လိုက်ပြီးလျှင် ဦးသက်စံ ပေးခဲ့သည့် ငွေထုပ်လေးကိုတော့





အဠလီ မျက်ခုံးပင့်ပြီး ကြည့်နေမိပါသည်။

ငါးရာတန် အုပ်ကလေးက ပါကင်လိုက်ဆိုတော့ ငါးသောင်းပေါ့။ ဦးသက်စံဟာ တော်တော်ရက်ရောတာပဲ။ ဘုရားရေ . . . ဒါ . . . ငါးမျှား ချိတ်မှာ ငါးစာကြီးကြီး တပ်ဆင်ပေးလိုက်တာလား။

ဗိမိပါးစောင်ကို ယောင်ရမ်းအုပ်ကိုင်မိရင်း အဠလီ ပြန်လည်စဉ်းစားကြည့်မိသည်။ ဒီနေ့အဖို့တော့ သူမကို ဦးသက်စံ ဘာမျှ အခွင့်အရေးယူမသွားခဲ့ပါ။ တကယ့်ကို ပုဂ္ဂိုလ်တစ်ကမ်း လက် တစ်လှမ်း။

အဠလီ စုထားပြီးသည့် ငွေလေးနှင့် ဦးသက်စံပေးသွားခဲ့သည့် ငွေတို့ကို ခွဲခြမ်းစိတ်ဖြာပြီး အစ်မဖြစ်သူ မေကိန္နရီနှင့် မောင်လေး ဖိုးချစ်(ချစ်ဝင်းသီ)တို့ထံ ပို့ဖို့ ပြင်ဆင်လေသည်။

မနက်ဖြန် ဘဏ်သို့သွားရမည်။ ငွေလွှဲစံနစ်ဖြင့် မန္တလေး ဆေးတက္ကသိုလ်သို့ အဠလီ ငွေပို့နေကျဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဟင်··· အဠလီ···"

စားသောက်ဆိုင်မှာလို မဟုတ်ဘဲ ယဉ်ကျေးသွယ်နွဲ့လှသည့် အဠလီကို ··· ဦးသက်စံ နှစ်ခါပြန်ကြည့်ယူရပါသည်။ တင်ပါးထိ ရှည်လျားသည့် ဆံနွယ်လှလှများကို ကာလစ်တစ်ခုဖြင့် ညှပ်ထားသဖြင့် ဆံနွယ်တွေ ကျောလုံးပြည့်နေပုံကိုက ကဗျာတစ်ပုဒ်သဖွယ်။

ညမီးရောက်အောက်မှာ မဟုတ်ဘဲ နေ့အလင်းရောင်မှာ သူမ ပွင့်ဖူးနေပုံက နှင်းဆီဖြူလေး တစ်ပွင့်နှယ်။ ငြိမ်းချမ်း အေးဆေး လှပါသည့် ကောင်မလေး။





ထိုကောင်မလေးကိုကြည့်ပြီး··· ဦးသက်စံရင်ထဲမှာ နင့်ခနဲ ဖြစ်ရသည်။ နေရာမှားပြီး မြောင်းထဲ ရောက်နေတဲ့ ကောင်မလေး။ ထိုသို့ပဲ ဦးသက်စံ မြင်မိသည်။

ကျားရဲ့ရာ ကြမ္မာ မရှိသော···တဲ့။

ကျားစုံပေါ်သည့် မှော်ရုံတောမှာ၊ အစာရှာပြေးလွှား နေရရှာသည့် သမင်မလေးခဗျာ အနည်းဆုံး မိန်းမတို့ ဣန္ဒြေတော့ ပွန်းပဲ့သွားမှာပါပဲ။

"အဠလီ···"

သူမကို ခေါ်သံကြားရပြီး ··· တစ်စုံတစ်ယောက်က ပုခုန်းကို ဖမ်းဆွဲထားခဲ့လျှင် အဠလီထိတ်လန့်သွားမိသည်။ ဘုရားရေ စားပွဲထိုး မလေးတစ်ယောက်မို့ မခန့်လေးစား လုပ်တာလား···

"ရှင်··· လူမှားနေပြီ··· ကျွန်မ အဠလီမဟုတ်ဘူး ရှင်ဖယ်"

ဦးသက်စံကို ဦးသက်စံမှန်း အဠလီသိပါသည်။ သူဟာ··· တစ်ခါမြင်လျှင် တစ်သက်လုံးမှတ်မိနေချင်လောက်အောင် ဆွဲဆောင်မှု ရှိသူပါပဲ။ သို့သော် အဠလီ··· သူ့ကို အရေးမလုပ်ချင်ပါ။ သတိဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပိုသည်မရှိ။

"ဘာလို့ . . . လှမှားရမှာလဲ . . . မင်းဟာ အဥ္စလီ၊ ယောဒီအောက်နုတ်ခမ်းလေး ကိုက်နေတတ်တဲ့ အမူအယာရယ်၊ နှုတ်ခမ်းကိုက်တော့ ခွက်ထင်သွားတဲ့ ပါးချိုင့်လေးရယ် . . . ဇန်ဒါစေ့လို မျက်လုံးလျှားလျှား လှလှလေးရယ် နောက် . . ."

"တော်စမ်းပါရှင် . . အပိုစကားတွေ လေဆည်ပြောပနေပါနဲ့၊ ကျွန်မ အဥ္စလီ ဖြစ်တော့ရော ရှင် ဘာလုပ်မလို့လဲ . . . စားသောက်ဆိုင်ထဲက မိတ်ဆွေတွေကို ကျွန်မ အပြင်မှာ ခင်လေ့ ခေါ်လေ့မရှိဘူး။

"ဘယ်ရမလဲ . . . ကိုယ်ကိုတော့ မင်းဒီလိုလုပ်လို့မရဘူး"

"ဘာဖြစ်လို့လဲ ရှင်ပေးခဲ့တဲ့ ငွေကြောင့်လား . . ."

"အိုး . . မှားလိုက်တာ၊ လွဲလိုက်တာ . . ဒါက ကိုယ့်အတွက် အသေးအဖွဲ့ပါ။ ကိုယ်ပြောချင်တာက ကိုယ်ဟာ မင်းအတွက် အားထားစရာ မှီခိုခင်တွယ်စရာ ညောင်ပင်ကြီးတစ်ပင် . . ."

ဦးသက်စံ၏ စကား မဆုံးသိပင် အဥ္စလီ သွားကလေးများ မပေါ်အောင် မနည်းဖုံးဖိ၊ ပြုံးလိုက်ခဲ့လျှင်၊ သူစိတ်ကိုသွားခဲ့သည်။

ဘာဏ်မှ အထွက်မို့ . . . ပလောက်ဖောင်းပေါ်သို့ပင် သူတို့





ရောက်ရှိခဲ့ကြပြီ။ ဦးသက်စံက သူကားပါကင် ထိုးထားခဲ့သည့် နေရာသို့ သွားမှာပေမယ့်၊ အဥ္စလီကို ဖိတ်ခေါ်ချင်သေးသည်။ သူဘာဆက်လုပ်ရမှာလဲ။

"မင်း ဘာရယ်တာလဲ အဥ္စလီ . . ."

"မရယ်ပါဘူး ကျွန်မ မရယ်မိအောင် ထိန်းချုပ်လိုက်တာပါ။ ဦးသက်စံရှင့် . . . ကျွန်မဘဝက ဘယ်သူ့ကိုမှ မယုံတတ်အောင် သင်ပေးခဲ့ပြီ . . . သိလား . . . ကဲ ကျွန်မ သွားတော့မယ် . . ."

ယောဝမ်းဆက် ပန်းနုရောင်လေးဖြင့် မြန်မာဆန်ဆန် မြင့်မားလှပနေသည့် အဥ္စလီကို ဦးသက်စံ စိတ်တိုနေမိပါသည်။ သူကလေးဟာ သားရဲ့အရွယ်။ သူကလေးကို မုန်ကန်တော်တည့်သည့် လမ်းကြောင်းတစ်ခုပေါ်သို့ ဦးသက်စံ တင်ပေးလိုပါဘိ။

"နေဦး . . . မသွားရသေးဘူး။ ခ . . . ကိုယ်အချိန် နည်းနည်းရတယ်၊ မင်း အကြောင်းတွေ ကိုယ်သေသေချာချာ သိချင်သေးတယ်"

"ကျွန်မ အချိန်မရဘူး ညနေ လေးနာရီအမီ အလုပ်ဝင်ရမယ် . . ."

အဥ္စလီ . . . ဂျစ်ကျနေလျှင် ဦးသက်စံ ဘာမျှ မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ လက်တစ်ဖက်ကိုသာ ဆွဲကိုင်လိုက်ပြီး သူ့ကားရှိရာသို့ ခေါ်သွားလိုက်သည်။

"အိုး··· ရှင် ဘယ်လိုလုပ်လဲ···ရှင်···ရှင်"

အဠလီ အံ့သြရေရွတ်နေစဉ် သူမကိုကားထဲ ထိုးသွင်းလိုက်ပြီး ဦးသက်စံ ကားကို မောင်းထွက်ခဲ့တော့သည်။

"မင်းပြောနေတာ အမှန်တွေချည်းပဲနော်"

တစ်ခုသော စားသောက်ဆိုင်၏ စားပွဲလေးတစ်ခုမှာ··· ဦးသက်စံနှင့် အဠလီတို့ မျက်နှာချင်းဆိုင် စကားပြောနေခဲ့ကြသည်။

အဠလီကတော့ နာရီ တကြည့်ကြည့်။ "ရှင်ဟာလေ··· အချိန်တွေ တော်တော်ပိုနေတာဖြစ်မယ်။ ရှင်ဒီလိုသာ အဆိုအလုပ်တွေ လျှောက်လုပ်နေရင် ရှင့်ရဲ့ လမင်းပြာဟာ မကြာခင် အေဝါလီခံရတော့မယ်···"

"ဒီလောက် စိတ်ဝင်စားဖော်ရရင် ပျော်စရာကောင်းပါတယ်···။ စိတ်မပူပါနဲ့··· ကိုယ့်ရဲ့ လမင်းပြာထက် သောသောဆည် ဒီ··· လမင်းဖြူလေးကို··· ကိုယ် တကယ်စီးရှိန်လို့ပါ"

သူ့အသွင်က တည်ကြည်ပေမယ့် သူ့စကားတွေက ဘာလိုလို။





ဒါဟာပဲ လူကြီးလူကောင်းတစ်ယောက်ရဲ့ နည်းဗျူဟာလား။

"အဖိုးတွေရှင်··· ကျွန်မ မိဘတောင်မှ စိတ်ပူရမှန်းမသိတဲ့ ကိစ္စတစ်ခုကို ရှင်က အချောင်ဝင်ပြီး စိတ်ပူပြမနေပါနဲ့။ ကဲ ရှင်မေးလို့ ကျွန်မအကြောင်းတွေ ပြောပြပြီးပြီ။ ကျွန်မသွားတော့မယ်···"

အဠလီ··· ထရပ်ဖို့ပြင်လျှင် သူက လက်တစ်ဖက်ကို ဆွဲထား လိုက်ပြန်သည်။ ခြေပါ၊ လက်ပါ၊ လူကြီးကို သူမ··· အံ့အံ့ဩသြ။ သို့သော် အထူးခန်းတွေရဲ့ စားပွဲထိုးမလေးတစ်ယောက်အတွက် ဒီလိုအဖြစ်အပျက်တွေသည် ထူးဆန်းသည်တော့ မဟုတ်ပါ။ သည်လို အတွေးဝင်လျှင် သူမရင်မှာ နင့်ခနဲ ခံစားလိုက်ရပါ၏။

"နေဦး၊ မင်းနဲ့ကိုယ်ဟာ သားအဖအရွယ်နီးပါးပါ။ ရှင်တွေ ဘာတွေ ပြောတာလည်း၊ တဆိတ်တော့ရိုင်းတယ် ထင်တယ်···"

"ကျွန်မ ဒီလိုပဲ ပြောတတ်တယ်···"

"ဟုတ်ပြီ··· ထား ဒါက ပြဿနာမဟုတ်ပါဘူး။ ဒါပေမယ့် မင်းကို ကိုယ်အလုပ်ခုခုရှာ ပေးချင်တယ်။ ကျွန္တြေရှိရှိ သိက္ခာရှိရှိ အလုပ်မျိုးလေ ဘယ်နှယ့်လဲ···"

ဦးသက်စံ ဆွဲထားသည့်လက်ကို ဖြုတ်ချပြီး အဠလီပြန်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့် အပြီးအပြတ်ဆွေးနွေးရမည်။

"ဘာအလုပ်လဲ ကျွန်မက ဆယ်တန်းပဲအောင်ပေမယ့် တစ်လ တစ်သိန်းလောက်ရမယ့် အလုပ်မှဖြစ်မယ်။ နောက် . . . နေစရာ၊ စားစရာ လည်းရှိမယ့်အလုပ်။ ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့အလုပ်က ကျွန်မ အတွက်တော့ လောလောဆည် အဆင်ပြေနေပါကယ်လေ . . ."

"ဒါဖြင့် ဒီအလုပ်က ကောင်းတယ်ပေါ့။ ဟုတ်လား . . ."

သူ့အသံက အောက်သိုးသိုး ဖြစ်နေလျှင် အဋ္ဌလီ ပြုံးချင်ချင်။

"ကောင်းတယ်လို့ မဆိုလိုပါဘူး။ ကျွန်မကလည်း အခိုက်အတံ့တဲ လုပ်မှာပါ။ မမ ကျောင်းပြီးလို့ အလုပ်ဝင်ရင် ကျွန်မ ဒီအလုပ်က ထွက်မှာပါ။ မကြာတော့ပါဘူးရှင်၊ နောက်ထပ် ၂ နှစ်လောက်ဆိုရင် ကျွန်မ ဒီဘဝက လွတ်တော့မှာပါ . . ."

" ၂ နှစ်အတွင်း မင်းဘာမှ မဖြစ်ပါဘူးလို့ ဘယ်သူ အာမခံမလဲ . . ."

"ကျွန်မ ကိုယ်ပဲ ကျွန်မ အာမခံရမှာပေါ့ရှင်၊ ဘယ်သူကတော့ အာမဝင်ခံပေးမလဲ . . ."

ဆွေးနွေးချိန် နာရီဝက်လောက်ရှိပြီမို့ အဋ္ဌလီတကယ်ပင် ပြန်ချင်





လာခဲ့လျှင် သူမ၏ မျက်နှာလေးမှာ မိုးတိမ်လေးတစ်လို ညှိုးလာခဲ့ လေသည်။

"ကဲ . . . ထ ကိုယ်လိုက်ပို့ပေးမယ် . . . ကားတိုးစီးနေလို့ မင်း မီမှာ မဟုတ်တော့ဘူး . . ."

တကယ်လည်း နေ့လည် နှစ်နာရီကျော်နေပြီမို့ အဋ္ဌလီ မငြင်းသာတော့ပါ။ သို့သော် သူမ၏ ရင်ထဲမှာ ခိုးလို့ခုလု ဖြစ်နေသည့် အချက်တစ်ခုကိုတော့ အဋ္ဌလီ မေးဖြစ်အောင် မေးပစ် လိုက်သည်။

"နေစမ်းပါဦးရှင် မိသားစုရှိတဲ့ မိန်းမနဲ့ သားသမီးတွေရှိတဲ့ လူတစ်ယောက်က အခြားတစ်ပါးသော မိန်းမငယ်လေးတစ်ယောက်ကို ဘာအတွက် ဒီလောက်ပူပင် စိုးရိမ်ပေးနေရတာတဲ့လဲ။ ကျွန်မ လုံးဝ နားမလည်ဘူး"

အဋ္ဌလီ စကားကို ကြားလျှင် သည်တစ်ခါ ပြုံးရသူက ဦးသက်စံ ဖြစ်သည်။

"မင်းက ကိုယ့်ကို ဘာလို့ မိသားစုရှိတယ်လို ပြောရတာလဲ မင်းသိလို့လား . . ."

"မသိပါဘူး . . . ဒါပေမယ့် ရှင့်အသက်အရွယ်၊ ရှင့်ဆိုစံဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ လူပျို လူလွတ်မဖြစ်နိုင်ဘူး. . .”

“မှားတယ်. . . ကိုယ်ဟာ လူပျို မဟုတ်ပေမယ့် လူလွတ် တစ်ယောက်ပါ။ တစ်နေ့တော့ ကိုယ့်အကြောင်းတွေ မင်းကို ပြောပြမယ်လေ”

“မလိုပါဘူးရှင် ကျွန်မ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ ကျွန်မ စိတ်ဝင်စားတာ ကျွန်မ မိသားစုနဲ့ ကျွန်မဘဝပဲ။”

ကားလေး မောင်းထွက်လာသော်လည်း ဆွေးနွေးချက်များက မပြီးပြတ်သေး။

“ဒါဆိုရင်တော့ မင်းဟာ သိတ်အတွေ့ကြီးတဲ့ မိန်းကလေး တစ်ယောက်ပဲ။ မင်းဟာ အတွေ့ဥခွံထဲက သတ္တဝါလေးပဲ. . .”

“ကျွန်မ မသိဘူး။ လောကကြီးက ဆန်းပြားတယ်။ ကျွန်မက သေးနုပ်တယ်။ ကိုယ်လည်း ဘာမှမသိဘဲနဲ့ ကျွန်မ ဘာတွေကိုယုံကြည်ရမှာလဲ။ ဘာတွေ လျှောက်လုပ်ရမှာလဲ။ ကိုယ့်ဝပ်ကျင်းလေးထဲကနေ အထိတ်ထိတ်အလန့်လန့် ခေါင်းပြူကြည့်ရင်း စူးစမ်းလေ့လာနေရတဲ့ ကျွန်မကိုများ အတွေ့ကြီးသလေး ဘာလေးနဲ့. . .”

အဉ္ဇလီ တကယ်ပင် ဝမ်းနည်းပက်လက် ဖြစ်သွားခဲ့လျှင်





ဦးသက်စံ စိတ်မကောင်း ဖြစ်ရပါလေသည်။

“ဆောရီးကွာ. . . ဟုတ်တယ်. . . ကိုယ်မှားသွားတယ်၊ မင်းမှန်ပါတယ် အဉ္ဇလီ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုတော့ မင်းရဲ့ မိတ်ဆွေ၊ သားချင်းလို အားကိုးပါ။ ကိုယ်မင်းအတွက် အကောင်းဆုံး အကူအညီတွေ ပေးပါရစေ. . . ဒါဟာ မင်းကို. . . တကယ်ပဲ သံယောဇဉ်ရှိလို့ပါ”

သည်တစ်ခါတော့ ဦးသက်စံကို အဉ္ဇလီ ဘာမျှ ပြန်မပြောတော့ပါချေ။ မျက်ရည်စို့သော မျက်ဝန်းလျှားလျှားလေးဖြင့် မယုံနိုင်သလို မော့ကြည့်နေပုံလေးသည်. . . ဦးသက်စံ၏ ရင်သို့ မုန်တိုင်းငယ်လို စီးဝင် ဖြတ်သန်း သွားခဲ့ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ရန်ကုန်မြို့ကြီးတစ်ခုလုံး မီးရောင်စုံတွေဖြင့် လှပလင်းလက်လာသောအခါ အဥ္ဇလီတို့ စားသောက်ဆိုင်ကြီးလည်း စည်ကား သိုက်မြိုက်လာစမြဲ။

ရောင်စုံကောင်မလေးတွေ စားပွဲထိုးပေးနေသည့် အထူးခန်းတွေမှာလည်း လူပြည့်လေစမြဲ။ အထူးသဖြင့် သည်လိုအထူးအခန်းတွေမှာ နေရာယူတတ်ကြသည်က လူလတ်ပိုင်းအရွယ်၊ စီးပွားရှာကောင်းသည့် အသက်လေးဆယ်ကျော်၊ ငါးဆယ်ကျော်အရွယ်တွေ ဖြစ်ကြသည်။ လူငယ်လေးတွေကတော့ အများအားဖြင့် ခန်းမထဲမှာ နေရာယူပြီး သူငယ်





ချင်းများနှင့် ပျော်ပျော်ပါးပါး နေလေ့ရှိကြ၏။

သည်တော့ အထူးခန်းဆိုတာ ဘူဒါကြီးတွေ၊ ဘူဇွာကြီးတွေ အပန်းဖြေ၊ ယမကာမှီဝဲကြသည့် နယ်ပယ်တစ်ခုလို့ သတ်မှတ်ရမလို။

အဥ္ဇလီ တို့ စားသောက်ဆိုင်ရဲ့ ဖေးဘရိတ်က ပန်းရောင်ဝင်ပါရဲ့။ စားပွဲထိုး (ညှိကြို)မလေးတွေ အားလုံး ပန်းရောင် ယူနီဖောင်းဝတ်ရသည်၊ ပန်းသီး လှလှလေးတွေပေါ့။ ပန်းရောင်စကတ်နှင့် ပန်းရောင်ကိုယ်ကျပ် ဝတ်ရတိုင်း အဥ္ဇလီ စိတ်ညစ်သည်။

"ဘာအလုပ်မှ မလုပ်ရသေးခင်ကိုပဲ ငါတို့လစာက တန်နေပြီဟာ။ တို့တွေအားလုံး ပန်းရောင်စက္ကူနဲ့ ထုပ်ထားတဲ့ ပါကင်လှလှလေးတွေပဲ . . ."

အလှပြင်နေဆဲ မြတ်မွန်က တိုးတိုးတိတ်တိတ်ပြောတော့ အဥ္ဇလီ မချိပြုံးပြုံးသည်။ အဆောင်ထဲမှာ ကောင်မလေးအားလုံး တက်ညီလက်ညီ အလှပြင်နေရပြီ။ သည်နေ့ ညနေ ငါးနာရီမှာ စတင်အလုပ်ဝင်ကြရမည်။

"ငါတို့က တော်သေးတယ်။ အဆိုတော်တွေ၊ အကမယ်တွေက ပိုဆိုးတယ်။"



www.burmeseclassic.com

www.burmeseclassic.com



နီလာ လှမ်းပြောလျှင် အဥ္စလီ နားမလည်။

"ဘာဖြစ်လို့လဲ။ တို့တွေကမှ အမှုသမားတွေနဲ့။ နှစ်ယောက်ချင်း အခန်းထဲမှာ ဖိုက်နေရတာ။ ခပ်ကဲကဲ ခပ်ရဲရဲတွေဆိုရင်··· အရှောင် အတိမ်း ဂျက်စီဂျိန်း လုပ်နေကြရတာ မဟုတ်လား···"

"သူတို့ တွေရော မသက်သာပါဘူးဟာ ပန်းကုံးတွေ တက်ဆု ချတော့··· လူရှေ့ သူရှေ့မှာ ထိကပါးရိကပါး အလုပ်ခံရတာပါပဲ နောက်··· ကားတွေပေါ် ပါသွားကြ···"

"ဒီနေရာ ရောက်မှတော့ ဒီလိုချည်း ဖြစ်ကုန်ကြတယ် ထင်ပါရဲ့ဟာ။ ဘယ်အမျိုးကောင်းသမီးကရော တို့လို စားသောက်ဆိုင်တွေမှာ အလုပ်လုပ်ကြလို့လဲ··· အခြေအနေနဲ့ အချိန်အခါအရ ဒီနေရာ ရောက်လာရပြီဆိုကတည်းက အားလုံးဟာ သေမထူး၊ နေမထူးလေးတွေ ချည်းပါပဲဟာ".

နီလာနှင့် မြတ်မွန်၏ ဆွေးနွေးချက်က လောကအပေါ် အားလျော့နေလေသလား။ စိတ်ကုန်နေသလား။ သို့သော် သူတို့ ၂ ယောက်လုံး မပျက်စီးသေးတာတော့အမှန်၊ သူတို့အားလုံး လောကကြီးကို ကျားကန် ချိတက်နေလေဆဲ။





"ကိုယ် စိတ်မပါဘဲနဲ့တော့ ဘာမှ မဖြစ်ပါဘူး··· လူတွင် ပါလို့ ကျားကိုက်ခံရတာပါ။ ဘာပဲဖြစ်ဖြစ်လေ ‹ကိုယ့်မှာ ပန်းတိုင်၊ ရည်ရွယ်ချက်တွေ ရှိကြတာပဲ။ အတတ်နိုင်ဆုံး ကောင်းအောင် နေဖို့နဲ့ တစ်ယောက်နဲ့ တစ်ယောက် ကူညီဖြေရှင်းပေးကြရင်၊ လောကကြီးဟာ နေသာထိုင်သာရှိသွားမှာပေါ့···"

အဥ္စလီ စကားကို မြတ်မွန်နှင့် နီလာ ခေါင်းညိတ် လက်ခံ ကြပါသည်။

"ဟုတ်တယ်·· ကောင်းတယ်·· တစ်ယောက်နဲ့ တစ်ယောက် တိုင်ပင်ဆွေးနွေးကြကြေးနော်··· စိတ်ညစ်စရာရှိလည်းအတူ၊ ဝမ်းသာ စရာရှိလည်း အတူ···"

"ဒါပေမယ့်ဟာ ဒီပန်းရောင် စကတ်ဝတ်ရတာတော့ စိတ်ညစ် ပါတယ်၊ တို့တောမှာလိုသာ ခြင်ကိုက်ရင် ခြေသလုံးတွေ ရစရာရှိမှာ မဟုတ်ဘူး···"

မြတ်မွန်ညည်းလျှင် နီလာက ဝင်နှိပ်ကွပ်၏။

***"နူးအထက် ခပ်တိုတို၊***

***ထမီကို ရေမစွတ်အောင်ပ***



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရှာတဲ့ အပျိုခင်

မြင်သူ ပန်းလောက်လှတယ်လေး

ဆိုတဲ့ ကဗျာထဲကလို ဆိုင်ရင်ဖြင့် နှင်တို့တောမှာလည်း ခြေသလုံး ပေါ်တာပဲ . . .”

“ဒါက တမင်ဖော်တာ မဟုတ်ဘူးဟ။ ကောက်စိုက်ရင်း ထမိကို ရေစိုမှာစိုးလို့ တိုရတဲ့ အတို။ လုပ်အားအလှ သိရဲ့လား။ ခုလို အသလွတ် ဖော်ရ၊ ပြရတာမဟုတ်ဘူး . . .”

ပြောရင်း၊ ဆိုရင်း၊ ပြုံးရင်း၊ ရယ်ရင်းနှင့်ပင် သူမတို့အားလုံး အလုပြင်လို့ပြီးသွား ကြပေပြီ။ ညမီးရောက်အောက်ကို တိုးဝင်ဖို့ . . . ပန်းနုရောင် ပိုးဖလံလေးတွေ အားမွေးရပါချေပြီ။

ပိုးဖလံဘဝဟာ အသူရကယ် နတ်သမီးလေးတွေလိုပါပဲ။

ဓာတ်မီးရောင်တခြိမ့်ခြိမ့်၊ ကာရာအိုကေသံ တငြိမ့်ငြိမ့်ကြားမှာ အသားတစ်ဖတ်၊ ယမကာ တစ်ကျိုက်နှင့် ယစ်စည်းစိမ်ခံနေည့် လုလင်ကြီးတွေ၏အပါးမှာ ရင်ဟမမ ပျော်ပွဲဝင်နေကြလေသလား . . .။

လေလွင့်ပေါ်သွမ်းသူတွေ အလိုက်သင့် ပျော်ပါးစီးမျောနိုင်ပေမယ့် သည်ဘဝကို စက်ဆုပ်၊ ကြောက်ရွံ့ . . . သွေးလန့်နေသူ





လေးတွေလည်း ရှိတာပါပဲ။ ဥပမာ . . . အဋ္ဌလီ . . .။

“သွားစို့ဟေ့ . . . တော်ကြာ ဦးရီးတော် ဘုရားငြိုငြင်နေရှာရော့မယ် . . .”

ဆိုင်ပိုင်ရှင် ဘော့စ်ကို သူ့ကွယ်ရာမှာ ဦးရီးတော်ဟု ခေါ်ကြသည်။ သူက သူ့ကိုယ်သူ မင်းမျိုးမင်းနွယ်လို့ ဆိုပေသကိုး။ ခေါ်ချင်စရာပေါ့။

နောက်ဆုံး အဆောင်ကိုပိတ်ပြီး . . . အဋ္ဌလီ တို့အဖွဲ့ စားသောက်ဆိုင်ဖက်သို့ ကူးခဲ့သည်။

စားသောက်ဆိုင် နောက်ဖက်မှာ နေစရာအဆောင်ပေးထားပြီး စားစရာပါ ကျွေးသည်မို့ တစ်ယောက် တစ်သောင်းဆိုသည့်လစာမှာ နည်းသည်ဟုလည်း မဆိုသာပါလေ။

ငါးနာရီအတိမှာ အလုပ်ဝင်ဖြစ်တော့ ဦးရီးတော်က ပြုံးရွှင်သွားလေသည်။

“ဒီလို အချိန်ကို လေးစားမှပေါ့။ ကဲ . . . ညည်းတို့ ကြိုက်တာမှာစားကြ . . .”

“ဘဲပေါင်း၊ ကြက်ကင် . . . ဝီစကီ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ နင်တို့ ရီးစားတွေလာမှပဲ ကပ်စားပေတော့၊ ငါကျွေးနိုင်တာ ခေါက်ဆွဲကြော်၊ ကြာဇံကြော် . . ."

"တော်ပါပြီ . . . တော်ပါပြီ"

ရယ်သံလေးများနှင့် စိုပြည်သွားသည့် ဆိုင်ကြီးထဲမှာ သတ်မှတ်ထားသည့် အစားအစာများကို မှာယူစားကြရင်း အဥ္စလီ တို့ နေ့တစ်နေ့ (သို့မဟုတ်) ညတစ်ညကို စတင်လိုက်ကြသည်။





## အခန်း (၅)

မှာကြားထားသည့် စားသောက်စရာများကို ဗန်းကလေးနှင့် သယ်သွားပြီး အခန်းကို တွန်းဖွင့်လိုက်စဉ် အဥ္စလီ အနည်းငယ် ပျော်သွားခဲ့သည်။

"ဦးသက်စံ"

စောစောက လူ ဘယ်ရောက်သွားပါလိမ့်။ ဒါမှမဟုတ် သူပဲ နှစ်ကိုယ်ခွဲ လုပ်လိုက်တာလား။

"မင်းပျော်သွားတယ် မဟုတ်လား"

ဝင်းလက်သွားသည့် သူမ၏ မျက်လုံးလေးများကို သူ သိမ်းသလို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းရင်း ဦးသက်စံက သူမကို လက်ကမ်း ကြိုဆိုခဲ့သည်။

"ကိုယ်မလာတဲ့ ရက်တွေမှာ ဘယ်သူတွေကို ပြုစုနေရသလဲ။ နေလို့ မဖြောင့်ဘူး သိလား"

အဥ္ဇလီ သူ့အနားသို့ သတိနှင့်ကပ်သွားလျှင် သူက အဥ္ဇလီ လက်တစ်ဖက်ကို လှမ်းဆွဲကာ သူ့အနားမှာ ထိုင်စေခဲ့သည်။

"တစ်လကို ငွေတစ်သိန်းရမယ့် အလုပ်ကိုယ်တွေ့ထားပြီ ကိုယ့် အိမ်မှာလိုက်ပြီး ကိုယ့်ကို စီမံအုပ်ချုပ်ပေးပေတော့ . . ."

သူဆွဲထားသည့် လက်ကို ရုပ်ယူပြီး အဥ္ဇလီ ပုခုန်းတွန့်လိုက်သည်။

"အဲလို အလုပ်မျိုး . . . ကျွန်မ ဘယ်တော့မှ မလုပ်ဘူး။ ကျွန်မ ဒီလောက်မအပါဘူးရှင်။ ဦးသက်စံ . . . အမြင်တွေ မှားနေပြီ။ ကျွန်မဟာသာ ဒီစားပွဲထိုးအလုပ်ကို လုပ်ရင်း၊ သန့်ရှင်းစွာ ရပ်တည်မှာ ပေါ့။ အဲလိုမျိုး ကမ်းလှမ်းချက်တွေကို ကျွန်မဘယ်တော့မှ လက်မခံဘူး။ အဲဒါကြောင့် မကြီးပွားတာလို့တော့ မပြောနဲ့နော်။ ကိုယ့်အသားကိုဖဲ့ စားပြီး . . . ကိုယ့်ဘဝကိုယ် နင်းချေ ပစ်တတ်တဲ့ အစားထဲမှာ ကျွန်မ မပါဘူး"





အဥ္ဇလီ အသွင်က ရဲရင့်ပြန်သား တလက်လက်စိမ်းတောက် နေလျှင် ဦးသက်စံ အကြီးအကျယ် စိုးရိမ်သွားလေ၏။

"ဟာ . . . အဓိပ္ပါယ်တွေ လွဲကုန်ပြီ။ သူများတွေလို မင်းကို ကမ်းလှမ်းတာ မဟုတ်ပါဘူး အဥ္ဇလီရယ် ကိုယ့်ရဲ့ လောလောဆည် အတွေးထဲမှာ မင်းပဲအချိန်ပြည့် စိုးမိုးနေပါတယ်။ မင်းတစ်ခုခုဖြစ်သွားမှာ စိုးတယ်။ မင်းကို . . . ပန်းလေးတစ်ပွင့်လို ဖြည်းဖြည်းလေး ပွင့်လာစေ ချင်တယ်။ မုန်တိုင်းကြောင့် စုတ်ပြတ်သတ်သွားတဲ့ ပန်းပွင့်လေး မဖြစ်စေ ချင်ဘူး။ ရေစက်ကြောင့်ပဲလို့ ဆိုချင်ဆို . . ."

သူအနူးအညွတ်တွေ ပြောနေသော်လည်း အဥ္ဇလီ အယုံ အကြည်မရှိ။ ဒီအခန်းထဲ ရောက်လာလျှင် ဒီဇာတ်ဝင်ခန်းမျိုးပဲ ကကြ ပြောကြမှာပေါ့။"

"ကဲပါ . . . ဦးသက်စံ ပျော်ချင်လို့ ဒီကိုလာတာ မဟုတ်လား ကျွန်မ တတ်နိုင်သလောက် အဖော်လုပ်ပေးရမှာပေါ့ . . . ကျွန်မ ဘာလုပ်ပေးရမလဲ . . . သီချင်းဆိုပြရမလား . . . လူဆိုတာ ပစ္စုပ္ပန် တည့်တည့်ကိုပဲ ရှုပေါ့ရှင် . . ."

ပြောရင်း၊ ဆိုရင်းမှပင် အဥ္ဇလီ သူ့အတွက် အရက်စပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နေလျှင် ဦးသက်စံ ရင်နင့်နေလေသည်။ သူကလေးရဲ့ ဘဝဟာ ဒီလို ပဲလား··· သူမကတော့ ဘဝကို··· ထုသားပေသား ကျနေလေပုံ။

"ရယ်ရတာရှင့် သိလား။ အင်းလေ··· ရယ်တော့လည်း မရယ်နိုင်ပါဘူး။ လူအမျိုးမျိုး နတ်အထွေထွေ ဆိုသလိုပဲ။ ဖြားယောင်းမှုတွေက အမျိုးမျိုးပဲနော်။ ကျွန်မတို့ကလည်း အညာနိုင်နေကြပါပြီ။ တစ်ချို့က အဌလီ တို့ကို အသံကောင်းတယ်ပေါ့နော်··· စီးရီးထုတ်ပေးမယ်၊ ရုပ်ချောတဲ့အတွက် ဗီဒီယိုမင်းသမီး လုပ်ပေးမယ်··· ပေါ့။ ဦးသက်စံရယ် ဘဝမှာ အလဲလိုအရှုံးထဖို့လည်း မလိုအပ်တော့ပါဘူး။ လူတွေကို ကျွန်မ အယုံအကြည်မရှိဘူး။ ဘာလုပ်မလဲနော်။ ကိုယ့်ဘဝရဲ့ လိုအပ်ချက် အရသာ အနိုက်အတံ့။ ဒီအလုပ်ကို ကျွန်မ လုပ်နေရတာပါ။ ကျွန်မ အမြဲ သတိထားတယ်။ ယုန်ကလေးတစ်ကောင်ကို အမြဲမျက်စိဖွင့်၊ နားစွင့်ထားတယ်··· ကိုယ်လမ်းမမှားဘဲနဲ့တော့··· ဘာမှ ဖြစ်မသွားနိုင်ပါဘူးရှင်···"

"အခုပဲ မင်း လက်အဆွဲခံနေရပြီ မဟုတ်လား···"

"ဒါပါပဲ··· လက်လောက်တော့ ကျွန်မ ခွင့်လွှတ်ရမယ်လေ"

"ရေဆက် ကဲချင်ရင်ရော"





"စမ်းကြည့်ပါလား··· မရဘူးလေ··· ကျွန်မက ဟော့ဒီ အရက်ပုလင်းနဲ့ ထိပ်ရိုက်ခွဲပစ်မှာပေါ့···"

အဌလီရုပ်က တကယ်လုပ်မည့် ရုပ်ဖြစ်နေလျှင် ဦးသက်စံ ကျေနပ်သွားမိသည်။ ဒီပန်းကလေးကို ဒီငှက်ကလေးကို ရွှေလှောင်အိမ်မှာ ကိုယ်ပိုင် သိမ်းဝှက်ထားချင်ပေမယ့် သူမသည် ငှက်ကလေးမဟုတ်၊ ပန်းကလေးမဟုတ်။

"အဲဒါကြောင့် မင်း မုန့်ဖိုးများများမရတာဖြစ်မယ်··· ဒါပေမယ့် အဲဒီလို ဂျစ်တူးလေးမှ သံယောဇဉ်ရှိသူတွေလည်း အပုံထင်တယ်နော်"

"ဟုတ်ကဲ့··· အနည်းဆုံး တစ်ယောက်တော့ ရှိမယ် ထင်ပါတယ်···"

အဌလီ စကားကြောင့် ဦးသက်စံပေါ့ပါးစွာ ရယ်မောဖြစ်လေသည်။ နှစ်ယောက်အတူစားရင်း၊ သောက်ရင်း··· သူက··· သူ့အကြောင်းများကို ဆက်လက်ပြောပြနေပြန်လျှင် တာဝန်အရ အဌလီ နားထောင်ပေးရခဲ့သည်။

"ကိုယ့်မိန်းမနဲ့ လမ်းခွဲကြာတာကြာပြီ၊ အဲဒီတုန်းကလား··· ဆယ်တန်းအောင်ပြီးစပဲ ရှိသေးတယ်။ အခု သား··· ဖောက်(စ်) ဆင်းနေပြီ···"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သားရဲ့မျက်နှာကို တော့ထောက်သင့်တာပေါ့ရှင်။ အိမ်ထောင်ပြိုကွဲရင် သားသမီးတွေ မျက်နှာငယ်တတ်ကြတယ် . . . အားငယ် တတ်ကြတယ် . . ."

"မင်းက ကိုယ်တွေ့လား . . . သားကတော့ မျက်နှာမငယ်ရပါဘူး။ ကိုယ်အားလုံး တာဝန်ယူပေးခဲ့ပါတယ်။ လိုလေသေးမရှိ . . ."

"ဒါက ရုပ်ဝတ္ထု အပိုင်းပဲလေ . . . စိတ်ပိုင်းဆိုင်ရာ အနေနဲ့ကတော့ ကလေးမှာ ဒဏ်ရာ ရသွားမှာပေါ့"

"မဖြစ်နိုင်ပါဘူး ဒီကောင့်ကြည့်ရတာ ဝေးလားဝါးလားနဲ့ ပျော်ပျော်ပါးပါး ဒီကောင်ဒီလောက် မခံစားတတ်ပါဘူး"

"ဒီလို လွယ်လွယ်ကောက်ချက် ဆွဲလို့ဘယ်ရပါ့မလဲရှင် နှလုံးသားဆိုတာ အင်မတန် နူးညံ့လှပါတယ်။ ဦးသက်စံတို့အတွက် ကလေးကို မြေစာပင် မဖြစ်ပါစေနဲ့ . . ."

အဥ္ဇလီ ကြီးကြီးကျယ်ကျယ်တွေ ပြောနေသည်ဟု ထင်လေသလားမသိ။ ဦးသက်စံ၏ အသွင်က ပြုံးတုံ့တုံ့။

"မရတော့ဘူး အဥ္ဇလီ။ လွန်သွားခဲ့ပြီ။ ခုတော့ အားလုံးနေသားကျနေကြပါပြီ။ နီနီကလည်း သူ့နောက်အိမ်ထောင်နဲ့ အဆင်ပြေနေပါတယ်"





"ရှင် . . ."

ဆက်ရန်မရှိသည့် ဇာတ်လမ်းကြီးအတွက် အဥ္ဇလီ လန့်ဖျန့်သွားခဲ့သည်မှာ ဦးသက်စံ၏ "သား" ဆိုသူလေးအတွက် ဖြစ်ပါလိမ့်မည်။

"သားကတော့ ကျောင်းတတ်နေကာပါပဲလေ။ ကျောင်းပိတ်ရက်တွေမှာ ဖအေဆီ ပြန်နေတယ်။ မအေ့ဆီကတော့ ကျောင်းတက်ရက်တွေမှာ သွားနေလို့ရတယ်။"

"သူ့အမေက ဘယ်မှာနေလို့လဲ"

"မန္တလေးမှာ။ သားတတ်နေတာလဲ မန္တလေးမှာပဲလေ"

"သြော် . . ."

အဥ္ဇလီ ရှေ့ဆက် စကားမဆက်တတ်တော့သည်မှာ စိတ်မကောင်း ဖြစ်သွားလို့မှန်း ဦးသက်စံ သိနေခဲ့သည်။ ထို့အတွက် ကျေနပ်မိသည်။

"ကိုယ်လည်း စီးပွားရေးတွေပဲ ကြိုးစားနေခဲ့မိတယ်။ အောင်လည်း အောင်မြင်ပါတယ်လေ။ ဒါပေမယ့်ကွာ စက်ရုပ်တစ်ရုပ်လို နေနေရတဲ့ ဘဝကြီးကို ငြီးငွေ့လှပါပြီ။ လူသားဆန်ဆန် နူးနူးညံ့ညံ့ နေလိုတဲ့ဆန္ဒ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာတွေ ဆန်နေပိုက်တာရှင်… အစကတော့ ဒေါ်နီနီ"

"နီနီလင်း ပါ…"

"အင်း… ဒေါ်နီနီလင်းကို အလွဲသုံးစား လုပ်ပစ်ခဲ့ပြီတော့"

အဥ္စလီ၏ ကလေးဆန်သည့် အသုံးအနှုန်းကြောင့် ဦးသက်စံ ရယ်မောမိပါသည်။ "မသိဘဲနဲ့ ခါးလည်က ငင်မရမ်းပါနဲ့ကွာ… နီနီဟာ သခင်နဲ့တူသော မယားပါ၊ သူပြုစုယုယမှုကို ကိုယ်တစ်ခါမှ မခံရဖူးပါဘူး"

"ဒါကတော့ ပြောတော့မှာပေါ့နော်… အဲဒီလောက် အပြုစုခံချင်ရင်လည်း အစကတည်းက စပါယ်ရှယ်နာစ့် တစ်ယောက်လောက်ကို ရှာယူထားပါလား…"

"စားပွဲထိုးမလေး တစ်ယောက်ဆိုရင်လည်း မဆိုးပါဘူး"

"စာကလေးကို အမြောက်နဲ့ မချိန်ပါနဲ့ရှင်… ကျွန်မရဲ့ ဇာတာက သူတစ်ပါး ဖြားယောင်းမှုက လွတ်မယ့်ဇာတာ…"

"အဥ္စလီ အကြောက်လွန်နေပြီ ကိုယ်အစကတော့ မင်းကို ကိုယ့်ညီမလေးလို၊ သမီးလေးလို၊ စိုးရိမ်မိတာပါ၊ ဒါပေမယ့် အခုတော့ ပိုင်ဆိုင်ခွင့် ရလာချင်မိပြီ…"





"ဆောရီးပါ ဦးသက်စံ… ကျွန်မရဲ့ ရည်ရွယ်ချက်ထဲမှာ အဲဒါတွေ မပါဘူး။ မမနဲ့ မောင်လေး ကျောင်းပြီးအောင် ထားဖို့… အင်းလေ တိတိကျကျပြောရရင်တော့ မမကို ကျောင်းပြီးအောင်ထား။ နောက်… မောင်လေးကို မမ ဆက်ထားလိမ့်မယ်"

"မင်းကရော…"

"ကျွန်မလား… ကျွန်မကတော့ မိဘတွေနဲ့ အတူပြန်နေပြီး ခြံကလေးထဲမှာ ပန်းစိုက်မယ်… နောက် ရာသီပေါ် ဟင်းသီးဟင်းရွက်လေးတွေ စိုက်မယ်…"

"ဘာလို့ ဒီလောက် မြင့်မြင့်မားမား အလုပ်ကြီးတွေ လုပ်နေရမှာလဲ အဥ္စလီရယ် မင်းမျက်စိရှေ့မှာ လူတွေဒီလောက် တိုးတက်လှုပ်ရှားနေကြတာ မင်း မမြင်ဘူးလားဟင်"

"ဘာလုပ်မလဲ ဦးသက်စံရယ်… ကျွန်မလေ… နိုင်ငံရပ်ခြားတွေလည်း မသွားချင်ဘူး။ တစ်မြို့ တစ်ရွာတွေလည်း မသွားချင်ပါဘူး။ ကိုယ့်မိသားစုအတွက် လိုအပ်လို့စွန့်ပြီး ဒီအလုပ်ကို လုပ်နေမိပေမယ့် ကျွန်မရဲ့ ပင်ကို စိတ်က ငြိမ်းချမ်းမှုကို လိုလားတာပါ…"

အဥ္စလီ အသံက နာကျင်ကြေကွဲနေသယောင်။ ဦးသက်စံ ကရုဏာ သက်ရပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း အဲလို အေးအေးချမ်းချမ်းလေးမျိုးကိုပဲ လိုလားနှစ်သက်တယ်။ အပြင်မှာ စီးပွားရှာပြီးလို့ အိမ်ပြန်လာတဲ့အခါ ငြိမ်းချမ်းတဲ့ မျက်နှာလေးနဲ့ ငြိမ်းချမ်းတဲ့ စကားသံလေးနောက် ငြိမ်းချမ်းတဲ့ ပြုစုယုယမှု"

"ရောဂါကလည်း မသေးပါလား. . ."

"ကုရာနတ္ထိ၊ ဆေးမရှိဘဲလေ အဥ္စလီ မင်းမှတပါး ကိုယ့်ကို ဘယ်သူမှ မကု မကယ်နိုင်ပါဘူးကွယ်. . ."

"ဟင့်အင်း. . . ကျွန်မ ကြောက်တယ်၊ ဦးသက်စံရယ် ရှင့်ကို ကုဖို့ နေနေသာသာ ကျွန်မဘဝက ကိုယ့်ဖာသာတောင် စမ်းတဝါးဝါး လျှောက်လှမ်းနေရတဲ့ ဘဝပါရှင်. . ."

မည်သို့ပင်ဖြစ်စေ ထိုညကလေးသည် ဦးသက်စံနှင့် အဥ္စလီ အတွက် ရင်းနှီးမှုလေးတွေ ပိုခဲ့ပါလေသည်။





## အခန်း ( ၆ )

ညနှစ်နာရီလောက်ကျမှ အဥ္စလီတို့ နားခွင့်ရကြသည်။ အဝတ်အစားကို လျှင်မြန်စွာလဲပြီး မျက်နှာမှ မိတ်ကပ်များကိုဖျက်၍ မျက်နှာသစ်နေစဉ် မြတ်မွန်၊ သူမအတွက် အထုပ်တစ်ထုပ် ယူလာခဲ့သည်။

"ရောဟော့. . ဘာတွေလည်းတော့ မသိဘူး။ ကောင်လေး တစ်ယောက်ပေးခဲ့တာ။ ဒီလိုတော့လည်း တို့ အဥ္စလီက အစွံသားပဲ။ ဒီနေ့ ကိုယ် ဘောက်ဆူး တော်တော်များရတယ်. . ."

အထုပ်ကို လှမ်းပေးရင်း မြတ်မွန် ရွှင်လန်းတက်ကြွနေလျှင် အဥ္စလီ အထုပ်ကို လှမ်းယူရသည်။ နှစ်ယောက်စလုံး အိပ်ချင်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လောလေဆည် အာရုံတစ်ခုကြောင့် တက်ကြွနေကြလေသည်။

"ဘာထုပ်လဲ၊ မုန့်လား။ ခုတလော မိုးတွေ၊ ဘာတွေပေါက်ကွဲတဲ့ သတင်း ခဏ၊ ခဏ ကြားရတယ်နော်။ တော်ကြာ အချောင်သေနေ ရပါဦးမယ်···။"

"ကြောက်တတ်ရန်ကောကွယ်။ တို့လို စားပွဲထိုးမလေးတွေကိုများ ဘယ်သူတွေက ရေးကြီးခွင်ကျယ် လုပ်ကြံနေမှာတဲ့လဲ။

"ဒါဆိုလည်း ··· မျက်နှာမြန်မြန်သစ်။ နှစ်ယောက်အတူ ဖောက်ကြည့်ရအောင်"

အဉ္စလီ ကိုယ့်ကုတင်ရှိရာသို့ ပြန်လျှောက်လာခဲ့ရင်း အထုပ်ကလေးကို မှန်းဆကြည့်နေမိသည်။ အထဲမှာ ဘာတွေလဲ၊ မုန့်လား၊ အထည်စလား။ ဘယ်သူက ပေးခဲ့ပါလိမ့်။ ကြီးကြီးကျယ်ကျယ် အဉ္စလီ လုပ်သက် တစ်နှစ်အတွင်းမှာ ချစ်လို၊ ခင်လို သူတွေကတော့ အများအပြား။ သို့သော် အားလုံးကို အဉ္စလီ ကြောက်ပါသည်။ ဘယ်သူ့ကိုမှ အဉ္စလီ မယုံ။ အဉ္စလီဟာ အသည်းနှလုံးမပါသည့် စက်ရုပ် ကလေး။ တနည်းအားဖြင့် အဉ္စလီ နှလုံးသားဟာ အကြောက်လွန်နေသည့် နှလုံးသားလေးပါ။





သည်စဉ် မြတ်မွန် ပြန်ရောက်လာခဲ့သည်။ မြတ်မွန်နှင့် အဉ္စလီသည် ကုတင်ချင်းကပ်ရက်။

"ကဲ··· ဖောက်မယ်··· မုန့်ဆိုလည်း ကိုယ်တစ်ဝက် ဆိုင်တယ်နော်···"

"စားပါရှင် ··· စားပါ ကဲ··· ဖောက်"

တစ်ထွာလောက်ရှိမည့် အထုပ်ကလေးကို မြတ်မွန် ဖောက်နေစဉ် အခန်းထဲမှာလည်း အားလုံးလှုပ်လှုပ်ရွရွ။ ကိုယ့်အာရုံနှင့် ကိုယ်။ တူညီရာ သူငယ်ချင်းချင်း စကားတွေ တီးတိုးပြောဆိုနေကြသည်။ ဒါဟာ··· နေ့တမူ၊ ညတမူ မြင်ကွင်းတွေပါပဲ။

အဉ္စလီတို့ အဆောင်ထဲရှိ စားပွဲထိုးမလေး နှစ်ဆယ်လုံးဟာ ဒဏ္ဍာရီ တစ်ယောက်တစ်မျိုး၊ ပုံပြင် တစ်ယောက် တစ်မျိုးစီရှိကြသည်။ ကိုယ့်ပုံပြင်နှင့် ကိုယ်။ ကိုယ့်ဇာတ်လမ်းနှင့် ကိုယ်မို့ အခြားတစ်ပါးသော သူတို့ရဲ့ အကြောင်းအရာများကို စိတ်မဝင်စားအား ကြလေရောထင့်။

"အထည်စလေးပါ။ ဝမ်းဆက်စလေး ဇာတ်လမ်းတော့စပြီ ထင်တယ်။ ကောင်းတယ် အဉ္စလီမှာ ဇာတ်လမ်းမရှိသေးတာနဲ့၊ နေဦး လိပ်စာကတ်ဖြစ်ဖြစ်၊ စာဖြစ်ဖြစ် ပါရဦးမယ်··· ဘယ်လိုလဲ၊ ကိုယ်ကြည့် ရဦးမလား···"



www.burmeseclassic.com

www.burmeseclassic.com



အထည်စကို လှမ်းပေးပြီး မြတ်မွန်ပြောလျှင် အဠလီမှာ အိပ်ယာပေါ်သို့ပင် လှဲအိပ်နေမိပေပြီ၊

"ကြည့်လေ… ဖတ်ပြချင်လည်းပြ၊ ငါအရမ်းအိပ်ချင်နေပြီ ဟာ… ဒီည မောတယ်… စိတ်မော၊ လူမော၊ မမ ကိုနှရီကိုလည်း မြန်မြန်ကျောင်းပြီး စေချင်ပါပြီကွာ။ တောပြန်ပြီး ခြံပဲစိုက်စားချင်ပါပြီ"

မျက်စိမှိတ်ရင်း အဠလီ ညည်းညူတွန့်လိမ်နေစဉ် မြတ်မွန်ထံမှ အာမေဋိတ်သံကြီး ထွက်လာလေ၏၊

"ဟင်…"

မြတ်မွန် အသံကြောင့် အဠလီ လန့်ပြီး မျက်လုံးဖွင့်ကြည့်လျှင် သူမက… ဖွင့်ပြီးသားစာ တစ်ဆောင်ကို ထိုးပေးလိုက်သည်။

**အဠလီ…**

***ဦးသက်စံနှင့် ကင်းကင်းရှင်းရှင်းနေပါ၊***

***ပြောသည့်အတိုင်း မလိုက်နာလျှင်***

***မင်းမျက်နှာ လှလှလေးကို ဒဏ်ရာပေးရပါလိမ့်မည်၊***

လက်မှတ်ထိုးမထားသည့် စာလေးကို အလန့်တကြား ကြည့်ရင်း အဠလီ နားမလည်နိုင်။ မြတ်မွန်က အဠလီ အိပ်ယာပေါ်သို့ လာထိုင်ပြီး





သူထင်မြင်ချက်များကို ပြောပြသည်။

"ဒါ… နောက်တာလား မသိဘူး"

"နောက်တာတော့ မဖြစ်နိုင်ဘူး အဠလီ။ ကေ့ခ္ခ ဦးသက်စံဟာ နောက်ကြောင်းမရှင်းတဲ့သူပဲ ဖြစ်မယ်။ သူမှာ မိန်းမရှိသလား။

"ရှိတာပေါ့… ဒီအသက်အရွယ် ရောက်မှပဲ၊ သားလည်းရှိတယ် တဲ့၊ ဒါပေမယ့် သူမိန်းမက နောက်အိမ်ထောင်ပြုသွားပြီလို့ ပြောတယ်"

"ဒီစကားတွေ ရာနှုန်းပြည့် မှန်၊ မမှန်ဆိုတာလည်း တို့သိနိုင်တာ မဟုတ်ဘူးနော်၊ ဒဏ်ရာမရချင်ရင်တော့ ဝေးဝေးက ရှောင်တာပဲ ကောင်းပါတယ်-"

မြတ်မွန်ပြောလျှင် အဠလီ… ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းမိလေသည်။

"ကိုယ်… ဦးသက်စံကို စိတ်မဝင်စားပါဘူး မြတ်မွန်ရယ် ဒါပေမယ့် တို့အသုပ်က စားပွဲထိုး ညှော်ကြိုပဲဟာ။ သူကို ကိုယ်ဘယ်လို ရှောင်လို့ ရမှာလဲ၊ ဒီ စားသောက်ဆိုင်ကိုလာပြီး ကိုယ့် တာဝန်ကျရာ အခန်းကို၊ ကိုယ့်ကို သူတောင်းဆိုတဲ့အခါ၊ ကိုယ် သွားရမှာပဲလေ။

"အေးလေ… သတိတော့လည်း မကြောက်နဲ့ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို လုပ်ပါလား။ ဒီစာကို သူ့ပြကြည့်ပါလား။ ဒါ . . . ဘယ်သူ့ လက်ချက်လည်းဆိုတာ သူသိရင် သိမှာပေါ့။ အရှုံးမရှိနိုင်ပါဘူး။ သူ့ အကြောင်းသူသိပြီး မင်းနဲ့အနေအထိုင် သူ့ဖက်က ဆင်ခြင်ရင်လည်း ဆင်ခြင်သွားလိမ့်မယ် . . .”

မြတ်မွန်စကားကို အဥ္ဇလီ စဉ်းစားကြည့်နေမိသည်။ ဦးသက်စံ နှင့် သူမသည် ဘယ်လိုရင်းနှီး၊ ပတ်သက်လေသလဲ။ ဟိုလိုလိုဒီလိုလို စကားမျိုးတွေပဲ ပြောခဲ့ကြတာ မဟုတ်ပါလား။ ချစ်ခွင့်တွေ၊ လက်ထပ်ခွင့် တွေ လေးလေးနက်နက် ပန်ဆင်နေသည့် အနေအထားလည်း မဟုတ်၊

သို့သော် တစ်ဖက်မှ မည်သူတွေက မည်သို့ ထင်ကုန်ကြ လေသလဲ။

“သိလား . . . အဥ္ဇလီ ဒီတစ်ခါ ဦးသက်စံလာရင် ဒီစာကို ပြကြည့်လိုက်။ မင်းမျက်နှာ လုလုလေး . . . ဒဏ်ရာ ရသွားမှာတော့ ကိုယ်တကယ် စိုးရိမ်ပါတယ် . . .”

အစိုးရိမ်ကြီးနေသည့် စိတ်များကို ဖယ်ထုတ်ပစ်လိုက်ပြီး အဥ္ဇလီ မြတ်မွန်ကို ခေါင်းညိတ်ပြလိုက်သည်။ နောင်ခါမှ နောင်ချေးပဲ၊ လော လောဆည် စောင်ခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက်တော့မည်။





## အခန်း ( ၇ )

ဦးသက်စံ ပေါ်မလာသည့် ရက်များကြာလာသည့်အခါ အဥ္ဇလီ ဘဝသည် အနည်းငယ် ခြောက်သွေ့နေသလိုလို၊ ဟာတိဟာတာဖြစ် နေသလိုလို ခံစားနေရလေသည်။

အဥ္ဇလီတို့ ဘဝတွေဟာ မီးနှင့် ကစားနေရသလိုပါပဲ။ မုန်တိုင်း ထဲမှ လမ်းသွား ဟန်ရေးပြနေရသည့် ပန်းပွင့်လေးတွေ။

သူတော်စင်လို စိတ်ဓာတ်မျိုးရှိသူနှင့် ဘယ်လိုမှ မအပ်စပ်သည့် အလုပ်ပါပဲ။ သည်အလုပ်ကို အဥ္ဇလီ လုပ်နေရပေမယ့် နည်းနည်းမှ မပျော်ခဲ့ပါ၊ အခြေအနေအရ၊ စားဝတ်နေရေးအရ၊ ကိုယ့်မိသားစု၏



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ချက်အရသာ အဥ္စလီ လုပ်နေရခြင်းပါပဲ။

သည်နေ့လည်း အဥ္စလီမှာ ကိုယ်တာဝန်ကျသည့် အခန်းထဲ ငရဲခံနေရပြန်သည်။ စီးပွားရေးဖက်မှာ သရဖူဆောင်းနေကြသည့် လူလတ်ပိုင်း အရွယ်တွေဟာ ပိုပြီးတော့များ ကြောက်စရာ ကောင်းနေလေသလား။

တောက်ပြောင်သည့် ကျားကြီးတွေလို နည်းဗျူဟာ အမျိုးမျိုးဖြင့် ချဉ်းကပ်တတ်ကြသည့် ထိုကျားကြီးတွေကို အဥ္စလီ ကြောက်ပါသည်။

ဦးထက်နိုင်နှင့် သူ့အပေါင်းအသင်း ၃-ယောက်မှာ စီးပွားရေး အလုပ်တစ်ခုခု အောင်မြင်သည့်အထိမ်းအမှတ်အဖြစ် ဒီဆိုင်မှာ လာရောက် ဆင်နွှဲနေကြခြင်း ဖြစ်သည်။

ဦးထက်နိုင်ဟာလည်း ဒီဆိုင်၏ လာနေကျဖောက်သည် တစ်ဦးပါ။ သူ့အကျင့်၊ သူ့အပြုအမူက တစ်မျိုး။ တီးဝိုင်းတွေ၊ အဆိုတော် မလေးတွေကို သူစိတ်ဝင်စားလေ့မရှိ။ အတူးခန်းတွေမှာ အေးအေး ဆေးဆေး၊ နားအေးပါးအေး ဆက်ရက်မင်း စည်းစိမ်ခံစားပြီး ညကြို စားပွဲထိုးမလေးတွေကို ထိကပါး ရိကပါး နွေးရောယှက်တင် နေချင်သူ ဖြစ်သည်။





ခါတိုင်းက ဦးထက်နိုင်သည် မြတ်မွန်၏မိတ်ဆွေ၊ ယခုတော့ မြတ်မွန် မအားသည်နှင့် အဥ္စလီထံ ရောက်လာလေသလား မသိ။

"အဥ္စလီ . . . ကိုယ့်ကိုလာပြီး ပြုစုပေးပါဦး"

သူတို့ဝိုင်းအနီးမှာ မတ်တတ်ရပ်ပြီး နိုင်းတာ ပြုလုပ်ပေးရမည့် အဥ္စလီအား . . . ဦးထက်နိုင်က သူ့အနီးရှိ ထိုင်ခုံသို့ ခေါ်လိုက်သည်။

သက်ပြင်းသဲ့သဲ့ချရင်း . . . အဥ္စလီသွားရသည်ပါပဲ။ ကျွဲဖြစ်မှာ တော့ ရွံ့ကြောက်နေလို့ မရဘူးထင်သည်။ တာဝန်ကမကျေမှုနှင့် ဆိုင်ရှင် ထံမှာ ထုချေလွှာတင်ရတာလည်း အကြိမ်ကြိမ်ရှိပေပြီ။

"အဥ္စလီက ကိုယ့်အတွက်နော် . . . ရှယ် . . . ရှယ် . . . ကျန်တာ ကိုယ့်လူတို့သဘော . . ."

စားသောက်စရာနှင့် ယမကာများကို ဝေယံပြရင်း ဦးထက်နိုင် ဆိုလျှင် ကျန်လူများက ထောက်ခံကြလေ၏။ အဥ္စလီ မျက်မှောင်တွန့် နေဆဲ . . . ဦးထက်နိုင်က သူမ၏ ပုခုန်းကို ဖက်လိုက်သည်။ အဥ္စလီ ထရပ်မီပါ၏၊ မုန့်ဖိုးမရလည်း နေပစေ။ ဘောက်ဆူး မပေးလည်း နေတော့။

"ဘာလဲကွာ . . . အဥ္စလီကလည်း . . . ဒါလေးများအသားပဲ့ သွားမှာ ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထက်နိုင်းမှူးနေပြီ"

"မမှူးပါဘူး သောက်တောင် မသောက်ရသေးဘူး… အဥ္စလီက မြတ်မွန်ထက်တောင် ချစ်ဖို့ကောင်းသေးတယ်… နောက် ကိုယ်သာရင် အဥ္စလီပဲ တာဝန်ယူတော့…"

ထိကပါး၊ ရိကပါး လုပ်နေကျမို့ လုပ်နေပေမယ့် အဥ္စလီက အမြဲရှောင်တိမ်း၊ ကဲကဲဆတ်တတ်သူ ဖြစ်သည်။ အရက်ငှဲ့ပေး၊ အမြည်း ခွံ့ပေးရတာတောင် အော်ဂလီဆန်ရသည့် ကြားထဲ… ယခု ပုခုန်းဖက် ဘာဖက်နှင့် တော်ကြား ပါးဖျစ်၊ နားဖြစ်ထိ အဆင့်က တက်တော့မည်။

ဦးထက်နိုင်က အဥ္စလီ လက်မောင်းကို ဆွဲထားပြီး ရီဝေမှုးယစ် သော မျက်လုံးကြီးဖြင့် အစွမ်းကုန် ညို့နေပုံမှာ တကာယ်စပါးကြီးမြွေ ကြီးနှယ်။

ဒါကြောင့် မြတ်မွန် သူ့ကို စွဲလန်းနေတာပဲ။ ကြည့်စမ်း တစ်ယောက်ပြီး တစ်ယောက် ပြောင်းညို့နေလိုက်တာ။ မုန်းစရာ အော်ဂလီ ဆန်စရာ ကောင်းတဲ့လူကြီး။

"အဥ္စလီ … ကျေးဇူးပြုပြီး ကိုယ့်အနားမှာ ထိုင်ပေး ရုံလေးတင်ပါ။ မင်းမကြိုက်ရင် ပုခုန်းလည်း မဖက်တော့ပါဘူး"





သက်ပြင်းကို သိသာစွာချရင်း အဥ္စလီ ပြန်ထိုင်ရပြန်သည်။ အမှူးသမားတွေ ကြားထဲမှာ ဒီလို… ထိုင်နေရတာမျိုးသာ မေမေ မြင်သွားလျှင် ဆီပ်ပြာပင်လွင့်လိမ့်မည်။

အို… ငါလုပ်နေတာတွေ မှန်ရဲ့လား။ ရင်ထဲမှာ တင်းကျပ် ဆို့နင့်လာသဖြင့် အဥ္စလီ မျက်ရည်တွေ ပြည့်လျှံပြိုကျလာသည့် အခါ ဦးထက်နိုင်တို့ အားလုံး ငြိမ်သက်သွားသည်။ အတန်ကြာမှ ဦးထက်နိုင် ထံမှ အသံစတောင် ထွက်ပေါ်လာခဲ့သည်။

"အဥ္စလီရယ် မင်းနဲ့ ဒီလိုနေရာမျိုးဟာ မအပ်စပ်ပါဘူး။ တခြား အလုပ် တစ်ခုခုသာ ပြောင်းလုပ်ပါတော့ကွယ်။ ကိုယ့် ကုမ္ပဏီမှာ အလုပ်လုပ်မလား။ တစ်လ ငါးသောင်းလောက်တော့ ရနိုင်ပါရဲ့ကွယ်"

မျက်ရည်များကို ပြန်မျိုချရင်း အဥ္စလီ မချိပြုံးလေး ပြုံးဖြစ်သည်။

"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မအတွက် စိတ်မကောင်းဖြစ် မနေပါနဲ့နော်။ ကဲ… လူကြီးမင်းတို့ ပျော်ပျော်ပါးပါး ဆက်နေကြပါ။ ကျွန်မကို စေတနာရှိတယ်ဆိုရင် ကျွန်မ ခပ်လှမ်းလှမ်းမှာ နေပါရစေနော်။ လိုအပ်တာ ကျွန်မ လုပ်ကိုင်ပေးပါမယ့်…"

အဥ္စလီ နေရာမှ ဖြည်းညင်းစွာထရပ်လျှင် ဦးထက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မတားဆီးတော့ပါ။ သူမ သဘောအတိုင်းသာ လွှတ်ထားလိုက်တော့သည်။

သည်စဉ်… အခန်းဝမှာ မြတ်မွန် ပေါ်လာခဲ့လေ၏။ မြတ်မွန်က အဥ္စလီနှားနားသို့ကပ်ပြီး စကားတစ်ခွန်း ပြောလိုက်လျှက် သူမ… ပျော်ရွှင်သွားခဲ့သည်။

"ကိုယ့်အခန်းမှာ ဦးသက်စံ ရောက်နေတယ်။ ယွန်းနဲ့ အခန်းချင်းလဲဖို့လာတာ…"

"အိုကေ… အိုကေ… ကျေးဇူးပဲနော်"

အဥ္စလီ… ထိုအခန်းမှ လစ်ခနဲ ထွက်လာခဲ့လျှင် ဦးသက်စံ၏ အနားသို့ မြတ်မွန် ပြေးကပ်သွားလေသည်။

"ဦးသက်စံ"

မလာတာ တစ်ပတ်ပြည့်ပြီဟု ရင်ထဲမှာ သတိရရင်း အဥ္စလီ သူ့ကို နှုတ်ဆက်မိခဲ့သည်။

"အမယ်…"

နေရာမှထကာ ရင်ဖွင့် လက်ကမ်းကြိုဆို နေပုံက သူနှင့်ကိုယ်ဟာ သမီးရီးစားဖြစ်နေသည့်နှယ်။ ဦးသက်စံကို မျက်စောင်းထိုးရင်း သူလက်တွေကို အဥ္စလီပုတ်ထုပ်တော့… သူက ပြုံးနေခဲ့သည်။





"သူများတွေနဲ့ကျတော့ ပေါင်ပေါ်တောင် တက်ထိုင်ပြီး… ကိုယ်နဲ့ကျမှ အိုက်တင်တွေ များနေတယ်…"

သူ့အသံ မကျေမနပ်သည် လိုလို၊ ကျီစယ်သည်လိုလို။ ဒါတော့ အဥ္စလီ သည်းမခံနိုင်ပါချေ။

"ဘယ်သူ့ပေါင်ပေါ်မှလည်း မထိုင်ပါဘူးနော်။ ဘယ်သူ့ညွှတ်ကွင်းကိုမှလည်း မဝင်ဘူး။ အိုက်တင်လည်း မများဘူး"

"ကဲပါကွာ… ကိုယ်တောင်းပန်ပါတယ်။ မတွေ့ကြရတဲ့ရက်အတွင်း အဥ္စလီတာတွေ ပြောင်းလဲ သွားသေးလဲ"

"ပြောပုံကို လူကို မလေးမခန့်နဲ့။ ဒီမှာ သေချာကြည့်ထား၊ အဥ္စလီ ဆိုတာ ဘယ်တော့မှ လောကကို အရှုံးမပေးဘူး မှတ်ထား"

အဥ္စလီ …အားပါးတရ ပြေနေလျှင် ဦးသက်စံ ပုခုန်းတွန့်လိုက်သည်။

"ကဲ ဿထိုင် စားရင်း၊ သောက်ရင်း စကားပြောကြတာပေါ့။ ကိုယ်က ကိုယ့်ရဲ့ ပန်းကလေး မှန်တိုင်းမိသွားမှာ စိုးလို့ပါ။ ပြောဖူးတယ်နော် မင်းကို ကိုယ့်လက်ထဲမှာပဲ ဖြည်းဖြည်းလေးပွင့် လာစေချင်တယ်… လို့…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောမှန်းလည်း မသိဘူး။ အစ္စလီ နားမလည်ဘူး"

"ဝေါ့း... ဒါနဲ့များ သူ့ကိုယ်သူ လူလည်ကြီးပေါ့လေ ဒါနဲ့များ ကျားဆိုးပေါ်တဲ့ မော်ရုံတောမှာ ဆရာကြီး လာလုပ်နေသေးတယ်..."

ဦးသက်စံ နှိပ်ကွပ်နေလျှင် အစ္စလီ မျက်စောင်းထိုးနေမိတော့သည်။ နောက်မှ သတိရသွားသဖြင့် ခြိမ်းခြောက်စားလေးကို သူ့ထံ အစ္စလီ ထိုးပေးမိ၏။

"ဟင်..."

စာကိုဖတ်ပြီး သူ့မျက်နှာပျက်သွားလျှင် အစ္စလီ ထိတ်လန့်ရလေ၏။ သူက... လူရုပ်လူပွေကြီးလားကွယ်။ သူမ... စကားမပြောနိုင်တော့ပါ။

"အဲဒါ ဘယ်သူလဲ..."

"ကျွန်မ မသိဘူးလေ။ ဘာပဲဖြစ်ဖြစ် ဦးသက်စံ သိရမယ်။ အဲဒီ့လူတွေကို ပြောပြလိုက်ပေါ့။ ကျွန်မတို့ ဘာမှ မဖြစ်တဲ့အကြောင်း၊ ဘာမှ မဟုတ်တဲ့ အကြောင်း။ ကြားထဲက ကျွန်မ မျက်နှာလည်း မပျက်စီးပါရစေနဲ့ရှင်"

"ဒါဆို ကိုယ်ဒီဆိုင်ကို မလာရဘူးပေါ့..."





"ဒီလိုတော့ မဟုတ်ဘူးလေ။ ဆိုင်ကိုလာချင် လာပေါ့။ ဒါပေမယ့် ကျွန်မနဲ့တော့ မဆက်ဆံနဲ့ပေါ့ ရှင်။"

"အဲဒီလိုဆို... မင်း နေနိုင်သလား..."

သူ့စကားက ကိုယ့်ကိုယ်ကို အပိုင်တွက်ထားသည့် အသံ။ အစ္စလီ ခေတ္တစဉ်းစားနေမိသည်။

နေနိုင်သလား။ နေနိုင်သလား။

သူ... အကြာကြီးပျောက်နေလျှင် အစ္စလီ လွမ်းနေတတ်တာတော့ အမှန်။ သူ့ကို မမြင်ရလျှင် သူမရင်ထဲမှာ လစ်ဟာနေတတ်တာတော့ အမှန်။

သို့သော်... သူမ... ညာပြောလိုက်ပါသည်။ "ဘာလို့ မနေနိုင်ရမှာလဲ။ အဲလို... ဒီဆိုင်ကို လာတတ်ကြတဲ့ မိတ်ဆွေတိုင်းကိုသာ သတိရနေရမယ်ဆိုရင်... မခက်ဘူးလား"

သူမ၏အသံမှာ ခြောက်ကပ်သွေ့ အက်နေခဲ့လျှင် ဦးသက်စံ လှောင်ပြုံး ပြုံးပြန်သည်။ "ထားပါတော့လေ ဒါပေမယ့် ခုတော့ ရောက်တုန်း ရောက်ခိုက် ကိုယ့်ကို စိတ်ချမ်းသာအောင် ပြုစုယုယ လိုက်ပါဦးနော်..."



www.burmeseclassic.com

www.burmeseclassic.com



သူ ညွှန်ပြသည့်အတိုင်း သူ့အနားမှာနေပြီး သူ့အလိုကျ အဥ္စလီ ပြုစုပေး လိုက်မိပါသည်။

ပြန်ခါနီးလျှင် ကျသင့်ငွေအပြင် အဥ္စလီအတွက် ထုံးစံအတိုင်း သူမှန့်ဖိုးပေးခဲ့ရင်း စကားတစ်ခွန်း တီးတိုးဆိုခဲ့သည်။

"ကိုယ့်ကို ကားအထိတော့ လိုက်ပို့ပေးပါဦးနော် . . ."

သူ့ဆန္ဒအတိုင်း ကားအထိ လိုက်ပို့ပေးပြီးလျှင် အဥ္စလီ စားသောက်ဆိုင် ဖက်သို့ပြန်ခဲ့သည်။ မှောင်ရိပ်မှာ လှစ်ခနဲ လူတစ်ယောက် သူမအနားသို့ ကပ်လာခဲ့လျှင် အဥ္စလီ လန့်အော်မိပါ၏။

"အမလေး . . ." "ခွပ်"

သူမ၏ မျက်လုံးမှ အလင်းတန်းတစ်ခုကို နောက်ဆုံးမြင်လိုက်ရပြီး . . . အဥ္စလီ လဲကျသွားခဲ့သည်။





## အခန်း (၈)

"ကျွန်မ . . . ကျွန်မ ဘယ်ရောက်နေတာလဲ ရှင် . . ."

မှုန်ရီဝေဝါးသော အလင်းက ကောင်းကင်တစ်ပြင်လုံး မှန်တိုင်းကြောင့် အုံ့မှိုင်းနေသည့်နှယ်။ အဥ္စလီ တစ်ခေါင်းလုံး မူးဝေ ထုံထိုင်းနေပေမယ့် သူမအနီးမှ အမွှားအိုး၏ မနှစ်မြို့ဖွယ်ရာ အသွင်သဏ္ဍာန်ကိုတော့ သူမ ကောင်းကောင်း သိနေခဲ့သည်။

လက်သည်းရှည်ရှည်၊ ခြေသည်း ရှည်ရှည်တွေက အလုထား တာမျိုးမဟုတ်ဘဲ အတော်ကြီးကို ရှည်လျား ကုပ်ဝင်နေလိုက်သည်မှာ သစ်ခွံတွေကို စွပ်ထားသည့်နှယ်။

ကြမ်းတမ်းသော မျက်နှာကြီးကလည်း ညိုမည်း စွန်းကွက်နေလိုက်သေး၏။ ပြီးတော့ မျက်နှာမှာ အရယ်အပြုံးနှင့် နူးညံ့မှုမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာတွေ၊ မုဒိတာတွေ အကြင်နာတရားတွေ မရှိ။

"အဖွားရယ်... ကျွန်မ ဘယ်ရောက်နေတာလဲဟင်၊ ကျွန်မ သတိလစ်သွားတယ်။ ကျွန်မရဲ့ ဦးခေါင်းတစ်ခုလုံး နာကျင်လွန်းလှပါတယ်။ ကျွန်မကို ဆေးရုံပို့ပေးပါလားရှင်..."

"ဒို့တိုင်းပြည်မှ ဆေးရုံမရှိဘူး... ဒါပေမယ့် လူတွေဟာ ထပ်မံပြီး သေဆုံးခြင်းမရှိကြဘူး..."

"ရှင်..."

ကြားလိုက်သည့် စကားကြောင့် အဥ္စလီ ထိတ်လန့်နားမလည် နိုင်ဖြစ်နေခဲ့လျှင် အဖွားအိုက မျက်နှာသေကြီးနှင့် ပြုံးလေ၏။ အလိုလေးလေး မပြုံးတာကမှ တော်ပါဦးမယ်။ ပြုံးလိုက်မှ ပိုမိုအရုပ်ဆိုး၊ အကျည်းတန် သွားသည့်အဖွားအိုကို အဥ္စလီ ကြောက်ရွံ့နေမိစဉ် အဖွား အိုက ထပ်မံရှင်းပြ ပြောဆိုလေသည်။

"ဟုတ်တယ်... ဒါ... ငရဲပြည်..."

"ရှင်..."

ငရဲပြည်...

ငရဲပြည်...





ငရဲပြည်...

ထိုစကားလုံးကြီးက အဥ္စလီနားထဲမှာတအုံအုံနှင့် ဆူညံပေါက်ကွဲ မြည်ဟည်းနေခဲ့စဉ် ခေါင်းလောင်းသံလိုလို စည်တီးသံလိုလို အသံသာသာ လေး တစ်ခုကြောင့် သူမ ရင်မှာ အနည်းငယ် အေးတည်ရာ ရသွားခဲ့သည်။

"ဟော အဲဒါ တို့တွေ ဘုရားဝတ်တတ်ကြဖို့ အချက်ပေးတာ တို့တွေ ဘုရားရှစ်ခိုးကြရမယ်..."

"ဘုရားက ဘယ်မှာလဲ... ဘယ်ကို သွားရမှာလဲ" "ဘုရားက ရင်ထဲမှာ ရှိတယ်... ကိုယ့်ရင်ထဲမှာ ယုံကြည်ကိုးကွယ်တဲ့ ဘုရားကို ရည်မှန်းပြီး ရှစ်ခိုးကြရမယ်..."

"ကျွန်မ ရင်ပြင်တစ်ခုလုံးကတော့... မည်းမှောင် အုံ့ညစ်နေခဲ့ တယ်"

"ဒါဆိုရင်တော့ မင်းကံဆိုးတာပဲ... မင်း ဒီမှာနေရတဲ့ တလျှောက်လုံး... ကိုးကွယ်ရာ ဖြေဆည်ရာ မရတော့ဘူးပေါ့... အမြဲတမ်း မင်းစိတ်တွေ မှိုင်းညို့ အုံ့ဆိုင်း စိတ်မချမ်းမသာ ဖြစ်နေရ လိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



"အို… ဘုရား… ဘုရား…"

"ရှူး… တိုးတိုး… ဟော ကြားသား… တို့တွေ အားလုံးရဲ့ ဘုရားဝတ်တက်ကြတဲ့ အသံတွေ ကဲ… တို့လည်း လိုက်ဆိုကြရအောင် …"

မပီမသ၊ နာကျင်၊ ငိုညည်း သံတွေလိုလို အသံများသာ အရုပ်ဆိုးမျက်နှာမှ ထွက်ပေါ်လာကြလျှင် အဉ္စလီ ပိုမို ဝမ်းနည်း၍ အားငယ်ထိတ်လန့် ကြေကွဲနေမိသည်။ သူမ၏ဘေးမှ အဖွားအိုကတော့ သူ့သွားခါခေါ၊ ကျဲကျဲလေးတွေကို လှုပ်စိ၊ လှုပ်စိ လှုပ်လျှက် ဘုရားဝတ်တက်နေလေပြီ။

အဉ္စလီ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ဝေ့ စီးကျရင်း မျက်လုံးကို စုံမှိတ်ထားရှိ မိပါ၏။

ငရဲပြည်… တဲ့…

တစ်ခုခုတော့ လွဲမှားနေတာပါပဲ…

အဉ္စလီ ဘာတွေ လုပ်ခဲ့မိလို့လဲ…

သူမဟာ… မိဘတွေ မထမ်းနိုင်တဲ့ဝန်ကို ဝင်ထမ်းပေးနေတဲ့ ကောင်မလေး မဟုတ်ပါလား…





အစ်မနဲ့ မောင်လေးကို… ကျောင်းဆက်ထားပေး နေခဲ့တယ်။

နောက်… တစ်စုံတစ်ယောက်က ခေါင်းကို ရိုက်ချလိုက်လို့ သေဆုံးသွားခဲ့တာယ်…

ဟုတ်လို့လား…

သူမ… သေဆုံးသွားတာရော ဟုတ်ရဲ့လား

သူမ… အခု အိပ်မက် မက်နေတာများလား၊ သို့သော်… သူမ၏ ဖြစ်တည်မှုက အသေအချာ၊ အနားမှ အဖွားအို၏ အသံကွဲရှရှကို တောင် ကြားနေရပါသေး။

"အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း… ကင်းလွတ်ငြိမ်းသည်ဖြစ်၍…" တဲ့…

အို ဒါဆို ငါလည်း ရသားပဲ…

ဘဝဘလျှောက်လုံးက ဘုရား၊ တရားကို အလေးအနက်မထားမိသေးခဲ့ပေမယ့် ငယ်ငယ်တုန်းက မေမေ့ရဲ့ အမေ၊ အဉ္စလီအဖွားနှင့်အတူ ရွာက ဘုန်းဘုန်းကျောင်းမှာ ဥပုသ်စောင့်လိုက်သွားခဲ့တာတွေကို သူမ ပြန်လည် အမှတ်ရသွားမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်ကျောင်းကို လိုက်သွားပြီး ဘုရားဆင်းတုတော်ကို ပေါက်ဆိန်ပေါက် ရှစ်ခိုး။ ဘုန်းဘုန်း ချကျွေးတဲ့ မုန့်တွေကိုစား...

ငါးပါးသီလတော့ အဉ္ဇလီ ကောင်းကောင်းရပါသည်။ ရှင်ခိုးခဲ့ဘူးသည့် ရုပ်ပွားတော်များကို မျက်စိထဲမှာ ပုံပေါ်အောင် ပူးဒိုက်ပြဲခဲ့ ရာကြည့်နေပေမယ့် မှုးနောက်နိုင်စေသော ဦးနှောက်ကြောင့် ဘယ်ရုပ်ပွားတော်မှ ကြည်လင် ပီပြင်စွာပေါ်မလာ။

သည်တစ်ခါ လူ့ပြည်သို့ ပြန်ခွင့်ရလျှင်တော့ သူမ ဘုရားကျောင်းကန်တွေကို သွားမည်။ ဘုရား၊ တရားကို သေသေချာချာ စူးစူးစိုက်စိုက်လုပ်မည်။ စိတ်တွေမည်းညစ်မနေရအောင် တရားတွေဟောင် ထိုင်လိုက်ဦးမည်။

ဘုရားရေ... လူ့အဖြစ်ကိုရော သူမထပ်မံ ရရှိပါဦးမလား သူမက အခုလို ဖြုတ်ခနဲ ပျောက်ပြီး ဖြုတ်ခနဲ ငရဲပြည် ရောက်သွားတာ မေမေတို့တောင် သိပါ့မလား

မျက်ရည်တွေတွေကျရင်း အဉ္ဇလီဘုရားဝတ်တက်နေမိစဉ် အနားမှ အဖွားအိုပင် ဘုရားဝတ်တက်လို့ ပြီးသွားခဲ့သည်။ စောစောကလိုပင် အဉ္ဇလီ နားထဲမှာ ခေါင်းလောင်းသံသာသာ လေးကြားလိုက်ရပြန်၏။





"ဟောကောင်မလေး... ထ... ပြီးပြီး နင့်ကို ငါဒီနေရာ ပတ်ဝန်းကျင်ကို လိုက်ပြဦးမယ်..."

"ကျွန်မ ခေါင်းတွေ မူးတယ်အဖွားရယ်... ကျွန်မ ဒီအနားမှာပဲ ခွေအိပ်နေလိုက်ချင်တော့တယ်... ဒါမှမဟုတ်... သေသာ သေလိုက်ချင်တော့တယ်..."

အဉ္ဇလီ ရှုံ့မဲ့မဲ့နှင့် ညည်းနေလျှင် အဖွားအိုက ရယ်မောခဲ့လေသည်။

"မရဘူး... နင်အပျင်းထူနေလို့ မရဘူး။ ကိုယ်နေတဲ့နေရာ အကြောင်းကိုတော့ လူတိုင်း သိထားသင့်တယ်။ စိတ်ချစမ်းပါ ကောင်မလေးရယ်၊ တို့ တိုင်းပြည်က လူတွေအားလုံးဟာ ဝေဒနာကိုယ်စီရှိနေကြတာချည်းပဲ၊ အဲဒီ ဝေဒနာတွေ ကိုယ်စီခံနေရတာကိုကပဲ တို့အတွက် အထူးပြုလုပ်ထားတဲ့ ငရဲပေါ့၊ စိတ်ချ နင်ဘယ်တော့မှ ထပ်မသေဘူး ငါလည်း ထပ်မသေဘူး..."

အဖွားအို၏ စကားတွေက အဉ္ဇလီကို ငြိမ်းချမ်းမှု မပေးပါ။ စိတ်ရှုတ်ထွေးနှောက်ကျိုမှုတွေကိုသာ ပေးခဲ့သည်။ တကယ်ပါပဲ၊ ထော့တော်ဆိုးတဲ့ ငရဲ။ ဘုရားစောင်းတန်းတွေမှာ မြင်ခဲ့ဖူးသည့် အဲဒီတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာတို့ စသည့် ငရဲတွေလို ဆီပူအိုးထဲ ထည့်ကြော်တာမျိုးလည်း မဟုတ်ဘဲနှင့်၊ လူကို တော်တော်စိတ်းဒုက္ခပေးသည့် ငရဲ။ ဒါ နောက်ဆုံးပေါ် ငရဲဖြစ်ရမည်။

"ကဲ… ထ… ထ… တို့တတွေ အချိန်ရှိတုန်း လျှောက်ကြည့်ကြရအောင်…"

အဖွားအိုက မတ်တတ်ရပ်လိုက်တော့ အဠလီပါ ခေါင်းတွေမူးဝေ နောက်ကျိစွာဖြင့် သူ့နောက်သို့ လိုက်ဖို့ပြင်ရသည်။ ဟုတ်ပါရဲ့ အဖွားအိုမှာလည်း ဝေဒနာနဲ့ တောင်ဝှေးကိုင်ထားသာ ပုံစံဖြင့် အဖွားအိုလမ်းလျှောက်နေလိုက်ပုံက တစ်ကိုယ်လုံး အကြောဆွဲ၊ ဒရွတ်ဆွဲလျှက်။

အို… သူမရဲ့ အဖော်ကလည်း စိတ်ပျက်စရာ။ ဘယ်လိုဘဝကြီးပါလိမ့်နော်။ ဘာပဲဖြစ်ဖြစ် ဖြစ်ရာဘဝမှာတော့ မပျော်တောင် နေလို့ရအောင် နေရတော့မည် ထင်သည်။

အဖွားအိုကရှေ့က တုန်တုန်ယင်ယင်လျှောက်နေလျှင် အဠလီကလည်း ယိုင်တီယိုင်ထိုးဖြင့်တွားလိုက်နေရပါလေ၏။

"နေပါဦး အဖွားရဲ့ အဖွားပြောတဲ့ အချိန်က ဘယ်လိုလဲ။ ဒီငရဲပြည်မှာရော အချိန်ဆိုတာ ရှိသလား။ နာရီသံတွေရှိသလား။ နေတွေ





လတွေရှိသလား။ အဖွားရဲ့ အိမ်ကရော ဘယ်မှာလဲ…။ကျွန်မတို့ မောပန်းတဲ့အခါ ဘယ်မှာ ထမင်းစားရမှာလဲ။ ဘယ်မှာ အိပ်ကြရမှာလဲ ဘယ်မှာ…"စကားတွေကလည်း ရှည်လိုက်တာကွယ်… ဒါပေမယ့်လေ အခုလို စကားသံလေးကြားရတာကိုပဲ ငါစိတ်ချမ်းသာပါ သေးတယ်။ ငါ့ အနားမှာ စကားသံတွေ မကြားရတာကြာပြီလေ…"

"ဘာဖြစ်လို့လဲ အဖွား… ဒီတိုင်းပြည်ကလူ တွေနဲ့ အဖွားနဲ့ မတည့်လို့လား…"

"အေး… ငါက လူ့ပြည်မှာတုန်းက ဝွစာအဖွားကြီးလေ။ လူတကာနဲ့ မတည့်ဘူး အဲဒီတော့ ဒီလည်းရောက်ရော… ငါဘယ်သူနဲ့မှ စကားမပြောရတော့ဘူး။ အဲဒါလည်း ငါ့အတွက် ငရဲပါဘဲ။ ငါလည်း ဒီတစ်ခါ လူ့ပြည်ပြန်ရောက်ရင် လူတွေနဲ့ တည့်အောင် နေတော့မယ်"

"ကျွန်မ သိချင်တာတွေလည်း ဖြေပါဦးအဖွားရယ်…"

နှစ်ယာက်သား ဝင့်ကြွေးတစ်ခုလို… စမ်းတဝါးဝါးနှင့် ပင်ပန်းစွာ လျှောက်သွားနေကြရရင်းမှ… အဠလီ ထပ်မေးလျှင် အဖွားအိုက တစ်ခုချင်းဖြေဖို့ ပြင်လေ၏။

အို… ဒီတိုင်းပြည်မှာတော့ အဖွားအိုဟာ အဠလီ့အတွက် ဂိုက်ပါပဲ။ လမ်းပြပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းပြည်မှာ အချိန်ရှိတာပေါ့။ မကြာခင် အမှောင်တွေ ကြီးစိုးလာတော့မယ်၊ မမှောင်ခင် နင်သိသင့်တာတွေ သိအောင် ငါရှင်းပြလိုက်ပြနေတာ . . . ဘာမှ မသိတာထက်စာရင် နည်းနည်းသိတော့ နည်းနည်းခံသာရာ ရသေးတာပေါ့ . . ."

"ဘုရားရေ ဒီ့ထက်ပဲမှောင်ရအုံးမလား၊ အဖွားရယ် ခုတောင် မနည်းစမ်းလျှောက်နေကြရတာမဟုတ်လား။ ကျွန်မဖြင့် အိမ်မှာ ကျန်ခဲ့တဲ့ စာကြည့်မျက်မှန်လေးကိုတောင် ပြန်ယူချင်စိတ်ပေါက်မိတယ်။ ကျွန်မရဲ့ မျက်မှန်လေးက အနီးကြည့် ဒီဂရီ ၁၀၀ ရှိတယ်။

"နင် မျက်လုံးအလှူမပေးခဲ့လို့ အလင်းနဲ့ ပတ်သက်လို့ အလှူမပေးခဲ့လို့ မမြင်မစမ်းဖြစ်နေရာကြီးပဲ၊ ညည်းမနေနဲ့။ မှတ်ထား၊ ဒီငရဲပြည်မှာ ဘာတစ်ခုမှ အဆင်ပြေနေတာ မရှိဘူး။ အကုန်လုံး အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ တစ်ခုတော့ ရှိတယ် . . . နင် လူ့ပြည်တုန်းက ကောင်းတဲ့အကွက်လေး၊ ဘာလေးရှိခဲ့ရင်တော့ ဒီမှာလာပြီး အထောက်အပံ့ပေးပါလိမ့်မယ်၊ ဥပမာ ခုလိုငါနဲ့ အဖော်သဟဲ အဖြစ်ရတာ မျိုးပေါ့လေ။ နင်ဟာ . . . လူ့ပြည်မှာတုန်းက မီဘတွေအတွက် နည်းနည်း ကောင်းကျိုးပြုခဲ့လို့ . . . ခုလို စောင့်ရှောက်မယ့်လူရတာ"





"အဲဒါတောင်မှ ငရဲပြည်ရောက်ရသေးတယ်နော် . . . ဒီငရဲ ပြည်မှာရော အကြမ်းဖက်မှုတွေရှိသလား။ ရဲစခန်းတွေ၊ အချုပ်ခန်းတွေ၊ ထောင်တွေရှိသလား"

တရွေ့ရွေ့သွားနေကြရာမှ . . . အခြားသူတွေကိုပါ အဥ္စလီ မြင်တွေ့နေရပြန်သည်။ လူတွေ . . . ကြိတ်ကြိတ်တိုး မနေပေမယ့် အဆောက်အဦတစ်ချို့၊ ဈေးဆိုင်တစ်ချို့၊ ပန်းပင်လေး၊ သစ်သီးဆိုင်လေး တစ်ချို့ကို သူမ မြင်နေရပြန်သည်။ အားလုံးဟာ မေးချင်စရာကြီးပါပဲ။ သို့သော် အဥ္စလီ မမေးရသေးပါ။ အဖွားကြီး စိတ်မရှည်ဖြစ်ပြီး တောင်ဝှေးနှင့် ခေါက်လိမ့်မည်။

ရှားရှားပါးပါး ရထားသည့် အဖော်လေးကို အဥ္စလီ လေးစားရပါဦးမည်။ တော်ကြာ ဘုမသိ၊ ဘမသိဖြင့် ဒီငရဲပြည်ကြီးမှာ သောင်တင်နေရမည်ဆိုလျှင် ပိုပြီးခက်တော့မည်။ အဖွားအိုကလည်း သူပြောချင်ရာသာ ပြောလေ၏။

"ငါက အရုပ်ဆိုးပေမယ့် စိတ်ကောင်းတော့ ရှိသေးတယ် ကောင်မလေးရဲ့၊ နင့်ကို ငါကောင်းကောင်း အကာအကွယ်ပေးနိုင်တယ်"

"ဒါနဲ့တောင် နတ်ပြည်မရောက်ဘဲ ငရဲပြည် ရောက်တာရ



www.burmeseclassic.com

www.burmeseclassic.com



သလားအဖွားရဲ့ အကာကွယ်ပေးရမယ်ဆိုတာ ကရော… ဒီမှာ လူဆိုး သူခိုးတွေ ရှိလို့လား…"

"ငရဲပြည်ရောက်တာကတော့ ဒါ့မှလည်း မကောင်းတဲ့ အကွက်တွေ ရှိတာကိုး။ ဒီမှာ လူဆိုး သူခိုးတွေဆိုတာ ပေါမှပေါ၊ ဒါ… ငရဲပြည်လေ။ မကောင်းမှုတွေချည်း စုနေတာ။"

"ဟင်… စိတ်ပျက်စရာ။ ကျွန်မဖြင့် သေသာ သေလိုက်ချင်တော့တယ်…"

"လာပြန်ပြီ။ သေချင်တိုင်း သေလို့ရတယ် မှတ်သလား၊ ဒါပေမယ့် နင်စိတ်ချပါ။ နင့်မှာ ကောင်းတဲ့အချက်က အထောက်အပံ့ပေးလို့ ဘာမှ မဖြစ်တော့ဘူးမှတ်။ ဘယ်ငရဲကောင်မှ နင့်ကို အနိုင်အထက်ပြုလို့ မရတော့ဘူး…"

"ဥပဒေမရှိတာလည်း စိတ်ပျက်စရာ ကောင်းလိုက်တာ။ နေရာတိုင်းမှာ ဥပဒေရှိမှ စိတ်ချမ်းသာကြရမှာဆိုတာ ကျွန်မာ သဘောပေါက်ပြီ…"

"ညည်းမနေနဲ့ ။ ဒါ လူ့ပြည်မဟုတ်ဘူး၊ ငရဲပြည်။ မကောင်းတာတွေ လုပ်ခဲ့လို့ မကောင်းတာတွေ လာခံနေကြရတာ…"





"ကျွန်မမှာရော ဘာအပြစ်ရှိလို့ ဒီကိုရောက်လာရတာလဲ အဖွားရယ်… ကျွန်မ နားမလည်ဘူး…"

"အောင်မယ်… အောင်မယ်… ညည်းကို ညည်း စင်းလုံးချောလေးကျလို့။ မိဘရဲ့ ဝန်ထုပ်ဝန်းပိုးကို ကူထမ်းပေးနေတယ်ဆိုပေမယ့် ညည်းလုပ်နေတာ သမ္မာအာဇီဝမှ မဟုတ်တဲ့။ ယောကျ်ားတွေကို မြူဆွယ်၊ ဖြားယောင်း၊ ညာချုပြီး စားနေတဲ့ အလုပ်ကြီးပဲ။"

"ဒါပေမယ့် အဖွားရယ်… ကျွန်မ စိတ်မပါပါဘူး။ မိဘတွေ အတွက်ပါ။ အနိုက်အတဲ့ပါ"

"ဒါတွေ လာပြောမနေနဲ့… ငရဲက မနေဘူး။ ညည်းရည်ရွယ်ချက်ကလေး ကောင်းလို့ အခုလို ငါနဲ့တွေ့ပြီး အူကြောင်ကြောင်ဘဝက လွတ်တယ်လို့ မှတ်ပါ…"

သူမတို့ နှစ်ယောက် ဆက်လက် လျှောက်သွားကြပြန်သည်။ မြင်မြင်သမျှ စိတ်ချမ်းသာစရာက နည်းနည်း။ စိတ်ဆင်းရဲစရာတွေကသာ ခပ်များများ။

တစ်နေရာမှာ… ယောကျ်ားနှစ်ယောက်က မိန်းမ ခပ်ချော တစ်ယောက်ကို ဆွဲလွဲနေတာ မြင်ကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို... အဖွား... အဖွား ဟိုအဒေါ်ကြီးကို ကျွန်မတို့ အကူအညီ ပေးကြရအောင်လေ... သနားပါတယ်"

"ဘာမှ သနားမနေနဲ့။ သူ့ အကုသိုလ်နဲ့သူ။ သူက လူ့ပြည်မှာ တုန်းက ... မသိနားမလည်တဲ့ မိန်းမငယ်လေးတွေကို ဖြားယောင်း သိမ်းသွင်းပြီး မဟုတ်တာလုပ်ခိုင်းခဲ့တဲ့ မိန်းမ။ အခု သူ့ရဲ့ သူ့ပြန်ခံနေ ရတာ...။"

အဖွားအိုက ဆက်လျှောက်သွားလျှင် အဥ္စလီသည်း စိတ်မချမ်း မသာဖြင့် ဆက်လိုက်လာခဲ့ရပြန်သည်။ ဒီနေရာမှာ.. မြင်နေရသမျှ ကတော့ စိတ်ဆင်းရဲစရာ တွေချည်းပါပဲ။

"အဲ..."

လမ်းဘေးမှာ... လူဝဝကြီး တစ်ယောက်ကို ဖောသွပ်သွပ်၊ ပိန်ညှောင်ညှောင် လူတွေက အရက်တွေမညှာမတာ တိုက်နေကြတာ မြင်ရပြန်လျှင် အဥ္စလီ သိချင်ပြန်၏။ သူမမေးခင် အဖွားအိုက အရင်ရှင်း ပြခဲ့သည်။

"အဲဒါ လူ့ပြည်တုန်းက အရက်ဆိုင်ပိုင်ရှင်လေ။ သူ့အရက် ဝယ်သောက်ပြီး စောစောစီးစီး သေဆုံးသွားကြတဲ့ လူတွေက အခု





သူ့ကိုပြန်ပြီး အရက်တိုက်နေကြတာ..."

"အမြည်းလည်း မပါဘဲနဲ့နော်... အခြောက်တိုက်ကြီး..."

"နှင့်အတွေးအော ငရဲပါဆိုမှ အမြည်းနဲ့သောက်နေရရင် ငရဲဟုတ် ပါဦးမလား ဘာလိုင်း ကစ်ရတာပေါ့..."

အဖွားအို၏ စကားကြောင့် အဥ္စလီနည်းနည်း ပြုံးမိသွားတော့ အဖွားအိုက သူမကို မျက်စောင်းထိုးလေသည်။

အဖွားအိုက... ဒီငရဲပြည်မှာတော့ ထောင်ဝါဒါ၊ ထောက်ဂိုက် ပါပဲ။

"နင်က ငါ့ကို အထင်သေးသလား။ ငါလည်း လူ့ပြည်တုန်းက မြေးတွေနဲ့ နေလာရတာပါနော်..."

နှစ်ယောက်သား စကားပြောရင်း လျှောက်သွားနေကြစဉ်။ အမှောင်နှင့်အတူ နှင်းထုများပါ တအိအိပြိုဆင်းလာကြပြီး ... ညည်တွားသံကြီးများကိုလည်း နေရာအနှံ့ ကြားလိုက်ရလေ၏။

"ဟော... ညရောက်တော့မယ်... အအေးဒဏ်နဲ့ အမှောင်ဒဏ်ကို ခံနိုင်ဖို့ ငါတို့နေရာရှာကြစို့..."

အဖွားအိုက သူ့စကားနှင့် အညီ... နေရာရှာနေ လိုက်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး။ သစ်ပင်အိုကြီး တစ်ခုကို သွားတွေ့ပြီး ထိုသစ်ပင်အိုရဲ့ သစ်ခေါင်းထဲသို့ အဥ္စလီကို အရင်ဝင်စေသည်။

"ဘယ်လို ဝင်လို့ရမှာလဲ အဖွားရဲ့ သစ်ခေါင်းကသေးပြီး ကျွန်မက ကြီးမားနေတယ်လေ···"

ပြောသော်လည်း·· အဖွားအိုက အဥ္စလီကို သစ်ခေါင်းထဲသို့ အတင်းထိုးသွင်းနေခဲ့လျှင် သူမမှာ မူးဝေ လန့်ဖျပ်ပြီး အသိကာန်အော်သာ မိလိုက်လေတော့သည်။





## အခန်း ( ၉ )

"အား···"

"အဥ္စလီ··· အဥ္စလီ သတိရပြီလား··· သတိရပြီလား"

ကြင်နာသောအသံ တစ်ခုကြောင့် နာကျင်မှုများကို သည်းခံပြီး အဥ္စလီ··· ဖြည်းညှင်းစွာ မျက်လုံးဖွင့်ကြည့်လိုက်လျှင် သူမ၏အနားမှာ သူမအားတွက် စိုးရိမ်ပူပန်နေသည့် ဦးသက်စံကို တွေ့လိုက်ရသည်။

"ဦးသက်စံ···"

"ဟုတ်တယ် ··· မင်းဆီက ပြန်ပြီး အိမ်ရောက်ရောက်ချင်းပဲ မင်းတို့ စားသောက်ဆိုင်က ဖုန်းဖက်တယ်လေ။ မင်း အရိုက်ခံရလို့ သတိမေ့နေတဲ့အကြောင်း··· မြတ်မွန်တဲ့ သူဆက်တာ··"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . ."

ဆိုင်က ကာဝန်မယူဘူးဘဲလား။ ဒါမှ မဟုတ် အမှုတွေ ဘာတွေပတ်မှာစိုးလို့ မသိချင်ယောင် ဆောင်လိုက်တာမျိုးလား၊ ဦးသက်စံကို အကြောင်းကြားပေးဖော်ရသည့်အတွက် . . . မြတ်မွန်ကို အဥ္ဇလီ ကျေးဇူးတင်လိုက်ပါသည်။

မျက်လုံးဖွင့်ထားရတာ ခေါင်းမူးသဖြင့် မျက်စိပြန်မှိတ်လျှင် ဦးသက်စံ၏ အသွင်ကပြာပြာသလဲ။

"အရမ်းအနေရ ဆိုးသလားဟင် . . . မင်းသတိမေ့နေတာ တစ်နေ့လုံးလုံးပဲ ကိုယ်စိုးရိမ်လိုက်ရတာ ကလေးရယ် . . ."

"အခု . . . ကျွန်မ ရောက်နေတာ ဆေးခန်းတစ်ခုခုလားဟင်"

သပ်ရပ်သော အခန်းလေးနှင့် အဆင်အပြင်ကြောင့် အထူးကု ဆေးခန်းတစ်ခုခုဟု သူမထင်လိုက်ခြင်းဖြစ်သည်။

"မဟုတ်ဘူး . . . ကိုယ့်အိမ်ပါ"

"ရှင် . . ."

မျက်ဝန်းတွေ ဆတ်ခနဲ ပြူးကျယ်သွားအောင် ပင် အဥ္ဇလီ ထိတ်လန့်သွားလျှင် ဦးသက်စံက သူမ၏ လက်ကလေးများကို ဆုပ်ကိုင် အားပေးခဲ့သည်။





"ဘာတွေ ကြောက်နေရတာလဲ ကလေးရယ် . . . မင်းကို ကိုယ့်ဖန်မလီ ဒေါက်တာနဲ့ ကုပေးပြီး နာစ့်လည်း ဂုဏ်ထားပေးပါတယ်။ အခု နာစ့် အခန်းပြင်မှာရှိပါတယ်။ ခေါ်လိုက်မယ်နော် . . ."

ကြားရသည့် စကားကြောင့် အဥ္ဇလီ အကြောက်ပြေသွားစဉ် သူက နာစ့်ကို ခေါ်လိုက်သည်။ အသက်ငါးဆယ်ခန့် နာစ့် ခပ်ဝဝ၏ ကြင်နာသော မျက်နှာကို မြင်လိုက်ရမှ အဥ္ဇလီ စိတ်သက်သာရာ ရသွားခဲ့ပါသည်။

"ဆိုင်က ဘာသတင်းမှ မမေးဘူးလား။ ဘာမှ လုပ်မပေး ဘူးနော်"

"ဒါ ထုံးစံပဲကွယ် အဥ္ဇလီကို ရှုတ်ရှုတ်ရက်ရက်လို့စွပ်စွဲပြီး အလုပ်ထုတ်ပစ်မှာတောင် သေချာသလောက်ပဲ။ မပူပါနဲ့ . . . ဒီအလုပ်က ထွက်ရမှ အေးမှာ . . ."

"ဒါဆို ကျွန်မကို ရိုက်တာ ဦးသက်စံ နိုင်းတဲ့ လူတွေလားဟင်"

အဥ္ဇလီမှာ မျက်လုံးမှိတ်ထားပေမယ့် ရင်ထဲမှ အတွေးကိုတော့ ခပ်ဘွင်းဘွင်း ဖွင့်မေးပစ်လိုက်သည်။ သူက ကိုယ့်နဖူးကိုယ်ရိုက်လေ၏။

"ကြံကြံဖန်ဖန် ဘေဘီရယ် မင်းပဲတွေးတတ်ပလေ . . . ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခလုတ်မထိ၊ ဆူးမငြိစေချင်သူပဲ။ ဘာလို့ ဒီလောက်ရက်ရက် စက်စက်ကြီး လုပ်မတဲ့လဲ။ အခု . . . မင်းခေါင်းမှာ ၅ ချက်ချုပ် လိုက်ရတယ်။ ဆံပင်တွေလည်း၊ နည်းနည်း ရိတ်ပစ်ရတယ် . . .”

“ရှင် . . .”

ခေါင်းမှာ ပတ်တီးစီးထားသည်ကို အလန့်တကြားစမ်းကြည့်ပြီး အဥ္စလီ မျက်ရည်ကျမိပြန်သည်။ ရုပ်ပျက်ဆင်းပျက်ကြီးပါလား။ သူမ . . . လူကြားထဲလူတောထဲကို ဘယ်လို ပြန်ဝင်ရပါ့မလဲ။

သူက . . . အဥ္စလီ မျက်ရည်များကို ကြင်နာစွာ သုတ်ပေးခဲ့ပါသည်။

“မငိုပါနဲ့ကွယ် . . . ကိုယ် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမှာပေါ့ . . .”

“ဟင့်အင်း . . . ကျွန်မ လူတစ်ဦး တစ်ယောက်ရဲ့ အစီအမံခံ၊ အထောက်အပံ့ခံ . . . ဘယ်တော့မှ မလုပ်ဘူး။ ကျေးဇူးပြုပြီး . . . ကျွန်မကို အိမ်ပြန်ပို့ပေးပါ . . .”

“အိမ် . . .၊ ဘယ်ကိုလဲ . . . အားသောက်ဆိုင်ကိုလား။”

“မဟုတ်ဘူး . . . ကျွန်မရဲ့ ဇာတိမြို့က အိမ်ကို၊ ဦးသက်စံ





အိမ်မှာ ကျွန်မ . . . မနေချင်ဘူး . . . နေရတာ လိပ်ပြာမသန့်ဘူး။ အိမ်သားတွေရော . . . ဘယ်ရောက်ကုန်ပြီလဲ . . .”

အဥ္စလီ ညည်းညူ ငိုကြွေးနေခဲ့လျှင် နာစ့်ကလည်း ဝင်ရောက် ဖြောင်းဖြခဲ့သည်။ “သမီးရဲ့ အနာက မကျက်သေးဘူးလေ၊ အနာရှိန်နဲ့ အခု အဖျားလည်း ဝင်နေတယ်။ နေကောင်းအောင် ၂-ရက်၊ ၃-ရက် လောက်တော့ နေလိုက်ပါဦး။ ချုပ်ရိုးလည်း ဖြေရဦးမယ်လေ၊ အနာကျက်မှ ပြန်ပေါ့ . . .”

“ဆေးခန်း တစ်ခုခုမှာ နေရတာကမှ ကောင်းဦးမယ် . . .”

ကလေးငယ်လေးလို ငိုကြွေးရင်း အဥ္စလီ တစ်မျိုးပြီး တစ်မျိုး အပြစ်တင်နေလျှင် ဦးသက်စံမှာ မျက်နှာညိုးငယ်စွာနှင့် ချော့မော့လေသည်။ ဆေးခန်းတင်ထားရမှာ စိတ်မချလို့ပေါ့။ ကိုယ့်မျက်စိ ရှေ့မှာ ကြည့်နေချင်လို့ပါကွယ်။ အခု ဘေဘီ့ကို လိုအပ်တဲ့ ကုသမှု ပြုစုမှုတွေ ပေးထားတယ်။ ၃-၄ရက်လောက်ဆို နေလို့ ကောင်းသွားမှာပါ။ ကိုယ့်အိမ်မှာ နေရတယ် ဆိုပေမယ့် နာစ့် ဒေါ်ဖြူဖြူ အေး အမြဲရှိနေမှာ ပါကွယ် . . .”

“ဒါဆိုလည်း . . . တဖက်သို့ လှည့်အိပ်ဖို့ပြင်လျှင် ချုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရသော အနာမှာ နာကျင်မှုက သည်းမခံနိုင်စရာ။ တကျွတ်ကျွတ် ညည်းရင်း အဒ္ဓလီ မျက်ရည်ကျနေရပြန်သည်။

"အနာကလည်း နာလိုက်တာ ရိုက်တဲ့ သူတွေကလည်း သေအောင် ရိုက်လိုက်ကြတာမဟုတ်ဘူး။ ဦးသက်စံနဲ့ ပတ်သက်မိလို့ ကျွန်မကို ရိုက်တာ။ အခုလို အိမ်ပေါ်ရောက်နေကြောင်းသာ သိရရင် လာသတ်ကြမှာပဲ..."

နာစ့်က သူမ အနာသက်သာအောင် ဆေးတစ်လုံး တိုးပေးနေပြီး ဦးသက်စံကတော့ ကြင်နာစွာ ဖျောင်းဖြချော့မော့ခဲ့ပါသည်။

"ဘာမှ မတွေးပါနဲ့ ကလေးရယ်... သက်သာအောင်သာနေပါ။ မင်းရှေ့မှာ ကိုယ်အမြဲတမ်းရှိနေမှာပါ။ မင်းဘဝအတွက် ကိုယ် အားလုံး တာဝန်ယူနိုင်ပါတယ်..."

ဘာတွေ ပြောနေမှန်းသည်း မသိဘူး။ သူနှင့်ကိုယ်ဟာ ရိုးစားတွေ ကျလို့။ သူဟာ သူမကို သစ်ခေါင်းထဲ အတင်းထိုးသွင်းနေတဲ့ အဖွားအိုသဖွယ်။

အဒ္ဓလီမှာ ခေါင်းတွေမူးနောက်လာသဖြင့် ဘာမှမတွေးဘဲ အိပ်ပျော်သွားဖို့ ကြိုးစားလိုက်သည်။ သို့သော်... မနေ့ကညမှ ယခု





ညသို့ပင် ပြန်ရောက်နေပြီမို့ ဗိုက်ထဲက အဆမတန် ဆာလာခဲ့ပြန်သည်။

"ဆာလိုက်တာ..."

သူမ၏အသံကြောင့် ဦးသက်စံက အပြင်သို့ ခေတ္တထွက်သွားပြီး သူပြန်ဝင်လာသျှင် နောက်မှ ... အဒေါ်ကြီးတစ်ဦး... ငွေလင်ဗန်း လေးကိုင်လျက် ကပ်ပါလာခဲ့သည်။

"စွပ်ပြုတ်နဲ့... မုန့်တွေ..."

"ထမင်း မစားရဘူးလား..."

"မစားရသေးဘူး ... မင်း... ဖျားနေတယ်လေ..."

သူပင် ဆရာကြီးလုပ်လျက် သူမကို... ထိုင်လျက် ပုံစံဖြစ်အောင် မြှင့်ထူးပေးခဲ့သည်။ နာစ့်နှင့် သူ့အလုပ်သမားက သူ့လူတွေမို့ ဦးသက်စံ မူပုံမရ။

နာစ့်က သူမကို... စွပ်ပြုတ်ခွံ့ကျွေးလျှင် သူက... နောက်မှ ပွေ့ထူပေးထားလေ၏။ အဒ္ဓလီ မနေတတ်ပါ။ ရှက်လွန်းလို့ လူကပူထူနေခဲ့ပြီ။

"ဖယ်ပါ... ဦးသက်စံ အပြင်ထွက်... အလုပ်ရှိတာသာ သွားလုပ်ပါ... ကျွန်မ... ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလုပ်က ဒါပဲလေ။ အရေးကြီးဆုံးက အဥ္စလီ ကျန်းမာဖို့ . . . အလုပ်တွေ တိုးဖို့ . . "

"အရေးထဲ . . ."

စွပ်ပြုတ်ကို ဝင်သာလောက်သောက်ပြီးလျှင် သူမ အိပ်ယာပေါ်မှ ပြန်လဲလျောင်းလိုက်သည်။

ဆေးရှိန်၊ အနာရှိန်၊ အဖျားရှိန် ကြောင့် အဥ္စလီ့တစ်ကိုယ်လုံး နုံးချိ မောပန်းလှပါပြီ။ သို့ပေမယ့် သူမ၏နှုတ်မှ တောင်းဆိုခဲ့သေးသည်။

"ကျွန်မ အိပ်တော့မယ် . . နာစ့် အန်တီကျေးဇူးပြုပြီး . . ကျွန်မကို သေသေချာချာစောင့်ပေးပါနော် . . ."

"စိတ်ချပါ သမီးရယ် . . . အန်တီ စောင့်ပေးနေပါ့မယ်"

ဒေါ်ဖြူဖြူအေး၏ ကာတိစကားသံကြားလိုက်ရမှ အဥ္စလီ အိပ်ပျော်သွားရတော့သည်။

အိပ်မက်ထဲမှာ ငရဲသို့ တစ်ခါထပ်မရောက်တော့ဘူး ထင်ပါသည်။





## အခန်း( ၁၀ )

နေ့လည်ဖက်များမှာ ဦးသက်စံသည် သူ့ကုမ္ပဏီသို့ သွားနေသဖြင့် အိမ်မှာ . . . အဥ္စလီ၊ ဒေါ်ဖြူဖြူအေးနှင့်သည် အိမ်မှ အထုပ်သမားဖြစ်သူ ဒေါ်မြခင်တို့သာ ရှိလေသည်။

ဘာလိုလိုနှင့် အဥ္စလီ . . သည် အိမ်မှာ လာသောင်တင်တာ ၅-ရက် ရှိချေပြီကော။

ဘဝသည် ရင်နင့်စဖွယ်။ ဘယ်ကနေ ဘယ်လို . . . သူမဟာ . . . သူ့ကို ရှောင်ပုန်းရင်းနှင့်ပင် သူ့အရိပ်အာဂါသို့ လာရောက်ခိုလှုံသလို ဖြစ်နေမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



အပျိုလေး တန်မဲ့နှင့် ယောကျ်ားတစ်ယောက်၏အိမ်မှာ ယောရောက်သောင်တင်နေရတာလည်း… လူကြားလျှင် ကဲ့ရဲ့ချင်သဖွယ်။

အို… ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရှေ့ပါဘူး အရှိန်အဟုန်ကောင်းလှသည့် သူမေတ္တာနှင့် အိုင်အတွင်းမှသူမ ရုန်းထွက်မှာပေါ့။

သူမ ဘဝ၏ရည်ရွယ်ချက်အတိုင်း ကိုယ့်ဘဝကိုယ် ဖြစ်အောင် လျှောက်လှမ်းရမည်။

အဥ္စလီ… ကိုယ့်ခေါင်းကိုယ် စမ်းကြည့်မိပြန်သည်။ ဆံပင်တွေ ဘယ်လောက်တောင် ညှပ်ထုတ်၊ ရိတ်ပစ်ခဲ့ရသလဲ။ ပတ်တီးမဖြေရ၊ ချုပ်ရိုးမဖြေရသေးသည်မို့ ကိုယ့်အနေအထား ကိုယ်မသိသေး။ ဆံပင်တော်ကို အဥ္စလီ နမျောတသ နေမိသည်။ တစ်ခေါင်းလုံးတော့ ရိတ်ပစ်ဟန်မမတူ။ ကျန်သေးသည်။

နာစ့် သန့်စင်ပေးထားသည့် ကိုယ်မှာ သူဝယ်ပေးထားသည့် ဂါဝန်ပျော့ပျော့လေး ဝတ်ဆင်ထားရသဖြင့် အဥ္စလီ အသွင်က အရုပ်ကလေး တစ်ရုပ်နှယ် လှပ၊ ချစ်စရာ ကောင်းနေရပါ၏။

သို့သော် အရုပ်ကလေးမှာ စိတ်တွေ မကြည်သာရှာ။

သူမ ဘာဆက်လုပ်ရမှာလဲ။ အဥ္စလီ ဘာဆက်လုပ်ရမှာလဲ။





သူမ၏အလုပ်က ရုပ်ကိုဗန်းပြပြီး စားပွဲထိုးရ၊ ညှော့ကြိုရသည့် အလုပ်။ ယခု… ဆံပင်တွေ ကွက်ရိတ်ပစ်လိုက်ရချေပြီ။ ရုပ်ပျက်ဆင်းပျက်ကြီးများ ဖြစ်နေလာမလား။

အလုပ်ပြုတ်တာထက်… သူမ၏ ယန္တရားကြီး မလည်ပတ်နိုင်တော့မှာက ပိုဆိုးသည်။ ရှိတာတွေ ရောင်းချ၊ ပေါင်နှံပြီး ကုန်သွားလို့ သူမက ကျောင်းဆက်ထားရသည့် မမနှင့် မောင်လေးကို ဘယ်လို လုပ်မလဲ။

အဥ္စလီ … မြတ်မွန်ဆီ ဖုန်းခေါ်လိုက်သည်။ "ဟဲလို… မြတ်မွန် အိပ်နေလား။ လာကြည့်ဖော်တောင် မရဘူး…"

နေ့လည် နေ့ခင်းမို့ မြတ်မွန်အိပ်နေခွင့် ရှိပါသည်။ သူမတို့ အလုပ်က နေ့မဟုတ် ည။ အဥ္စလီ အသံကြားရလျှင် မြတ်မွန် အားရပါးရ လိုက်လှဲ့စွာ ဖြေကြားခဲ့သည်။

"အဥ္စလီ… နေကောင်းသွားပြီနော်… ခေါင်းက ဘယ်နှစ်ချက် ချုပ်ရသလဲ… အဲဒီမှာ နေရတာ အဆင်ပြေရဲ့လား…"

"အဲဒါတွေ ထားစမ်းပါဦး။ ကိုယ်မနက်ဖြန် ပြန်လာခဲ့မယ်… ကိုယ့် သေတ္တာလည်း သေသေချာချာ သိမ်းထားတယ်မို့လား…"



www.burmeseclassic.com

www.burmeseclassic.com



အဥ္စလီ စကားအဆုံးမှာ··· မြတ်မွန့်ဖက်မှ စကားသံခေတ္တ တိတ်ဆိတ်သွားခဲ့သည် အတန်ကြာမှ·· မြတ်မွန် စကားသံထွက်လာ၏။

“စိတ်မကောင်းစရာပဲ အဥ္စလီရယ်··· ဆိုင်က··· မင်းကို ရွတ်ရွတ်ရက်ရက် လုပ်တယ်၊ ပြဿနာကောင်မလေးလို့ထင်ပြီး မင်းနေရာမှာ အစားသွင်းလိုက်ပြီး···”

“ဟင်···”

လောလောဆည်··· ခံပြင်းစိတ်ပေါ်လာပေမယ့် အဥ္စလီ စိတ်ကိုဖြေသိမ့်ရပါသည်။ ဒီတစ်ဆိုင်ပြုတ်တော့ နောက်တစ်ဆိုင်ပေါ့၊ ဟာ··· ဒီအလုပ်တွေ စိတ်ကုန်လှပါပြီ။ ဒီလိုပဲ··· ထိကပါး··· ရှိကပါး။

အို··· သူမ·· ဘယ်သူ့ကို အားကိုးချင်လို့ များပါလိမ့်။

စိတ်ကိုတင်းရင်း··· သူမ·· ခေါင်းခါနေမိခိုက် မြတ်မွန်က အဥ္စလီကို ဖြောင်းဖြနေခဲ့သည်။

“လွမ်းလောက်စရာ မရှိပါဘူး အဥ္စလီရယ်··· ကိုယ်နဲ့သိတဲ့ နောက်တစ်ဆိုင်ရှိတယ်။ ကိုယ်ဆက်သွယ်ပေးနိုင်ပါတယ်။ မင်း သေတ္တာတွေ ပစ္စည်းတွေ ကိုယ်သိမ်းပေးထားပါတယ်။ ဘယ်အချိန်မှ လာယူမှာပါ”





“ကောင်းပါပြီ သူငယ်ချင်းရယ်··· နောက်မှ ဖုန်းထပ်ဆက်မယ်နော် ···”

“ဟုတ်ပြီလေ·· နားလိုက်ဦးနော်··· စိတ်ကို ချမ်းသာအောင်နေပါကွယ်···”

ဖုန်းချလိုက်ပြီး··· အဥ္စလီ စိတ်တွေပျံ့လွင့်နေမိစဉ် အခန်းပြင်ဖက်မှ ဒေါ်ဖြူဖြူအေးနှင့် ဒေါ်မြခင်၏ အသံတို့ဝင်လာခဲ့သည်။

“ကျွန်မက ငယ်ငယ်ကတည်းက ဒီအိမ်မှာ အလုပ်လာလုပ်နေခဲ့တာ။ ဦးသက်စံက သိတ်သဘောကောင်းတာပါ။ သူ့သားလေးကလည်း လူတော် လူကောင်းပါဟဲ့။ မကောင်းတာက သူတို့အမေ”

“အေးဟ···”

“သူက ပေါ့ပေါ့ နေ။ ပေါ့ပေါ့ စားပဲ။ လမ်းထွက်ရတာ၊ ပွဲတက်ရတာ အင်မတန်ပျော်တဲ့ မိန်းမ။ သူ့မောင်တွေကလည်း ခပ်ဆိုးဆိုးပဲ။ နောက်တော့ စရိုက်ချင်း မတူလို့တဲ့ ကွဲသလား။ တစ်ခုခု ဖြစ်လို့ပဲ ကွဲသလားမသိဘူး၊ ကွဲသွားကြတာ။ ဆရာ့ကြည့်ရတာ ဒီကောင်မလေးအပေါ် အရမ်းဂရုစိုက်တာပဲနော်···”

ကိုယ့်အကြောင်းပါလာသဖြင့် အဥ္စလီ နားပိုစိုက်နေမိစဉ်··



www.burmeseclassic.com

www.burmeseclassic.com



အသံတို့က ပိုမိုတိုးလျှသွားသဖြင့် သူမ . . . မကြားလာတော့ပါ။

မကြားသာသည့်အတူတူ အဖွလိ . . . အိပ်ပစ်လိုက်ဖို့ပဲ ကြိုးစားလိုက်သည်။





## အခန်း ( ၁၁ )

အဖွလို့ခေါင်းမှ ချုပ်ရိုးဖြည်နေစဉ် ဦးသက်စံပါ အနားမှာ ရှိနေခဲ့သည်။ သူမ မျက်ရည်ကျနေမိတာ အနာနာလို့ထက်၊ ဆံပင်တွေ ကွက်ရိတ်လိုက်ရလို့ပဲ ဖြစ်လိမ့်မည်။

အဖွလီအခန်းထဲမှာ ဦးသက်စံ၊ ဆရာဝန်နှင့် ဒေါ်မြဖြူအေးတို့ ရှိနေကြပါသည်။

"ဆံပင်တွေ ကွက်ရိတ်လိုက်ရပေမယ့် ညည်းအလှမပျက်ပါဘူး။ ကျွန်တဲ့ ဆံပင်တွေက ဖုံးသွားမှာပါ။ တိတ်. . . တိတ် ဆရာသိပါတယ်။ ညည်း မျက်ရည်ကျနေတာ မလှမှာ ပူလို့မဟုတ်လား။ 'ဦးသက်စံ[illegible] လာပြီတရားချပါဦး . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် ဦးထွင့်ခိုင်က အဉ္စလီ့ကို စိတ်ပြေလက်ပျောက်ရှိရန် ပြောင်းဖြနေ၊ စနေခဲ့လျှင် ဦးသက်စံ၊ သူမ အနားသို့ ကပ်လာခဲ့၏။

"၅ ချက်ချုပ်ရတာဆိုတော့ ဦးနောက်များထိသွားမလာဆိုပြီး ပူနေရတာ ဒေါက်တာကြီးရဲ့ တော်ကြာ အရှုးအဖတ်တင်နေလိမ့်မယ် ဆိုပြီး တော်တော် စိတ်ပူနေရတာ . . ."

သူ့မျက်နှာက ခပ်တည်တည်။ အဉ္စလီမခံ နိုင်ဖြစ်ရတာပေါ့။

"ဘာဖြစ်လို့ အဖတ်တင်ရမှာလဲ။ အရှုးရှုး·· ကောင်းကောင်း ကျွန်မမှာ မိဘတွေရှိသားပဲ"

"ဟုတ်ပါတယ် . . . ကိုယ်ပြောတာက အဉ္စလီ အရှုးအဖတ် တင်မှာ စိုးတာကို ပြောတာပါ . . ."

ပတ်တီးဖြေပြီး၊ ချုပ်ရိုးဖြေပြီးသွားသည့်အခါ တစ်ပတ်လုံးလုံး မဖြီးမသင်ရ၊ ခေါင်းမလျှော်ရသည့် ဆံနွယ်များ အဉ္စလီ ပုခုန်းပေါ်သို့ အိနွဲ့စွာ ကျလာခဲ့ကြသည်။

"တွေ့လား·· ဆံပင်တွေ ဖုံးသွားပြီ၊ မင်းဒဏ်ရာပပေါ်တော့ဘူး တောခြေမှာ ရွှေယုန်နက်ကယ်၊ တိပ်ကွက်နဲ့လေး . . . မဖြစ်တော့ဘူး"

အဉ္စလီ ဆံနွယ်လေးများကို ကိုင်ကြည့်ပြီး သူ·· ပြောနေလျှင်





ဆရာဝန်ရော နာစ့်ပါ ရယ်မောလိုက်ကြသည်။ မရယ်နိုင်တာ အဉ္စလီပါပဲ။

ဇာတ်ဝင်ခန်း တစ်ခုပြီးသွားပြီ။ သူမ ဘာဆက်လုပ်ရမှာလဲ။ ပုခုန်းပေါ်မှ ဝန်ထုပ်ဝန်ပိုး နစ်ခုကလည်းမသေး။ သူမ၏ ယန္တရားတွေ ကမောက်မက မဖြစ်အောင် လမ်းဆက်လျှောက်ရဦးမည်။

သို့သော် . . . လောလောဆည်တော့ သူမအားရ၊ ပါးရ အိပ်ပစ်လိုက်ချင်ပါသည်။ ရင်ထဲမှ အမောတွေ အားလုံးပျောက် သွားအောင် အိပ်ပစ်လိုက်ချင်ပါသည်။

ဆေးကုသမှုတွေ ပြီးဆုံးပြီးသွားပြီမို့ အဉ္စလီဒီအိမ်မှ ခွာရတော့ မည်။ အလို . . . သူမကရော မခွာချင်ဘူးတဲ့လား။

ဆရာဝန် နှုတ်ဆက်ပြန်သွားလျှင် နာစ့်က ကားဆီသို့ လိုက်ပို့ ပေးနေသည်။

အခန်းထဲမှာ ဦးသက်စံနှင့် အဉ္စလီ နှစ်ယောက်ထဲ ကျန်တော့ သည်။

"ကဲ . . . မင်း ဘာတွေဆက်လုပ်မလဲ . . ."

သူမ၏ ကုတင်နားရှိ ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်ရင်း သူမေးလျှင် အဉ္စလီမျက်ရည်ဝဲရသည်။ ငိုချင်ရဲ့လက်တို့ ဆိုတာ ဒါမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဥ္စလီသူ့ကို အရှုံးမပေးနိုင်ပါ။ "ဘာဆက်လုပ်ရမလဲရှင့်။ ကျွန်မ . . ဟိုကို ပြန်မှာပေါ့ . . ."

"ဟိုမှာ မင်းအတွက် နေရာမရှိတော့ဘူးလေ . . ."

"အဲဒါ ရှင့်အကြောင်းမဟုတ်ဘူး။ အလုပ်တွေကို ပြည့်လို့။ စားသောက်ဆိုင်တွေကို ပြည့်လို့"

"ဒီလိုပဲ . . မင်းဘဝ တွင်းဆုံးကျသွားမှာ ကိုယ် မမြင်ချင်ဘူး။ မမြက်ရက်ဘူး . . ."

"နို့ . . . ကျွန်မကရော ဘာများတတ်နိုင်ဦးမှာလဲ။ကျွန်မ အကြောင်းတွေလည်း ရှင်သိပြီးသားပါလေ။ တစ်ပတ်လုံးလုံး ကျွေးမွေးပြုစု စောင့်ရှောက်ပေးထားတာ ကျေးဇူးတင်ပါတယ်။ ကျွန်မ . . အဆောင်ကို ခဏပြန်ပြီး အစီအစဉ်တွေ ချလိုက်ဦးမယ် . . ."

ကုတင်ပေါ်မှ အဥ္စလီထရပ်လျှင် . . . သူမ၏ ဦးခေါင်းက မိုက်ခနဲ"

ဘုရားရေ . . .။

သူမရဲ့ ရောဂါဟာ ရှင်းရှင်းမပျောက်သေးဘူးလား။

ထိန်းပေးထားသည့် ဦးသက်စံ၏ ရင်ခွင်မှာ ဟန်ချက်မပျက်





အောင် ခေတ္တငြိမ်နေမိစဉ်၊ သူ့အနမ်းများက မိုးသီးမိုးပေါက်တွေသဖွယ်၊ သူမ အပေါ်သို့ ကျလာခဲ့သည်။

အဥ္စလီ အံတင်းပြီး . . . သူ့ကို ခွဲခွာပစ်လိုက်၏။ သူ့ကို . . ရန်တွေ့ဖို့တောင် သူမမှာ အင်အားမရှိ။ ကုတင်ပေါ်မှ ခေတ္တပြန်ထိုင်လိုက်ရပုံကလည်း . . . မောပန်းနွမ်းလုစွာ။

"ရှင် ပြုစုစောင့်ရှောက်ရကဲ့အတွက် အဖိုးအခ ပြန်ယူလိုက်တာ ပေါ့နော်"

သူမ၏အသံက တိုးလျအက်ကွဲနာကျင်လျှက်။ သူက အဥ္စလီ့ လက်ကလေးများကို ယုယကြင်နာစွာ ဆုပ်ကိုင်ခဲ့သည်။

"နားလည်မှုတွေ မလွဲလိုက်ပါနဲ့ အချစ်ရယ် . . ခုချိန်ကစပြီး ကိုယ့် အစီအစဉ်တွေကိုပဲ လက်ခံ၊ လိုက်နာပါတော့ကွယ်။ကိုယ် . . . ဘောဘီ့အတွက် အကောင်းဆုံးတွေ စီစဉ်ပေးချင်တယ် . . ."

"ပြောကြည့်ပါဦး . . ."

သူနှင့် ကိုယ်ဟာ ဘာတွေ၊ ဘယ်လို မှန်းပင်မသိတော့။ သို့သော် . . . လောလောဆည် အဥ္စလီ အဖြစ်ကလည်း။ ရေနစ် နေသူသဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ အဉ္စလီကို အချိန်မရွေး လက်ထပ်ချင်တာပါ။ အတူနေချင်တာပေါ့။ ဒါပေမယ့် ဒီအစီအစဉ်ကို အဉ္စလီ မကြိုက်ဘူး မဟုတ်လား..."

"ဟုတ်တယ်။ ကျွန်မ မကြိုက်ဘူး။ ကျွန်မ ဦးသက်စံကို မယုံကြည်ဘူး။ ဘာမှန်းညာမှန်းလည်း မသိဘဲနဲ့"

"ဟုတ်ပါပြီ ... ထားပါ။ ဒီတော့ ရှဉ့်သည်းလျှောက်သား ပျားလည်းစွဲသား... အဉ္စလီ အဆောင်တစ်ခုခုမှာ ထားနေပါ။ နောက်ပြီး အတတ်ပညာတစ်ခုခုကို သင်ပါ။ အဉ္စလီ... ဆယ်တန်းတော့ အောင်ထားတယ် မဟုတ်လား..."

"ဦးသက်စံ ပြောတာတွေ ကျွန်မတစ်ခုမှ နားမလည်ဘူး။ အဲလိုနေဖို့ ကျွန်မ... ဘယ်က ပိုက်ဆံရမှာလဲ။ ပြီးတော့ ကျွန်မမှာ တာဝန်တွေရှိသေးတယ်။ ကိုယ့်တစ်ဝမ်း တစ်ခါးအတွက်တင် မဟုတ်ဘူးလေ..."

"ကိုယ်ပေးမှာပေါ့ကွယ်... မင်းအခက်ခဲပြေအောင် အားလုံးကိုယ်ဆောင်ရွက်ပေးမှာပေါ့..."

ဦးသက်စံ၏ စကားကိုကြားရလျှင် အဉ္စလီ ထိတ်လန့်သွားခဲ့သည်။





"ကြံကြံဖန်ဖန်ရှင်... ဒါဆို ကျွန်မက ရှင့်ရဲ့ အထောက်အပံ့ခံဖြစ်သွားမှာပေါ့။ သဘော သဘောတွေကို အဉ္စလီ နားလည်ပါတယ် အဉ္စလီ အဲလိုအဖြစ်မခံနိုင်ဘူး။ အဉ္စလီ ရည်ရွယ်ချက်ရှိတယ်။ ပန်းတိုင်ရှိတယ်။ မြင့်မြင့်မားမားကြီး မဟုတ်ပေမယ့်... ဘဝကို လေဆန်၊ ရေဆန်၊ လှော်ခတ်ပြီး... သန့်စင်စွာ တည်ဆောက်သွားမှာ။ ရှင့်အစီအစဉ်တွေကို ကျွန်မ... ဖျက်တယ်..."

အဉ္စလီ အသံထွက်လာနိုင်ပေပြီ။ အသံတွေ ကျယ်လောင်လောင်နှင့်ပင် ဦးသက်စံကို သူမဆွေးနွေးနေလေ၏။ သူမ၏ နှုတ်မှ စကားသံများ တဖွဖွ ထွက်ပေါ်နေလေ၏။

"အမိပွါးယ်မရှိလိုက်တာ... အဲလို ထောက်ပံ့တဲ့ အမိပွါးယ်က ဘာလဲ..."

သူ့ကို မကြည့်ဘဲ၊ မျက်မှောင်ကျုံ့လျှက် အဉ္စလီ အလိုမကျဖြစ်နေလျှင် ဦးသက်စံက သူမနှင့် မျက်နှာချင်း မျက်လုံးချင်းဆိုင်အောင် ငွဲ့ယူတည့်တည့် ကြည့်ခဲ့သည်။

ကြည့်စမ်း... ခုတောင် ဒီလိုပုံမျိုးဆက်ဆံနေလျှင်..."

"အမိပွါးယ်က မင်းကို ချစ်လို့ပေါ့ ကလေးရယ်... တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ လက်ထပ်မယ်ဆိုတဲ့ သဘောပေါ့··· ကိုယ်ဘာမှ နားမလည်ဘူး။ ဒီလောက်သုံးလိုက်ရလို့ ကိုယ်ဘာမှ ဖြစ်မသွားပါဘူး။ မင်းဘဝ··· ကမောက်ကမ ဖြစ်သွားမှ ကိုယ်မမြင်ချင်ဘူး။ မင်းဘဝ တစ်ခုလုံး အဆင်ပြေနေစေချင်တယ်။ ကိုယ့်အနားကလည်း အဝေးကြီးကို ခွဲမသွားစေချင်ဘူးလေ။ အထောက်အပံ့ခံဆိုတဲ့ စကားလုံးက ရင့်သီးပါတယ် ကလေးရယ်။ ချစ်သူချင်း နားလည်မှု အပြည့်နဲ့ စီစဉ်ဆောင်ရွက်ပေးနေတယ်လို့သုံးပါ···"

ဦးသက်စံ လက်ထဲမှ ကိုယ့်မျက်နှာကို အဠလီ ပြန်ဆွဲယူလိုက်သည်။ အချစ်ဆိုတာကို အဠလီ ခံစားလို့မရသေး။ ဒါဟာ··· ထောင်ချောက်တွေပဲ။ မယာတွေပဲ။ ဒီလိုနဲ့ပဲ လုံးပါးပါးသွားမှာပေါ့။

"မဟုတ်သေးပါဘူး··· ဦးသက်စံ ပြောတာတွေ ကျွန်မ လက်ခံလို့မရသေးဘူး။ ဦးသက်စံ ချစ်တယ် ဆိုတာလည်း ကျွန်မယုံလို့ မရသေးဘူး··· ကျွန်မ··· တစ်ခုခုဖြစ်သွားမှ သိတ်စိုးရိမ်တာပဲ·· အမေ ပြောဖူးတယ်··· မိန်းကလေးတစ်ယောက်ရဲ့ အပျိုစင်ဘဝဆိုတာ ထိန်းထား[illegible]တာသာ ကြာတာ၊ ပျက်သွား[illegible]ကာ တစ်ခဏလေးရယ်·· တဲ့။ ပျိုချင် တစ်ဘဝ၊ အိုချင်တစ်ခဏတဲ့···"





"ဘာတွေ ပြောနေမှန်းလည်း မသိဘူးကွာ··· အကြောက်ကို လွန်နေတာပဲ။ ပြီးတော့ ကြောက်သာကြောက်တယ်။ လုပ်လိုက်တော့လည်း တလွဲချည်းပဲ။ စားပွဲထိုး၊ ညှော်ကြို လုပ်ဆိုတာကမှ··· ကျားငစဉ်းလဲတွေ ရဲ့ ဟန်ရေးပြတဲ့အလုပ်··· သိလား။ ကဲ··· စကားမရှည်နဲ့တော့ ကိုယ်စီမံတာပဲ နာခံ။ မင်းကို ကလီကမာ မလုပ်ပါဘူး အချစ်ရယ်။ လုပ်ချင်ရင် ကိုယ့်မှာ တိုက်ခန်းတွေ ရှိသားပဲ။ တိုက်ခန်းတစ်ခုခုမှာ ထားမှာပေါ့။ အခု ရိုးသားချင်လို့ပဲ··· အဠလီကို အဆောင်တစ်ခုခုမှာ နေနိုင်းတာလေ။ ရှေ့ရေးအတွက် အသုံးဝင်မယ့် သင်တန်းတစ်ခုခုကို တက်။ ကိုယ့် တာဝန်လည်း ကိုယ်ဆက်ထမ်း။ လိုတာ ဘီလ်တင်ပေတော့ ကိုယ်ရှင်းမယ်"

"အဖိုးအခက··· ဘာပြန်ပေးရမှာလဲ···"

"အား မေးခွန်းက ရက်စက်တယ်ကွာ··· စိတ်ချမ်းပါ အချစ်ရယ်··· မစားရက်လို့ တမင်လွှတ်ပေးထားတဲ့ သမင်လေးပါ ဘာတွေမှ တွေးပူမနေနဲ့။ မင်းစိတ်ထဲမှာ ကိုယ်ဟာ မင်းရဲ့ရှီးစားလို့ သဘောပေါက် လက်ခံထားရင် တော်ပါပြီ···"

ဘာပဲဖြစ်ဖြစ်··· လောလောဆည်··· မှီတွယ်ရာမဲ့နေသူ



www.burmeseclassic.com

www.burmeseclassic.com



တိမ်ကလေးခဗျာ··· သူ့နည်းလမ်းကိုပဲ လက်ခံရတော့ မှာပေါ့။

အဥ္စလီ သက်ပြင်းရှည်ကြီးချပြီး မျက်စိမှိတ်လိုက်မိလျှင်··· သူက အားပေးနေပြန်သည်။

"စားပွဲထိုး မလုပ်ရလို့တော့ စိတ်မကောင်းမဖြစ်ပါနဲ့ ကလေးရယ်··· ကိုယ့်ကိုသာ အမြန်ဆုံး အကဲခတ်၊ ခေါင်းညိတ်ဖို့ ကြိုးစားပေတော့။ လေ့လာ နေရင်းနဲ့ပဲ ခံပြုံး သွားကြွေ ဖြစ်သွားမှာ စိုးလို့ပါ။"

"ဒါတော့ မပူနဲ့ရှင် အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုပ်ထိုး···"

"အဲလိုသာ ခေတ်နောက်ကျကျန်ခဲ့··· သီလား၊ ခုခေတ်ကောင်မလေးတွေက သွက်တယ်··· တော်ကြာ မင်းကျန်ရစ် ဖြစ်ဦးမယ်"

"ကိစ္စမရှိဘူး··· ဖြစ်··· ဖြစ်"

"အဲဒါ··· မင်း တကယ် မချစ်လို့ ပြောတာ···"

ဦးသက်စံ၏ စကားကို အားနာသဖြင့် အဥ္စလီ မပြောတော့ပါ။ တကယ်လည်း သူ့ကို ချစ်မှု မချစ်ရဲသေးတာလေ။ သံသယတွေ တစ်ထွေကြီးနဲ့မို့။





## အခန်း(၁၂)

"ကိုယ်ကြီးရယ် ကျွန်မ အားနာလိုက်တာ··· ကျွန်မကို ပိုက်ဆံတွေ အလကားပေးနေရတယ်နော်···"

တစ်ခုသော ညနေခင်းမှာ အဥ္စလီထံ သူရောက်လာခဲ့သည်။ လမင်းပြာ ကုမ္ပဏီပိုင်ရှင်ကြီး ဦးသက်စံက အဥ္စလီကို စိတ်ရှည်ညှင်သာစွာ ပြုံးပြခဲ့သည်။ အဆောင်ဧည့်ခန်းထဲမှာ သူနှင့်ကိုယ် နှစ်ယောက်ထဲ။ ကျန်စုံတွဲများကတော့ ရောက်သည်ဆိုလျှင် တစ်နေရာရာသို့ ထွက်သွားတတ်ကြလေသည်။

သူက အဥ္စလီလက်ကလေးများကို ယုယစွာ မချင့်မရဲဖြစ်စွာနှင့် ဆုပ်ညှစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အလကားပေးရတာယ် ဟုတ်မလဲကွယ်··· အဥ္ဇလီကို ချစ်ရတဲ့အတွက် ကိုယ့်ဘဝတစ်ခုလုံး အဓိပ္ပါယ်ရှိလာတယ်၊ စိုပြည်လာတယ်။ ကိုယ့်အသက်ဟာ လေးဆယ်ကျော်လာပြီမို့ တရားဘာဝနာဖက်ကို လိုက်စားသင့်ပြီးလားတော့ မသိဘူးပေါ့လေ၊ ဒါပေမယ့် ကိုယ်က ဘယ်အလုပ်ကိုမှ·· စိတ်မပါဘဲနဲ့ မလုပ်ချင်ဘူး။ အရှိန်အဟုန်ပြင်းပြင်းနဲ့ စီးဆင်းနေတဲ့ ကိုယ့်စီးပွားရေး လုပ်ငန်းတွေကို တစိုက်မတ်မတ် လုပ်ဆောင်နေရတဲ့အခါ·· ပထမတော့ ကိုယ်ပျော်သလိုပဲ၊ စီးပွားရေးတွေ အောင်မြင်လာတာကိုး။ ဒါပေမယ့် အထီးကျန်နေရတဲ့ ဘဝကြီးက ··· ကိုယ့်ကို သွေ့ခြောက်ခြင်းငွေ့စေတယ်···"

"ကိုယ်ကြီးအနားမှာ ကောင်မလေးတွေ ဝိုင်းနေမှာပါ···"

"ဟုတ်ပါတယ်·· ဒါပေမယ့် အားလုံးဟာ အတုအယောင်တွေချည်းပါပဲ။ ဆန်ပေးမှ ဆေးရတဲ့ ဆက်ဆံရေးတွေကို·· ကိုယ်မလိုချင်ဘူး အသားတစ်တွေကို ဝါးစားရတဲ့ သမင်နဲ့ ကျား··· ဇာတ်ကွက်တွေကိုလည်း ကိုယ်မလိုချင်တော့ဘူး·· ရင်ထဲမှာ တစိမ့်စိမ့်ကြည်နူး ပီတိဖြစ်ရတဲ့ အေးချမ်းတဲ့ ချစ်ခြင်းမေတ္တာတွေကိုပဲကိုယ် အလိုရှိတော့တယ်···"

သူ့စကားတွေက အဆန်းတကြယ်ပါပဲ၊ သူဟာ လူလည်ကြီးမို့





အရာအားလုံးကို သိပြီး၊ တတ်ပြီး၊ နှံ့စပ်ပြီး သူလည်းဖြစ်ပေမည်။

"ကိုယ်ကြီးပြောတာတွေ ··· အဥ္ဇလီ နားမလည်ဘူး။ ဒါပေမယ့်လေ ခုလို ဘာအလုပ်မှ မလုပ်ရဘဲ··· ကိုယ်ကြီးတက်နိုင်းတဲ့ သင်တန်းတွေတက်၊ ကိုယ်လိုတဲ့ ပိုက်ဆံတောင်းနေရတဲ့အခါ အားနာတာတော့ အမှန်ပဲ။ အဥ္ဇလီကို အလုပ်တစ်ခုခု လုပ်ခိုင်းပါလားဟင်။ ကိုယ်ကြီးရဲ့ ကုမ္ပဏီမှာဖြစ်ဖြစ် အလုပ်လုပ်ချင်တယ်"

သူ့ကို မော့မော့လေးကြည့်ပြီး အဥ္ဇလီပူဆာနေပုံက သနားစဖွယ်၊ ဦးသက်ဝံမှာ ကရုဏာသက်ရပါ၏။ သူတွေ့ဖူးသည့် ကောင်မလေးများလို တစ်ခုပြီးတစ်ခု ပူဆာဖို့ဝေးလို့··· သူဝယ်ပေးသည့်အခါများမှာတောင် ပျာနေအောင် ငြင်းတတ်၊ အားနာတတ်သည့် ကောင်မလေးပါပင်။

"အလုပ်ပဲကွာ ··· နောက် မသေမချင်း လုပ်နေရမှာပါ ခုလိုကိုယ်ကြီး ထားတဲ့အတိုင်းနေပြီး၊ ကိုကြီး စကားကိုနားထောင်နေတာလေးကိုပဲ ကျေးဇူးတင်လှပါပြီ··· အားမနာနဲ့ ချာတိတ်ရဲ့၊ ဒီလောက်ငွေကလေးဟာ ··· ကိုကြီးတို့ အတွက်တော့ အသေးအဖွဲ့ပါ။ ဘာမှ အပန်းမကြီးပါဘူး။ ကဲ ··· တော်ပါကွာ ··· ချစ်သူချင်းတွေ့ရတဲ့ အခိုက်အတံ့လေးမှာ အဖိုးတန်တဲ့ စကားတွေပဲ ပြောကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တဲ့ စကားတွေ မပြောနဲ့တော"

ညှော့ခန်းဆက်တီကိုမှီပြီး ငြိတ်သက်စွာနေရင်းမှ သူက အဥ္စလီကို တစိမ့်စိမ့်ကြည့်နေခဲ့သည်။ အို . . . သူမျက်လုံးတွေဟာ အရည်လဲ့ပြီး တလက်လက် စိမ်းမြ . . . လို့။ အဥ္စလီမှာ ရှက်ရွံ့ရင်ခုန်လာခဲ့သည်။ စကားတွေကလည်း တိုးလျှုညင်သာ။ သို့သော် တောင်စဉ်ရေမရတွေပါပဲ။ အဥ္စလီကို သူက နီးမိုးလွှန်းလှသည်မို့ စကားတွေလည်း အစီအစဉ်မဲ့ ကုန်ခဲ့ပါပြီ။

"ကိုကြီးလည်း ကျွန်မကို ချစ်ရတာ မြင်းမိုရ်တောင်ကို ဆီးစေ့နဲ့ ပေါက်နေရသလိုပဲနော် . . ."

သူမ၏ တုန်ယင်သော စကားသံလေးကို သူက ရယ်မော ပေမယ့် ထောက်ခံခဲ့သည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ ကိုကြီးအချစ်က မြင်းမိုရ်တောင်။ အဥ္စလီက ဆီးစေ့နဲ့ ပေါက်နေတာ။ ပြုတောင် မပြုဘူး . . . ထပ်ပေါက်အုံး။ အခါတစ်ရာလောက် . . ."

သူက အဥ္စလီကို ဘာမှမလုပ်ဘဲနှင့် ကြည့်ရုံသာ ကြည့်နေခဲ့ သော်လည်း အဥ္စလီမှာ ဆောက်တည်ရာ မရခဲ့ရှာ။ ဘာတွေပြောမိမန်း





မသိသည့် ကိုယ့်ကိုယ်ကို တိတ်တခိုး ကျိန်ဆဲရင်း . . . အရှက်သည်း လွန်းရသည့် မျက်နှာလေးကို ဘယ်အနားသွား ထားရမှန်းလည်း မသိတော့နော်။

"ကိုယ်ကြီး ပြန်တော့ဗျာ . . . အဥ္စလီ မနေတတ်တော့ဘူး ခဏခဏလည်း မလာနဲ့ . . ."

"ဟုတ်ရဲ့လား တော်ကြာမှ အိပ်ယာထဲမှာ ကိုယ့်ကိုလွမ်းလို့ဆိုပြီး မျက်ရည်ကျ မနေနဲ့နော်။ တစ်နေ့တစ်ခါလောက်တော့ လာပါရစေ။ ကျောင်းအာ်မရယ်. . . တော်ကြာ ကောင်မလေးတစ်ယောက် လည်ပင်းကြီးရှည်ပြီး ပဒေါင်းမလေး ဖြစ်သွားမှာစိုးလို့ပါ။

အပြောကောင်းပြီး ကြင်နာတတ်သည့် ကိုကြီးကို၊ ယခုတော့ အဥ္စလီ အရမ်းချစ်မိနေပါပြီ။ အချစ်ဆိုတာလည်း အဆန်းတကြယ် ပါပဲလား။ ဘယ်လို ကန့်သတ်ချက်တွေမှ မလိုအပ်ပါပဲ အလိုလို ဖူးပွင့်တတ်သည့် မေတ္တာပန်းကလေးကို အချစ်ဟု ခေါ်သည်ထင်ပါသည်။

အဥ္စလီခမျာ သနားစရာကောင်းအောင်ပင် ရှက်နေသောအခါ ကိုကြီးက ပြန်ဖို့ပြင်တော့သည်။

"ကဲ . . . အရှက်လွန်ပြီးလည်း သေသွားပါဦးမယ်။ ဒီနေ့မနက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်တဲ့ စကားတွေ မပြောနဲ့တော့"

ညှော်ခန်းဆက်တီကိုမှီပြီး ငြိတ်သက်စွာနေရင်းမှ သူက အဥ္စလီကို တစိမ့်စိမ့်ကြည့်နေခဲ့သည်။ အို . . . သူမျက်လုံးတွေဟာ အရည်လဲ့ပြီး တလက်လက် စိမ်းမြ . . . လို့။ အဥ္စလီမှာ ရှက်ရွံ့ရင်ခုန်လာခဲ့သည်။ စကားတွေကလည်း တိုးသျှည်သာ။ သို့သော် တောင်စဉ်ရေမရတွေပါပဲ။ အဥ္စလီကို သူက စီးမိုးလွှမ်းလာသည်မို့ စကားတွေလည်း အစီအစဉ်မဲ့ ကုန်ခဲ့ပါပြီ။

"ကိုကြီးလည်း ကျွန်မကို ချစ်ရတာ မြင်းမိုရ်တောင်ကို ဆီးစေ့နဲ့ ပေါက်နေရသလိုပဲနော် . . ."

သူမ၏ တုန်ယင်သော စကားသံလေးကို သူက ရယ်မော ပေမယ့် ထောက်ခံခဲ့သည်။

"ဟုတ်တယ်၊ ဟုတ်တယ်။ ကိုကြီးအချစ်က မြင်းမိုရ်တောင်။ အဥ္စလီက ဆီးစေ့နဲ့ ပေါက်နေတာ၊ ပြုံတောင် မဖြုံဘူး… ထပ်ပေါက်အုံး။ အခါတစ်ရာလောက် . . ."

သူက အဥ္စလီကို ဘာမှမလုပ်တဲ့နှင့် ကြည့်ရုံသာ ကြည့်နေခဲ့သော်လည်း အဥ္စလီမှာ ဆောက်တည်ရာ မရခဲ့ရှာ၊ ဘာတွေပြောမိမှန်း





မသိသည့် ကိုယ့်ကိုယ်ကို တိတ်တခိုး ကျိန်ဆဲရင်း . . . အရှက်သည်း လွန်းရသည့် မျက်နှာလေးကို ဘယ်အနားသွား ထားရမှန်းလည်း မသိ တော့နော်။

"ကိုယ်ကြီး ပြန်တော့ဗျာ . . . အဥ္စလီ မနေတတ်တော့ဘူး ခဏခဏလည်း မလာနဲ့ . . ."

"ဟုတ်ရဲ့လား တော်ကြာမှ အိပ်ယာထဲမှာ ကိုယ့်ကိုလွမ်းလို့ဆိုပြီး မျက်ရည်ကျ မနေနဲ့နော်။ တစ်နေ့တစ်ခါလောက်တော့ လာပါရစေ။ ကျောင်းအစ်မရယ်… တော်ကြာ ကောင်မလေးတစ်ယောက် လည်ပင်း ကြီးရှည်ပြီး ပဒေါင်းမလေး ဖြစ်သွားမှာစိုးလို့ပါ။

အပြောကောင်းပြီး ကြင်နာတတ်သည့် ကိုကြီးကို၊ ယခုတော့ အဥ္စလီ အရမ်းချစ်မိနေပါပြီ။ အချစ်ဆိုတာလည်း အဆန်းတကြယ် ပါပဲလား။ ဘယ်လို ကန့်သတ်ချက်တွေမှ မလိုအပ်ပါပဲ အလိုလို ဖူးပွင့် တတ်သည့် မေတ္တာပန်းကလေးကို အချစ်ဟု ခေါ်သည်ထင်ပါသည်။

အဥ္စလီခမျာ သနားစရာကောင်းအောင်ပင် ရှက်နေသောအခါ ကိုကြီးက ပြန်ဖို့ပြင်တော့သည်။

"ကဲ… အရှက်လွန်ပြီးလည်း သေသွားပါဦးမယ်။ ဒီစနေ့မနက်



www.burmeseclassic.com

www.burmeseclassic.com



ကျရင်အိမ်မှာ ထောပတ်ထမင်းချက်မယ်၊ အဥ္ဇလီကိုလာခေါ်ပေးနော်၊ လိုက်မယ် မဟုတ်လား···"

အဥ္ဇလီ ခေတ္တတော့ တွေဝေသွားခဲ့သည်။ သို့သော်ညီ ချစ်သူ အိမ်သည် သားရဲတွင်းကြီးမဟုတ်နိုင်၊

"လိုက်မှာပေါ့ ကိုကြီးနဲ့ဆို ဟိုး ငရဲပြည်ထိ···"

"သတိတော့ထားနော် အဲဒီနေ့ကျ ကိုယ်ကြီး သိပ်ချစ်သွားအောင် ပြင်မလာခဲ့နဲ့···"

"အင်းပါ··· မျက်နှာကို အိုးမည်းသုတ်ပြီး လူတစ်ကိုယ်လုံး ငံပြာရည်တွေ ဆမ်းလာခဲ့မယ်···"

"ဒါဆို အတော်ပဲပေါ့၊ တစ်ခါတည်းအိုးထဲ တည့်ပြီး ကျော်စား လိုက်ရုံပဲ···"

ရယ်ရယ်မောမောနှင့် သူကားလေးထွက်ခွာ သွားသည့်အခါ သူ့ဆွဲညှစ်ခဲ့သည့် ပါးပြင်လေးကို လက်ဖဝါးနှင့်အုပ်ရင်း အဥ္ဇလီ ကိုကြီးကို စတင်လွမ်းဆွတ်ပါတော့သည်။

"အဥ္ဇလီ ဖုန်းလာနေတယ်"

အဆောင်ပိုင်ရှင် အန်တီမေ၏ အသံကြောင့် ကိုကြီး၏





ကားလေးကို ငေးကြည့်နေမိသည့် အဥ္ဇလီမှာဆတ်ခနဲ တုန်သွားမိလေသည်။ သူတို့ အဥ္ဇလီကို ခြိမ်းခြောက်နေကြတာ မရပ်မနားတော့ဘူးလား။ နားမထောင်ဘဲ နေလျှင်လည်း အခြားနည်းများဖြင့် ခြိမ်းခြောက်ကြဦးမှာမို့ အန်တီမေ့နောက်သို့ အဥ္ဇလီလိုက်သွားရပါသည်။

အဥ္ဇလီ ဖုန်းကိုင်လိုက်သည့်အခါ အနားမှာ အန်တီမေမရှိတော့ပါ။

"အဥ္ဇလီပါရှင်"

"ကောင်းပြီ အဥ္ဇလီ မင်းကိုငါတို့ သတိပေးတာ အကြိမ်ကြိမ်ရှိပြီနော်၊ မင်းခေါင်းကို မင်းပြန်စမ်းကြည့်စမ်း။ ဆံပင်တောင် ပြန်ပေါက်သေးရဲ့လား··· လို့"

"ရှင်တို့ အရူးတွေပဲ···"

"ငါတို့ မရူးဘူး။ မင်းသာ အရူး၊ သူ့မှာ အိမ်ထောင်ရှိတယ်။ သားရှိတယ်၊ မင်းနောက်ဆုတ်လိုက်ပါ"

"သူပြောတာ ကျွန်မယုံတယ်။ သူ့ဇနီးက အခုနောက်အိမ်ထောင်နဲ့ဆို···"

"မင်း စုံစမ်းကြည့်ပါလား။ ဟုတ်၊ မဟုတ် သိရအောင် ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ တစ်ခုပြောမယ်၊ ငါတို့ အန္တရယ်ပေးမယ်ဆိုတာ မယုံရင်ထပ်ပြီး သတိပေးလိုက်ဦးမယ်။ ခုည ··· မင်းရဲ့ မျက်ခုံးမွေးတစ်ဖက်ကို ရိတ်ဖြစ်အောင် လာရိတ်ပြမယ် သိလား···"

"လုပ်လို့ရရင် လုပ်ကြည့်လေ ··· ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် ခုစနေ သူ့အိမ်ကို မင်းမသွားရဘူး၊ နောက်ဆုတ် လိုက်ပါ မိန်းကလေး···"

တစ်ဖက်မှ စကားများကြောင့် အဥ္စလီစိတ်တွေ ရှုတ်ထွေး နောက်ကျိသွားရသည်။ သူမ ဘာဆက်လုပ်ရမှာလဲ။ သူဟာ အိမ်ထောင် လက်ရှိ··· ရှိဆဲ ဆိုလျှင်တော့ အဥ္စလီ မစဉ်းစားလိုပါ။

သူမ အတန်ကြာ ငြိမ်သက်နေမိလျှင် တစ်ဖက်မှ အသံထွက် လာခဲ့ပြန်သည်။

"ဘယ်လိုလဲ နောက်ဆုတ်မှာလား။ ရှေ့တိုးမှာလား"

"ရှင်တို့ ကိုယ့်လူကိုယ်ပြောပါလား။ ကျွန်မကို ဘာလို့ စိတ် အနှောက်အယှက်ပေးနေရတာလဲ···"

"ကောင်းပြီလေ မင်းဒီလောက် ခေါင်းမာနေရင် ဒီည မင်းကို"





"အို မလုပ်ပါနဲ့ မျက်ခုံးမွေးတော့ မရိတ်ပါနဲ့···"

"ဒါဆို ပါးကို အိုးမဲ သုတ်ပြမယ်··· ဒါပဲ···"

တစ်ဖက်မှ ဖုန်းချသွားခဲ့လျှင် အဥ္စလီ ကြောက်ရွံ့ကျန်ခဲ့သည်။ သူတို့ပြောသလို ဦးသက်စံကို အဆက်အသွယ် ဖြတ်ရမှာလား။

တွေးရုံနှင့်တောင် ရင်ထဲမှာ နာကျင်မိအောင်ပင် သူ့ကို ချစ်မိ သွားတာကြောင့် ရှုံးရပါတော့မည်။

နောက်တစ်ကြောင်းက ငွေရေး ကြေးရေးပါ၊ ငွေရေး၊ ကြေးရေး ကတော့ သူမ အလုပ်လုပ်လျှင် ပြေလည်နိုင်ပါသေးသည်။

သို့သော် ရေကိုတားလို့ အကြားမထင်နိုင်လောက်အောင်ပင် ချစ်မိနေကြသူများမို့ ဘယ်လိုက ဘယ်လို စဉ်းစား ဆုံးဖြတ်ရမည်မှန်းပင် အဥ္စလီ မသိနိုင်တော့ပါချေ။

ယံခုည··· သူတို့ ပြောသလို အိုးမည်းသုတ်နိုင်၊ မသုတ်နိုင် စောင့်ကြည့်ရပါဦးမည်လေ၊

"ဟင်"

အဥ္စလီ အိပ်ရာမှ နိုးသောအခါ ည ၂ နာရီခွဲရှိနေပြီ။ ညနေ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချောက်စကားကြောင့် ဝိုးရိပ်စွာဖြင့် မှန်ကြည့်မိလျှင် သူမ၏ မျက်နှာမှာ အိုးမည်းတွေနှင့်။

အဥ္ဇလီ ထိတ်လန့် ကြောက်ရွံ့သွားသည်မှာ ဆိုဖွယ်မရှိတော့၊ နှစ်ယောက် အတူနေရသည့်အခန်းပေမို့ အတူနေ အခန်းဖော်ကို လှမ်းကြည့် လိုက်တော့လည်း သူကုတင်ပေါ်မှာ နှစ်ခြိုက်စွာ အိပ်ပျော်လျှက်။

ဂျက်ချထားသည့် အခန်းတံခါးကို အဥ္ဇလီလှမ်းကြည့်မိပြန်သည်။

"အို..."

အခန်းတံခါးက ပွင့်လျှက်သား။ ညက သေချာစွာ ပိတ်ထားသော တံခါးသည် အဘယ်ကြောင့် ပွင့်နေရပါသနည်း။ အခန်းတံခါးကို ချက်ချင်းပြေး ပိတ်လိုက်သော်လည်း အဥ္ဇလီ အကြောက်မပြေ။ သူမ၏ ပါးကို အိုးမည်းသုတ်ရုံတင်မကဘဲ ဓါးနှင့် ထိုးခွဲသွားလျှင် ရော သူမဘာ တတ်နိုင်မည်နည်း။

အဥ္ဇလီ စိတ်ထဲမှာ ပူထူ၊ ကြောက်လန့်နေမိသမျှ မျက်ရည်များက ဖြိုးဖြိုးဖြိုင်ဖြိုင်ကျလာ မိပြန်သည်။

ဆုပ်လည်းစူး စားလည်းရှူးပါပဲ။





ဦးသက်စံကို ချစ်မိသည်နှင့် အမှုအဖြစ်အပျက်ကြီးက ရှေ့လည်း မတိုးရဲတော့ပါချေ။ သူမ ဘာဆက်လုပ်ရမှာလဲ။ အဥ္ဇလီ ဘာဆက်လုပ်ရမည်လဲ။

အကောင်းဆုံးကတော့ သူ့လောင်းရိပ်အောက်မှ၊ သူ့မေတ္တာ ကွန်ယက်မှ အဝေးဆုံးသို့ ပြေးသွားဖို့ပဲ ဖြစ်လိမ့်မည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(ခ)

### အခန်း(၁)

"နီနီအခုလို လိုက်ပြီး··· အဥ္စလီကို ခြောက်လှန့်နှောက်ယှက်နေတာ ကိုယ်တော့လုံးဝ နားမလည်ဘူး။ ဘာလဲ·· နီနီခုထိ ဦးသက်စံပေါ်မှာ သံယောဇဉ် မကုန်နိုင်လို့လား···"

ဦးထက်နိုင်၏ စကားကြောင့် ဒေါ်နီနီလင်း ရှုံ့မဲ့ပြလိုက်ပုံက လှလှပပ။ အင်းလေ အသက်လေးဆယ်ကျော် အရွယ်ဆိုတာလည်း ကျန်းမာစိုပြည်လျှင် အလှဆုံးနှင်းဆီပါပဲ။ ဒေါ်နီနီလင်း၏ အသွင်က ကောက်ကြောင်းထင်းထင်းနှင့်။ ဖြူဖွေးလင်းလက်စေသည့် ကမ္ဘာကျော် ကျောက်ဆစ်ရုပ် ဗီးနပ်(စ်)နတ်သမီး (သို့မဟုတ်) အချစ်ကျောက်ဆစ်





ရုပ်ပေါ့၊ သူမနှင့် ထိသမျှ မီးပွင့်သွားမတတ်။

ဒါကြောင့်လည်း ဦးထက်နိုင်တို့ နီနီကိုစွဲလန်းရခြင်းပါပဲ။ ဘယ်အရပ်မှာ ဘယ်လိုပဲနေနေ အချိန်တန်လျှင် နီနီထံသို့ပြန်စမြဲ။

စီးပွားရေးအရ ဦးထက်နိုင်၏ အလုပ်က မန္တလေးနှင့် ရန်ကုန်သို့ ကူးချည်၊ သန်းချည်။ ဒေါ်နီနီလင်းက မန္တလေးမှာ ဖနေသည်။ ယခုအရေး ကိစ္စဟာခုနှင့် သူမပါ ရန်ကုန်သို့ ရောက်ရှိနေခဲ့သည်။

ရန်ကုန်ရောက်တိုင်း သူမတို့နေထိုင်သည့် တိုက်ခန်းမှာ အိမ်တောင်ပရိဘောဂအပြည့်နှင့် နေချင့်စဖွယ်။

ညည့်ခန်းထဲမှာ နှစ်ယောက်သား မျက်နှာချင်းဆိုင်ရင်း ဦးထက်နိုင်က သူမကျေလည်သည့် ကိစ္စကို ရင်ဖွင့်သည်။

"သွားစမ်းပါ ကိုရာ။ ဒီလူ့ခွစာကြီးများ လုံးဝမလွမ်းဘူး။ နီ အခုလုပ်နေတာ နီတို့အတွက်ရှင့် နီတို့အတွက်။ ကို··· သိရဲ့လား"

"ပြောစမ်းပါဦး ··· ကိုယ်တော့ လုံးဝနားမလည်ဘူး။ ဦးသက်စံက အဥ္စလီကို လက်ထပ်မှာမို့လား။ အပျော်သဘောလောက်ထားတာ မဟုတ်ဘူးလား···။ ပြီးတော့ တကယ်လို့ သူ··· မည်သူ့ကို လက်ထပ်သည်ဖြစ်စေ၊ မထပ်သည်ဖြစ်စေ နီနီနဲ့က တရားဝင်ကွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းပြီးသား မဟုတ်လား။ နီနဲ့ ဆိုင်မှ မဆိုင်တော့တဲ့ဟာ . . .”

ဦးထက်ခိုင် ဝေဝေဝါ ဖြစ်နေလျှင် ဒေါ်နီနီလင်း မချင့်မရဲ ဖြစ်ရသည်။ မျက်နှာချင်းဆိုင် ထိုင်နေရာမှ စားပွဲကိုကွေ့ပြီး ဦးထက်ခိုင်၏ အနားသို့ သွားထိုင်လိုက်၏။ ပြီးမှ . . . အသံတိုးတိုးဖြင့် . . .

“ကိုဟာလေ. . . သိပ်အ. . . တာပဲ။ ဒါကြောင့် ကြီးပွားသင့်သလောက် မကြီးပွားတာသိလား။

အခုဆို နီတို့မှာ ဟန်ပဲရှိတာမဟုတ်လား ကိုကလည်း အသုံးအစွဲကြီး . . .”

“မင်းကရော . . .”

“ဟုတ်ပါတယ် နီကလည်း အသုံးအစွဲကြီးတော့ နီတို့ရှေ့ရေးဟာ ဘာမှ မရေရာဘူးမဟုတ်လား။ ဒီတော့ ဦးသက်စံ နောက်အိမ်ထောင်ပြုလို့ ဘယ်လိုမှ မဖြစ်ဘူးလေ။ အစ္စလီမှ မဟုတ်ဘူး။ ဘယ်သူနဲ့ဖြစ်ဖြစ် . . ပျက်အောင် ဖျက်ရမှာပဲ။”

“ဒါဆို သူမသေမချင်း နောက်မိန်းမ မယူဖြစ်အောင် တကောက်ကောက် လိုက်ပြီး နှောင့်ယှက်နေရမယ်ပေါ့ ဟုတ်လား . .”

ဦးထက်ခိုင်၏ အသွင်က ရှုံးရှုံးရှားရှားဖြစ်ချင်လာလျှင်





ဒေါ်နီနီလင်းက လှပစွာရယ်မောရင်း . . . စိးကရက် မီးခိုးငွေ့များဖြင့် သူ့ကို မှုတ်ထုတ်ကျီစယ်ခဲ့သည်။

“ကိုဟာလေ ကလေးလေးကျနေတာပဲ။ အဲဒါတွေကြောင့် နီက ပိုချစ်နေရတာသိလား ဒီလို ကိုရဲ့ ဦးသက်စံ မသေမချင်းတော့ ကိုကို လိုက်မကြည့်နိုင်းပါဘူးကွယ်။ သူ့သဘောထားက သားအိမ်ထောင်ပြုရင်လည်း သူ့အမွေတွေ ခွဲပေးမှာလေ။ အဲဒီတော့ နီတို့တာဝန်က သား အိမ်ထောင်မကျခင် သူ့အိမ်ထောင် ထပ်မပြုဖြစ်အောင် ထိန်းပေးထားရမှာကဲ နီရည်ရွယ်ချက်ကို သိပြီလား။ တော်ကြာ အလည်မတွေ့နဲ့ တွေ့သွားလို့ သားအတွက် မကျန်ရင် . . .”

ဒေါ်နီနီလင်း ရှင်းပြသော်လည်း ဦးထက်ခိုင် ဘဝင်မကျသေးပါ။ သားရမှာ မအေနင့် ဘာဆိုင်သနည်း။ ယခုတော့ သူ့မှာ အချောင်ဒုက္ခခံနေရလေသည်။ ပြီးတော့ နီနီခိုင်းသည့် အလုပ်က ထောင်နှုတ်ခမ်းနင်းနေသည့်အလုပ်။ ရာဇဝတ်မှု မကင်းသည့်အလုပ်။

“နီ သားရတော့ရော၊ နီ ရတာကျနတာပဲ။ နီ့သားကို လျှော့မတွက်နဲ့နော်။ ရှိးသလိုလို၊ အေးသလိုလိုနဲ့ ခုပဲဆရာဝန်မဖြစ်သေးဘူး ရှိးစားက အဆင်သင့် . . .”



www.burmeseclassic.com

www.burmeseclassic.com



* * *

"ဟာ ကိုကလည်း အဲဒီ ကောင်မလေးနဲ့က နီလည်း သဘော တူတယ်လေ။ ဆရာဝန် အချင်းချင်းဖြစ်တဲ့အပြင် ရုပ်ကလေးကလည်း မိုင်းကောင်းကျောက်ဖို ရုပ်ကလေး။ နီ ကြိုဆိုဆက်မယ့်ပုံပါ . . ."

ဒေါ်နီနီလင်းမှာ တက်ကြွပြီး အားတက်သရော ဖြစ်နေသော်လည်း ဦးထက်နိုင်မှာ ခေါင်းတခါခါ၊ ဒေါ်နီနီလင်းမှာ ယောက်ျားပီပီ သသနှင့် ထွားကျိုင်းမြင့်မားလှသည့် ဦးထက်နိုင်ကို မြတ်နိုးခြင်းတစ်ဝက်၊ စိတ်ပျက်ခြင်း တစ်ဝက်ဖြင့် မျက်မှောင်ကျုံ့ကြည့်နေလေသည်။

"ဘာလဲ. . . ကိုယ်က နီ့ကို အသကား စိတ်ကူးယဉ်နေတယ်လို့များ မှတ်နေသလား။ ဒီမှာကို နီ့သားက နီ့ဖက်ကပဲ။ နီစိစဉ်သလို နာခံမယ့်သားပါ။ သားသာ အမွေများများရရင် နီတို့လည်း လုပ်ငန်းတိုးချဲ့နိုင်ပြီး အဆင်ပြေသွားကြမှာပါ။ အဲဒီကိစ္စကို နီတာဝန်ထား. . . ကိုယ့်တာဝန်က ဦးသက်စံ. . . ဘယ်သူ့ကိုမှ မယူဖြစ်အောင် ထိန်းသားပေးဖို့ပါပဲ. . ."

မိန်းမဖြစ်သူကို ဦးထက်နိုင် မထောက်ခံနိုင်ပါ။ သူမ၏ အတွေးတွေက ဖြစ်နိုင်ခြေနည်းလွန်းလှသည်။ ရေပေါ်မှ အရုပ်ရေးသည့်နှယ်။

"တကယ်လို့ ဦးသက်စံ သေသွားခဲ့ရင်ရော. . ."

"အို. . . ကိုယ်. ."





ဒေါ်နီနီလင်း၏ အလန့်တကြားရပ်သွင်ကြောင့် ဦးထက်နိုင်၊ ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။ ခံစားချက်ဆိုတာ လျှပ်တပြက်မျှလျှင် ပေါ်တတ်စမြဲ။

"တော်ပြီ. . . နီ. . . ငါနွားမဟုတ်ဘူး. . . မင်း. . . ဦးသက်စံကို သံယောဇဉ် မပြတ်တိုင်း. . . ငါ့ကို အသုံးချမနေနဲ့တော့ ငါ့မှာ အဘွားကို ရိုက်ရတုန်းကလည်း ကံကောင်းလို့ ဘာမှမဖြစ်တာ။ တစ်ယောက်ယောက်နဲ့များ မိသွားခဲ့ရင် ထောင်ကျမယ့် အပေါက်။ ဒီမှာ နီ. . . မင်းလင်ကြီးကို မင်းမပြတ်ရင်လည်း ပြန်သွားပါ။ မယ်မင်းကြီးမရယ်၊ ငါ့ကို ဒုက္ခမပေးပါနဲ့တော့နော်. . ."

ညည့်ခန်းထဲမှ မတ်တတ်ထရပ်ပြီး. . . ဦးထက်နိုင် ပေါက်ကွဲနေပုံက တစ်ကိုယ်လုံး ယိမ်းယိုင်လျှက်။ တဒင်္ဂတော့ ဒေါ်နီနီလင်း. . . သူ့ကို ငေးကြည့်နေမိသည်။ သို့သော်. . . သူ့ခံစားချက်ကို နီနီသိပါသည်။

"ကိုယ်. . . နီ့ကို အထင်မလွဲပါနဲ့ကွယ်. . . နီတို့ကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာကို နားလည်ဖို့ကောင်းပါတယ်။ နီလန့်သွားတာက. . . ကို. . . မဟုတ်တာတွေလုပ်ပြီး. . . ကိုဒုက္ခရောက်သွားမှာ စိုးလို့ပါ. . . ကိုယ့်စကားက. . . ဦးသက်စံကို သတ်ပစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



"မြတ်မွန် သံတွဲပြန်မလို့။ အဒ္ဓလီ လိုက်ခဲ့ပါလား… စိတ်ပြေလက်ပျောက်လည်း ဖြစ်တာပေါ့နော်… ဗဟုသုတလည်း ရတာပေါ့ ပြီးတော့ မြတ်မွန်တို့ရွာက ငပလီကမ်းခြေကို အမှီပြုပြီး စီးပွားရှာနေရတာ လေ့ထုံးတာတို့၊ ဈေးရောင်းတာတို့ပေါ့လေ…"

မြတ်မွန်၏ ဖိတ်ခေါ်ချက်အရ… သူတို့ရွာသို့လိုက်ခဲ့ပြီး… ယခုတော့ မြတ်မွန် ပြန်သွားခဲ့သော်လည်း အဒ္ဓလီ ထိုရွာ၌ ကျန်ခဲ့ပါသည်။ ဘဝတလျှောက်လုံး မောပန်းနွမ်းညှိုးခဲ့ရသမျှ… ငပလီ ကမ်းခြေတလျှောက် ပင်လယ်ရေနှင့် မျှောပစ်နေမိသည်။

လှိုင်းသံ တဝုန်းဝုန်းနှင့် ပင်လယ်ကြီးကို ငေးမောရင်း… ပျော်သည်မဟုတ်ပေမယ့် သူမ တအင်္ကနားခိုနေမိသည်။ ငြိမ်းချမ်းနေမိသည်။

ဘဝမှာ ငွေနောက်သို့ ကောက်ကောက်ပါ။ ငွေအတွက် ဘဝကို ရောင်းစားရလိုမတတ် အဖြစ်အပျက်တွေကိုလည်း ရွံမုန်းလှပါပြီ။

တောင်အတက်မှာ လှည်းစီးကုံး မပြတ်ရအောင် ရှိသမျှရွှေတို့ ရွှေစ ငွေကြေးလေးများကိုတော့ မမ ကိန္နရီထံသို့ သူမ ပို့ပေးခဲ့သည်။ မမလည်း ဟောက်(စ်) ဆင်းရတော့မှာပဲ။ သူ့လမ်း သူဆက်လျှောက်ပေတော့။





ယခုတော့ မြပ်မွန်တို့ရွာက တွဲဖက်မူလတန်းကျောင်းမှာ လူတခန့် ဆရာမလေးအဖြစ် အဒ္ဓလီ နားခိုနေခဲ့ပေပြီ။ ငွေကြေးအနေနှင့် ကတော့ ရယ်စရာပေပဲပေါ့… ရွာမှ ထမင်းကျွေးထားပြီး… တစ်လကို ငွေရှစ်ထောင် ပေးသည်။

စားသောက်ဆိုင်မှာဆို တစ်ည မုန့်ဖိုးရတာလောက်ပင်မရှိ။ သို့သော်… ရှုံးသွားသည်လို့ပင်ပြောပြော… ဘဝမှာ ယခုလို ပင်လယ်လေကိုရှူပြီး လှိုင်းသံတဝုန်းဝုန်းကို နားထောင်ပြီး လိုအပ်ချက်နည်းနိုင်သမျှ အနည်းဆုံးနှင့် လူ့အဖြစ်ကို အဒ္ဓလီ အလိုရှိနေမိပြန်သည်။

ကျောင်းပိတ်ရက်မို့ ရွာနှင့် မလှမ်းမကမ်းရှိ သည်ငပလီကမ်းခြေသို့ အဒ္ဓလီလမ်းလျှောက် ရောက်လာခဲ့တာ ကြာခဲ့ပေပြီ။

အမူးသမားတွေကြားမှ၊ မီးလုံးပြာလဲ့လဲ့တွေကြားမှ တီးလုံးသံ တခြိမ့်ခြိမ့်တွေကြားမှာ… "သမင်လိုက် ယိုးဒယားအက" နှင့် တိမ်းရှောင်လည့်ပတ်… အသက်ရှူတွေကျပ်ခဲ့ရသမျှ ယခုတော့ အဒ္ဓလီ ဘဝကို အရိုးသားဆုံး ရင်ဆိုင်နေခဲ့ပေပြီ။

ရစ်ပတ်တတ်သည့် သဘောရှိသော သံယောဇဉ်နွယ်မျှင် နှောင်ကြိုးတို့ကို ခေတ္တဖြတ်တောက်ခဲ့ပြီး… လေဟာနယ်ထဲမှာ လွင့်



www.burmeseclassic.com

www.burmeseclassic.com



မျှော်ခွင့်ရနေမှုက တဒင်္ဂ အဖြစ်တော့ နှစ်သက်စဖွယ်။

ဝေါလေဆည် အဋ္ဌလီဆိုတာ လွတ်မြောက်နေသည့် လူသား ပါပဲ။

ကျောင်းတက်ရက်တွေမှာ နံနက် ၉ နာရီမှ ညနေ ၃ နာရီ ထိ စာသင်။ နောက်··· စာသင်ကျောင်းလေးထဲမှ ဆရာမ အိမ်ဝိုင်း လေးထဲမှာ··· ကလေးတွေလာပို့ကြသည့် ဟင်းသီးဟင်းရွက်၊ အသားငါး များကို ချက်ပြုတ် စားသောက်၊ ညအခါ လမင်းကြီးကို မော့ကြည့်ရင်း ပင်လယ်အော်သံများကို နားဆင်။

မည်သို့ပင်ဖြစ်စေ ကမ္ဘာဦး လူသားတို့လို လိုအပ်ချက် အနည်းဆုံး၊ အရိုးသာယားဆုံးနှင့် ဘဝကို ရင်ဆိုင်ရသည့်အတွက် အဋ္ဌလီ နလုံးသားများ သန့်ရှင်းကြည်လင် လာခဲ့ရသည်ကတော့ အမှန်။

ရင်ထဲမှာ နင့်နေအောင်··· သူ့ကို သတိရနေမိပေမယ့်·· ဘာမှ မရေရာသည့်ဘဝမို့ ဦးသက်စံကို သူမ မေ့ပစ်လိုက်တော့မည်။

သံသယတွေ ခပ်များများနှင့်လည်း ဘဝကို မတည်ဆောက် ချင်တော့။ မရှုံးနိမ့်ချင်တော့။

မိုးပေါ်က လမင်းလို··· သူ့ဘဝနှင့်သူ လန်းဆန်းတင့်တယ် လှပနိုင်ပါစေ···





မြေပြင်မှ··· နှယ်မြက်သစ်ပင်လို··· လရောင်ကို မော့ကြည့်ငံ့လင်းရင်း··· လောကအတွက်··· အဋ္ဌလီ ဆေးဖက်ဝင် ချင်တော့ပါပြီ။

လူရှင်းမည့် ကမ်းစပ်မှာ အုန်းပင်ရိပ်တစ်ခုမှာ ခြေဆင်းလဲ သူထိုင်ရင်း··· ပင်လယ်ကို··· ငေးမော၍··· အဋ္ဌလီ စိတ်တွေ ပျံ့လွင့် တိမ်းပါးနေခိုက်··· သူမ၏ မျက်လုံးများကို နောက်ဖက်မှ ပိတ်ထားခြင်း ခံလိုက်ရသည်။

အဋ္ဌလီ ထိတ်လန့်ဒေါသထွက်သွား မိပါ၏။ သည်ရွာ တစ်ဝိုက်မှာ သူမကို ဒီလို ဘယ်သူမှ မဆက်ဆံရဲကြပါ။ လူထုခန့် ဆရာမပင် ဖြစ်စေ··· အဋ္ဌလီသည် ကလေးတို့ရဲ့ ဆရာမ မဟုတ် ပါလား···

"ဘယ်သူလဲ··· ကျွန်မကို လွှတ်နော်···"

မျက်နှာကို အုပ်ကိုင်ထားသည့် လက်ကို ခပ်ကြမ်းကြမ်းတွန်း ဖယ်ရင်း အဋ္ဌလီ စိတ်ဆိုးနေလျှင်··· နောက်ဖက်မှ ရယ်သံခပ်ဟဟ ကို ကြားရလေ၏။ သို့သော်··· သူမ··· မခန့်မှန်းတတ်ပါ။

"ဘယ်သူလဲ··· ကျွန်မ စိတ်ဆိုးလာပြီနော်···"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ခပ်ဟက်ဟက်ရယ်သံနှင့်အတူ အသံရှင် သူမ ရှေ့သို့ ခုန်ထွက်လာခဲ့သည်။

"ဦးထက်နိုင်"

အစ္ဆလီ အံ့ဩသံထဲမှာ သူနှင့်ကိုယ် ဒီလောက် မရင်းနှီးခဲ့တာလည်းပါသည်။ ဒီလူ ဘာကြောင့်တာလဲ။ ရန်ကုန်မှာ စားပွဲထိုး၊ ဧည့်ကြိုလုပ်ခဲ့သည့် အစ္ဆလီအား··· ယခုလည်း ထိုသို့ မြင်နေသည်ပဲ ဖြစ်မည်။

အစ္ဆလီဆိုတာ သူတို့ထံမှ ဘောက်ဆူး၊ မုန့်ဖိုးတို့ကို မျှော်လင့်ဖြားယောင်း၊ ရယူတတ်သူ မဟုတ်တော့ကြောင်း··· ဦးထက်နိုင် မသိသေးဘူးထင်ပါသည်။

"အစ္ဆလီကို တွေ့လိုက်ရတော့ ကိုယ် အရမ်းအံ့ဩပြီး··· အရမ်းပျော်သွားခဲ့တယ်··· အစ္ဆလီ ပျောက်နေတာ ကြာပြီမဟုတ်လား။ ရပ်ကလည်း စုတ်ပြတ်နေတာပဲ။ ဘာလဲ··· စိတ်နှံ့ထွင်တာလား။"

ဦးထက်နိုင်၏ အသွင်က လန်းဆန်း ဖျတ်လတ်ပြီးဘာကယ့်ကာလသားပေါက်စလေးသဖွယ်။

သူအရမ်းပျော်သွားရအောင် ··· သူနှင့်ကိုယ်ဟာ ဘာမှလည်း





ဆိုင်သည့်မဟုတ်ပါဘဲနှင့် သို့သော်ယောကျ်ားတို့သည် ··· ဒီလိုပဲ မှသား စကားတို့နှင့် အသားကျတတ်ကြကြောင်း စားပွဲထိုးလုပ်သက် ၁ နှစ်ကျော်အတွင်းမှာ အစ္ဆလီ သိခဲ့ပြီးသား မဟုတ်ပါလား။

စားသောက်ဆိုင်မှာ တုန်းကလို··· ဆေးဆိုးပန်းရိုက်ရုပ်နှင့် မဟုတ်တော့ဘဲ·· ပင်လယ်ပြင်နှင့် ထိတွေ့ထားသဖြင့် သဘာဝအတိုင်း အရိုင်းဆန်နေသည့်အလှကို ··· ဦးထက်နိုင်က စူးစူးရဲရဲ ကြည့်ရှုဝေဖန်နေခဲ့သည်။

"စိတ်နှံ့ထွင်တာ မဟုတ်ပါဘူး။ ဒီလိုနေရတာကိုပဲ ကျွန်မ နှစ်သက်တယ်"

"နှစ်သက်တယ် ··· ဟုတ်လား။ ရှုများနေရော့သလား အစ္ဆလီရယ်။ တောမှာ လျှပ်စစ်မီးလည်းမရှိ၊ ဆူဆူညံညံ စိုစိုပြည်ပြည် လည်းမရှိ တကယ့်ငရဲပဲ။ နိဗ္ဗာန်ဘုံလို နေရာမျိုးမှ ··· ငရဲကိုများ အစ္ဆလီ ဘာကြောင့် ရှောင်ထွက် ပြေးလာခဲ့ပါလိမ့်"

ချိုးချိုးဖွဲဖွဲ့ ပြောနေပုံကြီးကြောင့် အစ္ဆလီ မျက်မှောင်ကျုံ့မိသည်။

"ဒါဆို·· ဦးထက်နိုင် ဘာလို့ ဒီကိုလာတာလဲ။ ငပလီကိုများ ရဲတဲ့။ ဦးထက်နိုင် စိတ်ကောင်းပါတယ်နော်။ ဒီအလှတွေကမှ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ အလှရှင့်။ ရှင်တို့ မြို့ကြီးပြကြီးတွေလို ပြုလုပ်ဖန်ဆင်းထားတဲ့ အသွင်ရကာယ်ဘုံက အလှမျိုးမဟုတ်ဘူး”

“ကိုယ်လာတာက ‥ ရှေ့ပြေး သဘောမျိုးလာတာ။ ကိုယ့်မိတ်ဆွေတွေ ဒီငပလီကိုလာကြမယ်။ ကိုယ်က ကြိုရောက်နေတာပေါ့။ ငပလီကတော့ သာယာပါတယ်။ ဒါပေမယ့် အဒ္ဓလီနေတာ… ဟိုဖက်ရွာ မဟုတ်လား။ မီးမရှိ၊ ဘာမရှိနဲ့ကွာ‥ ဒီငပလီ သာယာတယ် ဆိုပေမယ့်လည်း … ကိုယ်တော့ အကြာကြီး မနေနိုင်ပါဘူးနော်”

သူနှင့် အချေအတင် စကားပြောနေရင်းမှ အဒ္ဓလီ နာရီလေးကို ငုံ့ကြည့်လိုက်သည်။ နံနက် ၉ နာရီ။ တော်ပြီ… အိမ်ပြန်တော့မည်။

ဦးထက်နိုင်ကလည်း အဒ္ဓလီကို သေသေချာချာ စိုက်ကြည့်နေခဲ့သည်။

ကြည့်စမ်းပါဦး အရောင်လွင့်ပြယ်စ… ရုပ်အင်္ကျီ အစင်းပွပွ၊ လုံချည်က ခပ်တိုတို။ အလှအပတွေပေါ်ထွက် ဝင်းပနေပေမယ့်လည်း သူက ဒီအလှမျိုးကို အလှအပလို့ ထင်သူမဟုတ်။

နေရောင်အောင်မှာ ရိုးစင်းတင့်တယ်နေသည့် အရိုင်းနှင်းဆီထက်… ဖန်အိမ်၊ မှန်အိမ်နှင့် အထူးပြုလုပ်စီမံရှင်သန်ရမည့် သစ်ခွ





လို အလှမျိုးကိုမှ သူက အလှလို့ ထင်တတ်သူ။

ဥပမာ… နီနီ့လိုပေါ့…

မွေးကတည်းက နေမထိ၊ လေမထိ၊ ရေမထိနှင့် ဝင္ဘမြတ်စွာလို လိပ်ပြာတော်င်ပံခတ်ရုံနှင့် မူးမေ့လဲကျသွားအောင် နုဖတ်လှပ၊ ဖူးရွနေမှ… အလှ။

အဒ္ဓလီ… ခြေဆင်းထိုင်နေရာမှ ဒိပ်သည်းစွာ ထရပ်လိုက်သည်။ သူမ ‥ ပြန်တော့မည်။

“လူဆိုတာ သူ့စိတ်နဲ့ သူပေါ့ရှင်… ရှုးတယ်လို့ပဲ ပြောပြောခုလို ကလေးတွေကို စာသင်ပေးရင်း ‥ သူတို့ရဲ့ လိုအပ်ချက်၊ လောကရဲ့ လိုအပ်ချက်ကို အနည်းငယ် ဖြစ်ဖြစ် ဖြည့်ဆီးပေးခွင့်ရနေတာ ကျွန်မ ကျေနပ်တယ်။ ငါးပိဖုတ်နဲ့ ဟင်းရွက်ပြုတ်လေးတွေစားပြီး လောကရဲ့ တစ်ထောင့်တစ်နေရာမှာ မြင့်မြတ်စွာရှင်သန်ခွင့် ရနေတာလည်း ကျွန်မကျေနပ်တယ်…”

“ဒါဆို အဒ္ဓလီ‥ ရန်ကုန်ကို မပြန်တော့ဘူးပေါ့။ ကိုယ်ကတော့ အဒ္ဓလီ စတန့်ထွင်နေတယ်၊ အရူးထနေတယ်မှတ်လို့…”

သူ့ မှတ်ချက်ကလည်း ပွင့်ပွင့်လင်းလင်း။ ကော့ အဒ္ဓလီ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာရှိနေတာ မြတ်မွန်လက်ထောက်ချလိုက်လို့ သိသွားတာဖြစ်မည်။ သို့သော် သူနှင့်ကိုယ်သည် ဘာဆိုင်သလဲ။ "တစ်သက်လုံးတော့ နေချင်မှ နေဖြစ်မှာပေါ့လေ··· ဒါပေမယ့် ကျွန်မ အကြာကြီး နေဖြစ်ဦးမှာပါ"

"ဒီမှာပဲ အိမ်ထောင်တွေ၊ ဘာတွေကျမယ်ပေါ့။ တွေ့ထားပြီးပြီလား··· ရောက်တာဖြင့် ၂ ပါတ်လောက်ရှိဦးမယ်။ ဒါပေမယ့် အဥ္စလီက လုတာပဲလေ···"

"ကျွန်မ··· အခု ဒီကို ရောက်နေတာ··· ဖူးစာဖက်ရှာနေတာ မဟုတ်ပါဘူး။ ကျွန်မ ကိုယ့်ဘဝကိုယ် စိတ်ပျက်လွန်းလို့··· ကိုယ့်ဘဝကို နွမ်းညစ်မောပန်းလွန်းလို့··· ဒီမှာလာပြီး လျှော်ဖွပ်အနားယူ နေမိတာပါ။ ဘာမှတော့ ပြောလို့မရသေးဘူးပေါ့။ ဒါပေမယ့် ကျွန်မ··· နေရတာ စိတ်ငြိမ်းချမ်းပါတယ်··· ကျေးဇူးပြုပြီး··· ကျွန်မ··· အရင်ဘဝက လူတွေနဲ့ မတွေ့ကြုံ မဆက်ဆံရပါစေနဲ့။ ရှိန်းတယ်လည်း မထင်ပါနဲ့ရှင်··· ကျွန်မ သွားတော့မယ်။"

သူ့ရှေ့မှ အဥ္စလီ ရှိုးသားစွာပင် ထွက်ခွာသွားခဲ့လျှင် ဦးထက်နိုင် ဇဝေဇဝါ ဖြစ်ကန်ခဲ့ရသည်။

အဥ္စလီ··· တကယ်ပဲ ဒီမှာ ပျော်နေသလား ရိုးရိုးသားသား လာနေရှာပါလား။





နှီနှီသတင်းပေးတော့ဖြင့် အဥ္စလီသည် ··· ဦးသက်စံနှင့် ဆက်သွယ်ပြီး ငပလီမှာ လက်ထပ်မလိုလို၊ ဘာလိုလို။

အေးလေ··· မိန်းမဆိုတာ မာယာများတတ်ကြတဲ့ အမျိုးပဲ။

အရေခွံအမျိုးမျိုးခြုံပြီး၊ မာယာများတတ်ကြသည့် ပွဲမှာ··· အဥ္စလီဟာ အတုလား အစစ်လား။

မည်သို့ပင်ဖြစ်စေ··· သူ့အချစ်နတ်သမီး၏ စေနိုင်းချက်အရ ဦးထက်နိုင်၏ တာဝန်က··· အဥ္စလီနှင့် နောက်ရောက်လာမည့် ဦးသက်စံကို စောင့်ကြည့်ဖို့ပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စွန်းထင်းနေတဲ့ အညစ်အကြေးတွေကို . . . ပင်လယ်ရေနဲ့ ဆေးကြော ဖွပ်လျှော်ပြီးတဲ့အခါ ပြိုင်မြင်းကလေး ဘဝမရာသွန် ပြေးလမ်းထဲကို တဖန်ပြန်ပြီး ဝင်ရောက်လာမှာပါ . . .

ဝါးကွပ်ပျစ်ကလေးပေါ်မှာ အဥ္ဇလီ စိတ်တွေ ပျံ့နှံ့နေတော့ သူမအပေါ် သံယောဇဉ်ကြီးမားလွန်းရှာသည့် ကိုကြီးထံမှာ အငွေးတွေ ရပ်တံ့ကုန်ကြသည်။

သူ . . . ဘယ်လိုနေရှာမလဲ . . .

လိပ်ဥပျောက်လို့ ရှာဖွေနေတဲ့ လိပ်မကြီးလို . . . သူ . . . သောကတွေနဲ့ ပြာယာခပ်နေရှာမလား . . .

မြတ်မွန်ကို . . . နှုတ်ပိတ်လိုက်ပေမယ့် . . . မရရအောင် မေးလျှင် ဒီမှာရှိနေတာ သူသိသွားပါလိမ့်မည်။

အဥ္ဇလီ ကိုယ့်အဖြစ်ကိုယ် ဆန်းစစ်ကြည့်နေမိပြန်သည်။ ဦးသက်စံကို ရင်ထဲမှချစ်မိသွားပေမယ့် . . . သူ့အချစ်တွေကို . . . မရွံ့မရဲလေ့လာ ဆန်းစစ်ကြည့်နေမိဆဲ . . . သူမ၏ အသက်ထိခြိမ်းခြောက်လာခဲ့သည့် အဖြစ်ကြောင့် အဥ္ဇလီ ပြေးထွက်ခဲ့ရတာ မဟုတ်ပါလား။

နှလုံးသား၏အလိုကို ဆန့်ကျင်ရသည့်အခါ မောပန်းနွမ်းနယ်လွန်းရပါသည်။





"အဥ္ဇလီ . . ."

နှားထဲမှာ သူ့အသံ။ သူ့ခေါ်သံ။

ခေါင်းကို လှည့်ပတ်ရှာဖွေရင်း အဥ္ဇလီ ထိတ်လန့်သွားရသည်။ ဘုရားရေ . . သူမရဲ့ အာရုံ၊ သူမရဲ့ နှလုံးသားထဲမှာ သူပဲ စိုးမိုးနေပြီလား။

"အဥ္ဇလီ . . ."

နောက်ထပ်ခေါ်သံ တစ်ခုကြောင့် အဥ္ဇလီ မတ်တတ်ရပ်ပြီး ရှာဖွေကြည့်လိုက်လျှင် ကျောင်းရှေ့ ခရေပင်တန်းသည့် လမ်းကလေးမှ ကျောပိုးအိတ်ကြီးနှင့် ဝင်လာသည့် ကိုကြီးကို . . . အဥ္ဇလီ မြင်လိုက်ရသည်။

"ကိုကြီး . . ."

လှုပ်ခနဲ ပျော်သွားသည့်စိတ်က သူမ၏ ဦးနှောက်ကို မတားဆီးသာ။ အပြေးကလေးသွားမိသည့် သူမကို . . . ကိုကြီးက အိတ်ကို ဘေးသို့ဖြုတ်ချပြီး ဆီးကြိုပွေ့ဖက်ထားခဲ့သည်။

သူမတို့ စကားမပြောနိုင်ကြသေး။

အရက်နှစ်ဆယ်မျှ ခွဲခွာရသည့် အလွမ်းတွေက ပင်လယ်လှိုင်းတွေနှယ် နိမ့်ချည်၊ မြင့်ချည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ . . . ကိုကြီး စကားဆိုနိုင်ခဲ့သည်။ "ဘယ်လို လုပ်သွားတာလဲ အဥ္ဇလီ ရယ် . . . ကိုယ်ကြီးမှာ စုံစမ်းလိုက်ရတာ . . ဘာအရှုံးထတာလဲ . . ."

သူမ . . . ကိုကြီးကို အိမ်ကလေးရှေ့ ဝါးကွပ်ပျစ်ဆီသို့ ခေါ်ယူလာခဲ့သည်။ သူက ဝါးကွပ်ပျစ်လေးပေါ်မှာ မောပန်းနွမ်းလျစွာ ဖြေပစ်၊ လက်ပစ် ထိုင်ချလိုက်သည်။

"ပြောပါဦးကွယ် . . . ကိုယ့်မှာ ရှူးမတတ်ပါပဲ . . ."

သည်တော့မှ . . . တစ်ဖက်မှ ခြိမ်းခြောက်မှုနှင့် သူမ၏ အိပ်ခန်းထဲသို့တိုင် ရန်သူက အတင့်ရဲစွာ ဝင်ရောက်ခဲ့ပြီး ပါးအို အိုးမည်း သုတ်သွားပုံအား အဥ္ဇလီ ပြောပြလိုက်သည်။

သို့သော် ဦးသက်စံ၏ပုံစံက မယုံနိုင်သည့်အသွင်။

"တစ်ယောက်ယောက်က နောက်တာနေမှာပါ။ အဥ္ဇလီ . . . ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ပြောပြသင့်တာပေါ့ . . . ကိုကြီးကို ဘဝခရီး ဖော်အဖြစ် ခုထိ အဥ္ဇလီ မသတ်မှတ်သေးဘူးလားဟင်။ ဘာမှ အခြေ အမြစ် မရှိဘဲနဲ့ . . . အဥ္ဇလီ သွေးကြောင်နေတာ၊ ငြင်းပယ်နေတာ။ ကိုယ့်ကိုလက်ထပ်ရင် ဒီပြဿနာတွေ အားလုံး ပြေလည်သွားမှာပါ . . ."





ကိုကြီးက ထုံးစံအတိုင်း သူ့စာတ်ပြားဟောင်းကြီးကို ဖွင့်ပြလာ သည့်အခါ အဥ္ဇလီ ရင်ခုန်ရပါသည်။

သို့သော် . . . ဘဝသည် ရင်ခုန်ကြည်နူးစရာချည်းမဟုတ်။ အဥ္ဇလီ . . . ခေါင်းကို ရမ်းခါမိသည်။

အေးအေးဆေးဆေး နားပါဦး . . . ကိုကြီးရယ် . . . အဲဒီ ပြဿနာတွေကို နောက်မှ ဆွေးနွေးတာပေါ့နော် . . . လောလောဆည် အဥ္ဇလီ ကြောက်နေတာပဲ သိတယ်။ တစ်ဖက်က ခြိမ်းခြောက်နေတဲ့ ရန်သူကိုလည်း ကြောက်တယ်။ ကိုကြီးကိုလည်း ကြောက်တယ်။"

"ဘယ်လို . . . ကိုယ့်ကို ကြောက်တယ် . . . ဟုတ်လား။ အဥ္ဇလီရယ် မင်း . . . ရှုးများနေသလားကွယ်။ ဒီလောက် ကိုယ့်အပေါ် စေတနာ၊ မေတ္တာတွေ . . . ထားနေတဲ့ လူတစ်ယောက်ကိုများ . . . မင်း သံသယတွေ ဝင်တုန်းလား . . ."

ဦးသက်စံအသွင်က မခံမရပ်နိုင်သည့် အသွင်။ အဥ္ဇလီ မင်းကို လက်ထပ်ပါမယ့် ပြောနေတဲ့ကြားကများ . . . မိုးပြိုမှာ ကြောက်တဲ့ တစ်တီးတူးလို . . . ခြေ ၂ ချောင်းထောင်နေရသေးတယ်နော်။ ကိုယ်တို့ လက်ထပ်ပြီးရင် . . . ရန်ဆိုတာလည်း အလိုလို အေးသွားမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် အခြေအနေတွေကို အဥ္စလီမယုံဘူး။ လက်ထပ်ခြင်း ဆိုတာဟာလည်း ဘဝရဲ့ ပန်းတိုင် မဟုတ်ပါဘူးကိုကြီးရယ်၊ တစ်ချို့တွေ… ခုလက်ထပ်၊ တော်ကြာကွဲ။ ပြီး… ကိုကြီးတို့ယောကျ်ား ဆိုတာ ဘယ်နခါပဲ လက်ထပ်… လက်ထပ်…"

"တော်… တော်… အဥ္စလီ ဒါတော့ မင်းကိုကြီးကို စော်ကားတာပဲ။ ကိုယ့်အချစ်တွေ မင်း… အထင်သေးတာ…"

ခရီးရောက်မဆိုက် ရန်ဖြစ်ရတော့မည်မို့ အဥ္စလီ ပါးနပ်စွာ ပြဿနာကို ရပ်လိုက်သည်။

"ကဲပါ… အဥ္စလီ မှားရင် တောင်းပန်ပါတယ်… ကိုကြီး အမောဖြေ။ ပြီးရင်… ငပလီ ကမ်းခြေမှာ သွားပြီး ရေချိုးရအောင်၊ ညနေကျရင်လည်း ရွာလူကြီးအိမ်မှာ ဧည့်သည်ကြီးကို သိပ်ဖို့ သွားပြောရဦးမယ်…"

"ဘာ… ဘယ်လို… ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို သူများအိမ်မှာသွားသိပ်မယ်… ဟုတ်လား"

"အင်းပေါ့… ကိုကြီးနဲ့ အဥ္စလီက ဘာမှ မဟုတ်သေးတာ ပြီး… ဒီအိမ်မှာ အဥ္စလီ တစ်ယောက်ထဲရယ်…"





"ညဖက်… ဘယ်သူမှ လာအိပ်မပေးကြဘူး… လား"

"ကလေးတွေတော့ လာအိပ်ကြပါတယ်…"

"ဒါဆိုပြီးရောပေါ့… ရွာလူကြီးကို ဧည့်စာရင်းသာတိုင်လိုက်။ ကိုကြီး… ဒီမှာပဲ အိပ်မယ်။

ဦးသက်စံ၏ စကားသံက ရာဇသံတစ်ခုနှယ်။ သူပြောတာ စဉ်းစားကြည့်တော့လည်း လက်ခံချင်စရာ။ ညဖက်မှာ ကလေးတွေ… ၄-၅ယောက်မျှ လာအိပ်တတ်ကြသည်မို့ "အဖော်တွေ ရှိနေတာပါပဲ။

ကိုကြီး၏ အသံများက မကျေမနပ် ဆက်ထွက်နေဆဲ

"ချစ်သူနဲ့… အမိုးတစ်ခုထဲအောက်မှာ အတူရှိနေတယ် ဆိုရင်ပဲ ကိုယ်ကျေနပ်နေမှာပါ… စိတ်ချ မင်းကို လက်ဖျားနဲ့တောင် မထိဘူး…"

တဗျစ် တောက်တောက်နှင့် ကိုကြီး ရေရွတ်နေလျှင် အဥ္စလီ လက်မြှောက်ရပါတော့သည်။

သည်စဉ်… ရွာထဲမှ သူမ၏ တပည့်လေးများ ဟင်းခွက် ကလေးများနှင့် ရောက်လာခဲ့ကြသည်။

"ဆရာမ အိမ်မှာ ဧည့်သည်ရောက်နေတယ်ဆိုလို့ သားတို့ ဟင်းလာပို့တာ…"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . ကျေးဇူးပါပဲ . . ."

ဟင်းခွက်လေးများကို လှမ်းယူထားလိုက်ရင်း အဉ္စလီ ကျေနပ်နှစ်သိမ့်နေလျှင် ဦးသက်စံက အိမ်ရှေ့မှလှမ်းပြီး မြည်တွန်တောက်တီး နေခဲ့သည်။

"ဒါနဲ့ပဲ လောကကြီးကိုရော ကိုယ့်ကိုရော မေ့နေတာပေါ့လေ ဟုတ်လား"

သူ . . . စိတ်ပုတ်နေပုံကြီးအား လှမ်းကြည့်ပြီး အဉ္စလီ မရယ်မောဘဲ မနေနိုင်ခဲ့ပါချေ။

"ဒါပေါ့ရှင် အဉ္စလီဖြင့် လောကကြီးကိုရော၊ ကိုကြီးကိုရော၊ လူသတ်သမားကိုရော မေ့နေတော့တာပါပဲကြည့်နေ . . . ဒီလောက်သာယာတဲ့ နေရာလေးမှာ ကိုကြီးလည်း အားလုံးကို မေ့သွားမှာ"





## အခန်း ( ၄ )

ပင်လယ်၏ နေဝင်ချိန်ညနေခင်းအာသည် တစ်သက်မမေ့နိုင်စရာ ရေချိုးဆိပ်မှာ မဟုတ်ဘဲ . . . အလှမ်းဝေးစရာ။ ကမ်းခြေအုန်းပင်ရိပ်များမှာ နှစ်ယောက်အတူထိုင်ရင်း . . . အဉ္စလီနှင့် ကိုကြီးမှာ လောကကြီးကို မေ့နေမိကြသည်။

သဘာဝ အလှတရားတို့မှ ပေးစွမ်းသည့် သန္တိသုခသည် သူတို့ရင်ကို ငြိမ်းချမ်းလှပေစွ။

ဘဝတလျှောက်လုံး အရှုံယ်နှင့် မမျှအောင် မောပန်းနွမ်းနယ် ရှုန်းကန်ခဲ့ရသမျှ . . . ပင်လယ်၏ ရင်ခွင်မှာ အဉ္စလီ အမောပြေနေမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆည်... ချစ်သူ့ရင်ခွင်မှာ မှီတွယ်နိဝင် နေရတာကရော... အိပ်မက်လား၊ တကယ့်အရှိတရားလား။ မှန်တိုင်းမလာခင် လေပြည်၊ လေညင်းလား၊ တကယ့် လေပြည်လေညင်းအစစ်လား။

လောကကြီးဟာ အပြောင်းအလဲတွေ မြန်လွန်းလှသဖြင့် အဥ္စလီ မယုံမရဲ ဖြစ်နေမိခဲ့သည်။

ပတ်ဝန်းကျင် တစ်ခုလုံး ဆည်းဆာရိပ်တွေလွှမ်းမိုးပြီး... ညို့ရှိမှောင်ရိပ်သန်းနေသည်ကအစ လှလှပပ။

လခြမ်းရေးပျပျနှင့် လှိုင်းဂယက်ငြိမ်သက်နေသည့် ပင်လယ်ပြင်ကြီးကလည်း လှလွန်းပေစွ။

ကိုကြီး၏ ရင်ခွင်မှာမှီတွယ် ငြိမ်သက်ရင်း...ပင်လယ်ကိုငေးနေလိုက်ပုံက အသက်မရှိတော့သည့် ကျောက်ဆစ်ရုပ်နှယ်။

"ပြန်ကြစို့ အဥ္စလီ... ဒီလောက်ဆို တော်ရောပေါ့..."

သူမကို ဆွဲထူရင်း... ကိုကြီးပြောလာသည့်အခါ အဥ္စလီ အံ့သြရသည်။

"ဒီအလှအပတွေဟာ ... ကိုကြီးကို မတုန်လှုပ်၊ မထိခိုက်စေနိုင်ဘူးလားဟင်။ ကိုကြီးက သဘာဝအလှတွေကို မမြတ်နိုးတတ်ဘူးလား။

အဥ္စလီ မကျေမနပ်ဖြစ်နေသော်လည်း... ကိုကြီးကတော့





သူမကို ဆွဲထူ... ထရပ်လျှက်ရှိနေပေပြီ။

"မြတ်နိုးပါတယ်... ဒါပေမယ့် တော်ပြီပေါ့ကွာ လောကကြီးထဲမှာ အိပ်ပျော်နေလို့... မဖြစ်ဘူး အချစ်ရဲ့၊ အချိန်နဲ့အမျှ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲမှာ အရာရာကို လွန်ကဲလို့မဖြစ်ဘူး... ကဲ... ထ သွားကြစို့၊ ပြန်ကြစို့။ ညကျရင် ကိုကြီးတို့ ရှေ့ရေးတွေ ဆွေးနွေးကြမယ်။ ရန်ကုန်ပြန်ကြမယ်..."

အဥ္စလီမှာ သူဆွဲခေါ်ရာ သမ်းတ... လျှောက်လုံး ငြိမ်သက်စွာ လိုက်ပါလာရပေမယ့် သူမရင်ထဲမှာ ပဟေဠိတွေများစွာ။

သူမက လောကကြီးရဲ့ ရုပ်တရားတွေထက်... ရုပ်ဝတ္ထုတွေထက် စိတ်၏ ငြိမ်းချမ်းငြိမ်သက်မှုတွေကိုမှ ပိုပြီးလိုလားသူ။

ကိုကြီးကတော့ အရာရာလက်တွေ့ဆန်လှပြီး ဘဝကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်နေသူ။

သူမတို့ နှစ်ယောက်ဟာ ... ယုန်နှင့် လိပ်လို... ရှေ့လျားမှုတွေကွဲပြားနေလေသလား။ အဥ္စလီ သက်ပြင်းရှည်ကြီး ချမိလျှင်ကိုကြီးက ကြင်နာစွာ ငုံ့ကြည့်လာခဲ့သည်။

"ဘဝဆိုတာ စိတ်ကူးယဉ်နေလို့ ချည်းမပြီးပါဘူး အဥ္စလီရယ်... ပင်းကို... ကိုကြီးချစ်တယ်။ ကိုယ်တို့ နှစ်ယောက်ရဲ့ဘဝကို...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ နှစ်ယောက်ရဲ့အချစ်ကို လောကကြီးထဲမှာ ရှင်သန်စေမယ်။ တို့ အချစ်နဲ့ ကမ္ဘာကြီးကို တစိတ်တဒေသ အလှဆင်ကြမယ်...”

“ဒါပေမယ့် ကျွန်မကြောက်တယ်... ပင်လယ်ကြီးကိုလည်း ချစ်တယ်...”

•

“စိတ်ချ... ကိုကြီးကို မင်းစိတ်ချ။ မင်းစိတ်ထဲမှာ မရှုံ့မရဲ ခံစားရတာတွေအားလုံးဟာ ကိုကြီးအပေါ် သံသယတွေရှိနေလို့ပဲ။ ပင်လယ်ကြီးကို ချစ်တာကတော့ လွယ်ပါတယ်ကွယ်... ဒီပင်လယ် ကမ်းခြေဆီကို... ပြန်ပို့ပေးပါမယ်။ ဒါမှမဟုတ် အခွေရိုက်ခဲ့မယ်လေ။ အိမ်ကျ... ပြန်ကြည့် ကြတာပေါ့...”

“ဘယ်လိုပဲ ပြောပြော... ကျွန်မ မယုံနိုင်ပါဘူးကိုကြီးရယ် ကျွန်မ ရင်ထဲမှာ သံသယတွေ အမြဲရှိနေတယ်... ကျွန်မ မြင်ဖူးကြားဖူးတဲ့ ဇာတ်လမ်းတွေထဲကလိုပဲ... ပျားပိတုန်းကြီးတွေဟာ... ပန်းကလေး တွေကို ဝါးစားကြမယ်... ပန်းကလေးတွေရဲ့ မျက်ရည်ကြောင့်များ ကမ္ဘာကြီးထဲမှာ ပင်လယ်တွေဒီလောက်များနေလသလားလို့ ကျွန်မ... အမြဲတွေးနေမိပါတယ်။

လရောင်ရေးပျပျ... လမ်းတွေမှာ အဥ္စလီအသံက ငိုညည်း သံနယ်။ ကိုကြီးက အားရပါးရ ရယ်မော ပစ်ခဲ့သည်။

“အဥ္စလီရယ် မင်း ရူးနေပြီသိလား... အေးလေ... ဒါ





သောက်ဆိုင်မှာ အရက်ဘားတွေမှာ မင်းတွေ့မြင်ဖူးသမျှ ယောကျ်ား တွေကလည်း ကြောက်စရာ၊ လန့်စရာတွေချည်းပဲကိုး။ ဒါပေမယ့် ယောကျ်ားတိုင်းတော့ ဒီလိုမဟုတ်ကြပါဘူးကွယ်... အနည်းဆုံးကိုကြီး တစ်ယောက်ကတော့ ဒီလို မဟုတ်ပါဘူး။.. ဒီလောက်ရိုးတာတောင် ကိုယ်က မေတ္တာတရားတွေကို မင်းနှလုံးသားက မခံစားရဘူးတဲ့လားကွယ်”

ရွာအပြန် လမ်းတလျှောက်မှာ အုန်းပင်တန်းတွေနှင့် အရိပ်ထိုး နေပေမယ့် သူတို့ နှစ်ယောက်၏ ချစ်ခြင်းတို့ကြောင့် ကမ္ဘာလောကကြီးက လင်းချင်းနေသည့်နှယ်။

“ကျွန်မ နှလုံးသားတွေ ပူထူနေကြတယ်။ ဘာမှ မခံစားတတ် တော့ဘူး၊ ကိုကြီးကို ချစ်မိတာနဲ့အမျှ ... အကြောက်တရားကလည်း အမြဲ ယှဉ်တွဲ ပါနေခဲ့တယ်...”

“ကဲ... တော်ပြီ... တော်ပြီ တို့နှစ်ယောက်ရဲ့ ဆွေးနွေး ချက်ဟာ... ဒီလိုနဲ့ပဲ ဂျာအေး သူ့အမေရိုက် ဖြစ်နေတော့မယ်... အဥ္စလီကို ဘယ်လောက်ချစ်ကြောင်း အလုပ်နဲ့ပဲ သက်သေပြတော့မယ် နော်... ခံစားချက်တွေ ငုပ်တယ်ကွာ ... အမြဲသူ့ကို တရားချနေ ရတာနဲ့ လူလည်း ဓမ္မကထိက ဖြစ်တော့မယ်...”

သည်တော့မှ အဥ္စလီရယ်မောနိုင်တော့သည်။ ကျွဲမြီးတို့နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရုပ်ကို ကြည့်ပြီး… သူ့လက်မောင်းကို ကိုင်ဆုပ် လမ်းလျှောက်ရင်း ရယ်မောနေလျှင်… အစ္စလီ သံသယတွေ တဒင်္ဂလင်းချင်း… လွင့်စင် သွားခဲ့ရပေသည်။

သည်စဉ်… ဖျတ်ခနဲ အနားသို့ ကပ်လာကြသည့် လူ ၃-ယောက်ကြောင့် အစ္စလီ တို့လန့်ဖျပ်သွားကြသည်။ ဘာလဲ… ဘာလိုချင်လို့လဲ။

"အသံမထွက်နဲ့ ကျေးဇူးပြုပြီး ရှေ့ကိုဆက်လျှောက်ပါ။ ငါတို့ ညွှန်ကြားတဲ့အတိုင်း လိုက်နာပါ…"

နှစ်ယောက်က သူမတို့ နံကြားထဲသို့ ဒါးတစ်ချောင်းစီနှင့် ချိန်ကပ်ဖိသွင်းထားကြပြီး တစ်ယောက်က ရှေ့မှ အမိန့်ပေးနေခဲ့သည်။

ဒါ… ဓားပြ တိုက်တာလား။ အစ္စလီ့မှာတော့ ရွှေငွေမပါ။ ကိုကြီးမှာရော… သူကလည်း ဘာမှဝတ်လေ့ဝတ်ထရှိသူ မဟုတ်။

"ရှင်တို့ ဘာလိုချင်လို့လဲ… လိုချင်တာယူပေါ့။ တောင်းပေါ့။ ကျွန်မတို့ အိမ်ပြန်ရဦးမယ်…"

ရွာသို့ရောက်ဖို့က အဝေးကြီးလိုသေးသည်။ လူဆက်ပြတ်လှသည့် အုန်းပင်တန်းတွေဘေးမှာ… အမှောင်ရိပ်ကလည်း ကြီးစိုးလှလှ။





"မရှည်နဲ့"

"ခွပ်" ခနဲ… ထုသံနှင့်အတူ… အစ္စလီခေါင်းမှ သွေးတွေ ထွက်ကျလာခဲ့လျှင် ကိုကြီး… လူပ်လူပ်ရှားရှား ဖြစ်လာခဲ့သည်။

"ဟေ့လူတွေ ခြေပါလက်ပါ မလုပ်နဲ့။ ဒါ… ကလေးကစား နေတာ မဟုတ်ဘူး။ လူဗျ… လူ"

နောက်မှ လူတွေမှာ ဘာစကားမျှ ပြန်မပြောတော့ဘဲ… အစ္စလီနှင့် ဦးသက်စံကို ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားခဲ့ကြသည်။

ခဏကြာလျှင် သူမတို့ ကမ်းခြေသို့ ရောက်ရှိနေပြီး စက်လှေ တစ်စင်းကို ဘွားခနဲတွေ့လိုက်ကြရသည်။

"တက်…"

နှစ်ယောက်စလုံး တွန့်ခနဲ ဖြစ်သွားကြသော်လည်း နောက်မှ နှစ်ယောက်၏ ဒါးဦးများက ခပ်ဖိဖိ စိုက်လာခဲ့သဖြင့် တက်လိုက်ကြရသည်။

"ဒီလူတွေ ဘာကြောင့်တာပါလိမ့်"

အတွေးတို့ဖြင့် ချာချာလည်လည်နေဆဲ… စက်လှေ မောင်း ထွက်လာသည့်အခါ… စက်လှေဝမ်းခေါင်းထဲမှာ သူမတို့နှစ်ယောက် ကိုသာ ထားပစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး··· အဲဒါ လာလုပ်ကြတာလဲ။အဥ္စလီ တို့ကို ပြန်ပေး ဆွဲတာလား။ ဘယ်ကိုခေါ်သွားကြမှာလဲ···"

"ဘယ်သိမလဲကွယ်··· ဒါပေမယ့် မကြောက်ပါနဲ့··· သူတို့ တစ်ခုခုတော့ တောင်းဆိုကြမှာပေါ့··· ဘာပြဿနာပဲ ဖြစ်ဖြစ် ရင်ဆိုင် ဖြေရှင်းကြတာပေါ့ကွယ်···ကိုကြီး ရှိနေတာပဲ ကလေးရယ် ဘာမှ မစိုးရိမ်နဲ့နော်···"

ကိုကြီးက ကြင်နာစွာဖြောင်းဖျသည့်အခါ··· မျက်ရည်များ စို့အောင် ဝမ်းနည်းလှိုက်ဟာလာခဲ့ပြီး··· သူ့ကို မှီကာ··· အဥ္စလီ ငိုကြွေးမိခဲ့ပါတော့သည်။

"ရောက်ပြီ··· ဆင်း···"

၅-နာရီခန့်မျှ စက်လှေစီးခဲ့ရပြီးလျှင်··· ကမ်းခြေတစ်ခုသို့ သူတို့ရောက်ရှိသွားခဲ့ကြသည်။ ညကလည်း ခပ်မှောင်မှောင်မှာ၊ နယ်မြေ တွေလည်း မသိသဖြင့် သူမတို့ ရောက်ရှိနေတာ ဘယ်နေရာမှန်း အဥ္စလီတို့ မသိပါ။

ဒါ··· ရွာတစ်ခုခုလား။ ကျွန်းတစ်ခုခုလား။ ဘုရားရေ·· သူတို့ ဘာလုပ်ကြမလို့လဲ။





အတွေးဖြင့် အဥ္စလီ ကြောက်လန့်စိုးရွံ့နေသမျှ ကိုကြီးက သွေးအေးအေးဖြင့် ရင်ဆိုင်အားပေးနေခဲ့သည်။ သူမ၏ လက်ဝါးတစ် ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ် လှုပ်ရမ်းနေခဲ့သည်။

ဆောင်းညချမ်းသို့ ပင်လယ်လေများက တသုန်သုန်တိုက်ခတ် နေ၏။ ဓာတ်မီး ရောင်အတိုင်း··· အနည်းငယ် လျှောက်ရပြီးလျှင် ခြေတံရှည် အိမ်အိုကြီးတစ်လုံးပေါ်သို့ သူတို့ ရောက်ရှိသွားကြသည်။ ခေါ်လာသည့် လူ ၃-ယောက်၊ အဥ္စလီနှင့် ဦးသက်စံပေါင်း ၅-ယောက်။

"ကျွန်မတို့ကို ဘာလုပ်ဖို့ ခေါ်လာကြတာလဲ···"

"ရှူး အဲဒီအခန်းထဲမှာ အဖြေရှိတယ်···"

သူတို့ နှစ်ယောက်ကို အခန်းတစ်ခုထဲသို့ သွင်းလိုက်လျှင် ထိုအခန်းက ဘက်ထရီမီးချောင်းတစ်ခု၏ အလင်းဖြင့် အတန်ငယ် လင်းချင်းနေလေ၏။ ညှော်ခန်းနှင့်တူသည့် စားပွဲတစ်ခု၏ နောက်မှာ ခေါင်းဆောင်နှင့်တူသူ တစ်ယောက်ထိုင်နေခဲ့သည်။ ရုပ်ရှင်ထဲကအတိုင်း မျက်လုံး ၂-လုံးသာ ဖော်ထားသည့် ခေါင်းစွပ်အနက်နှင့်။ သူ··· ဘယ်သူလဲ။

"လာပါ··· ကြွပါ··· ညှော်သည်တော်ကြီးများ ခင်ဗျား"

အဥ္စလီ အူကြောင်ကြောင်ဖြစ်နေသည်။ ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြိမ်းခြောက်တုန်းက လူတွေနှင့် ဒီလူတွေဟာ အတူတူလား။ ဦးသက်စံနှင့် မပတ်သက်ဖို့ တောင်းဆိုကြသူတွေသည် ယခုတော့ ဦးသက်စံကိုပါ ဖမ်းလာကြလေသလား။

အဥ္စလီနှင့် ကိုကြီးမှာ ထိုသူ၏ရှေ့တွင် ထိုင်လိုက်ကြရသည်။ စားပွဲ၊ ကုလားထိုင်များက ဟောင်းပေမယ့် ခန့်ခန့်ညားညား။ ကျွန်းစားပွဲ၊ ကုလားထိုင်ကြီးတွေဖြစ်ဖြစ်သည်။ အဆောက်အဦကလည်း ဟောင်းအိုနေပေမယ့် ဗိုလ်တဲ ဆန်ဆန် ဆောက်လုပ်ထား၏။

အဥ္စလီနှင့် ဦးသက်စံတို့ ဝင်လာသည့် အခန်းပေါက်ဝမှာ လူနှစ်ယောက်က လက်နက်နှင့် စောင့်ကြပ် နေလေ၏။ ခေါင်းဆောင်၏ နောက်မှာလည်း လူ ၂-ယောက်က အသင့်အနေအထားဖြင့် စောင့်ကြပ်လျက် "ကျွန်တော်တို့ကို ဘာကိစ္စ ခေါ်လာကြတာလဲ။ ခင်ဗျားတို့ လုပ်ရပ်ဟာ ဥပဒေကို ချိုးဖောက်နေကြတာပဲ . . ."

ဦးသက်စံ၏လက်ကို အဥ္စလီ ညင်သာစွာ ဆုပ်ကိုင်သတိပေးလိုက်မိသည်။ အရာရာ သတိရှိရပေမည် မဟုတ်ပါလား။

သူတို့ ၂-ယောက် ထိုသူကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေမိကြတော့သည်။

"ခင်ဗျားတို့ ၂-ယောက်လုံး လူစိမ်းတွေ။ ခင်ဗျားတို့ကို ဘယ်လို





လုပ်လုပ် ဘယ်သူမှ သိမှာ မဟုတ်ဘူး . . ."

"မှားတယ် . . . ကျွန်မရှာက ကျွန်မကိုသိတယ်။ ကျွန်မ ပျောက်ရင် သူတို့ လိုက်ရှာကြမှပဲ . . ."

"လိုက်ရှာလည်း မတွေ့ပါဘူး . . . ပြီးတော့ မင်းချစ်သူနဲ့ လိုက်သွားတဲ့ ပုံစံမျိုး ငါတို့ဖန်တီးထားခဲ့တယ် . . ."

ထိုသူ၏ စကားကို အဥ္စလီ မကျေနပ်သော်လည်း ခေတ္တ ငြိမ်သက် နေလိုက်သည်။ ထိုသူက စကားဆက်ပြောလေ၏။

"လူသတ်တာတွေ၊ ဘာတွေတော့ မလုပ်ပါဘူး . . ဒါပေမယ့် ဒါ လူမနေတဲ့ ကျွန်းတစ်ခုပဲ။ ဒီဗိုလ်တဲက ဟိုး . . . အင်္ဂလိပ်ခေတ်က ဆောက်ထားတဲ့ ဗိုလ်တဲ၊ လူ အရောက်အပေါက်နည်းလွန်းတယ်။ ကျွန်ုပ်တို့ အလုပ်က ခင်ဗျားတို့နှစ်ယောက်ကို ဒီကျွန်းပေါ်မှာ ထားပစ်ခဲ့ ဖို့ပဲ"

"အဲဒီအတွက် ခင်ဗျား အကျိုးအမြတ် ဘယ်လောက်ရသလဲ။ ဘယ်သူက ခိုင်းတာလဲ"

"ဒါကတော့ ပြောလို့ ဘယ်ဖြစ်မလဲ။ လူဆိုးဆိုတာလည်း ကတိသစ္စာတော့ တည်ရတယ် . . ."

ခေါင်းဆောင်၏အသွင်က ခေါင်းစွပ်ကြောင့် ရုပ်ကို မမြင်ရသော်လည်း တုတ်တုတ်ခိုင်ခိုင် ကြမ်းကြမ်းရမ်းရမ်း။ အဥ္စလီ တွေ့မြင်ရသမျှ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် မိုက်တိမိုက်ကန်း ရပ်တွေချည်း။

"ဒါဖြင့် ခင်ဗျားတို့က ကျုပ်တို့ကို ဒီကျွန်းပေါ်မှာ ဒီလိုမဲ့ ပစ်ထားခဲ့ကြမယ်ပေါ့ ဟုတ်လား... ဘာရည်ရွယ်ချက်တွေပါလိမ့် "

ဦးသက်စံ တွေးမရသလို အဥ္စလီလည်း စဉ်းစားလို့မရ။ သို့သော် သူတို့ကို သတ်မပစ်ဘူး။ ဘာမှ မလုပ်ဘူးဆိုလျှင်တော့ တနည်းနည်းဖြင့် လွတ်အောင်ကြံဆောင်နိုင်ပါသေးသည်။ လူသူအရောက်၊ အပေါက် နည်းသည် ဆိုပေမယ့်၊ လေတွေ၊ သင်္ဘောတွေ အနားမှ ဖြတ်သွားကြဦး မှာပေါ့။

ငယ်ငယ်တုန်းက သင်ခဲ့ဖူးသည့် ရခိုင်ဒေသမြေပုံမှ ကျွန်း ကလေး ပေါင်းများစွာကို အဥ္စလီ သတိရလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ အပေးအယူတစ်ခုတော့ လုပ်ကြရအောင်။ ခင်ဗျားတို့ကိုခိုင်းတဲ့ သူ့ထက် ကျုပ်က ငွေပိုပေးနိုင်ပါတယ်။ ကျုပ်တို့ကို လွှတ်ပေးခဲ့ပါ။ ဒီကျွန်းမှာ မထားခဲ့ကြပါနဲ့"

ဦးသက်စံက တည်ငြိမ်စွာပင် ခေါင်းဆောင်ဖြစ်သူကို ကမ်းလှမ်း လိုက်လျှင်... ခေါင်းဆောင်ဖြစ်သူက ရယ်မောခဲ့လေသည်။

"ကောင်းပြီလေ... ကျုပ်တို့ ဆောင်ရွက်ပေးရတဲ့ ညွှန်ကြား ချက်ထဲမှာ ၂-ယောက်လုံးကို ပြန်လွှတ်ပေးခွင့်၊ ခေါ်သွားခွင့်မရှိပေမယ့်၊





တစ်ယောက်ကိုတော့ ခေါ်သွားချင်၊ လွှတ်ပေးခွင့် ရှိပါတယ်။ ကဲ... ခင်ဗျားပြန်လိုက်ခဲ့ပေတော့။ ကောင်မလေးကို ဒီကျွန်းပေါ်မှာ ထားခဲ့ရမယ်"

"ရှင်..."

အဥ္စလီ အလွန်အမင်း ကြောက်လန့်သွားမိသည်။ တိတ်ဆိတ် အေးစက်သော ကျွန်းပေါ်မှာ သူမတစ်ယောက်ထဲ ကျန်ခဲ့ရမတဲ့။ သိန်းပေါင်း များစွာ ချမ်းသာသော ကိုကြီးသည် သူမကို အသက်နှင့် ထပ်တူ ဘဝနှင့် ထပ်တူ ချစ်နိုင်ပါ့မလား။ အားငယ်စိတ်ကြောင့် မျက်ရည် များလျှံတက်လာကြလျှင် အဥ္စလီ ခေါင်းငုံ့ချလိုက်မိသည်။

သူ သွားရက်လျှင် သွားပါတော့...

သူ ထားရက်လျှင် ထားခဲ့ပါတော့..."ဒါတော့ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်တို့ ၂-ယောက်လုံးကို လွှတ်ပေးပါ။ ခင်ဗျားတို့ အလိုရှိသလောက် ပေးပါ့မယ်..."

"မရဘူး.... ညွှန်ကြားချက်ထဲမှာ ကောင်မလေး မပါဘူး။ ခင်ဗျားတစ်ယောက်ပဲ ပြန်လိုကပြန်နိုင်တယ်။ ဒါမှမဟုတ် ၂-ယောက် အတူသေတူရှင်မကွာ နေလိုသပဆိုလည်း နေနိုင်ပါတယ်...တဲ့။ ဒီကျွန်းက အန္တရာယ်တော့ နည်းနည်းရှိတာပေါ့ဗျ။ မြွေတို့၊ ကင်းခြေ ပေါတယ်။ ပင်လယ်ထဲဆိုတော့ လေပြင်းမုန်တိုင်းခဏ၊ ခဏ ထိမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေသရဲတော့ ခင်ဗျားတို့ မကြောက်တတ်ဘူး မဟုတ်လား···"

အရပ်လေးမျက်နှာမှ တိုက်ခတ်နေသည့် လေသံ၊ လှိုင်းသံများက တဝုန်းဝုန်း၊ တရှဲရှဲနှင့် ဆူညံနေကြသဖြင့် သူ့စကားကို အပြည့်အဝ ထောက်ခံချက်ပေးနေသည့်နှယ်။

"သေချာစဉ်းစားနော်။ ခင်ဗျား ပြန်လိုက်ချင်ရင် လိုက်နိုင်တယ်။ ကောင်မလေးကိုတော့ ထားခဲ့ရမှာပဲ။ မိန်းမဆိုတာ ပေါပါတယ်ဗျာ။ မိန်းမတစ်ယောက်အတွက်နဲ့တော့ ကိုယ့်ဘဝကြီးကို လွှင့်မပစ်လိုက်ပါနဲ့။ ခင်ဗျား တစ်နာရီ စဉ်းစား။ တစ်နာရီပြည့်ရင် ကျုပ်တို့ စက်လှေပြန်ထွက်မယ်။ ကောင်မလေးတော့ ဒီမှာ ကျန်ခဲ့ရလိမ့်မယ်။ ကံကောင်းရင်လည်း ကယ်မယ့် မင်းသားလေး၊ ဘာလေးပေါ်လာပြီး ဇာတ်ပေါင်းခန်းလေး၊ နှစ်ပါးသွားလေး ကရာတာပေါ့ဗျာ။ တစ်ခုတော့ ရှိတယ်နော်။ ခင်ဗျားတို့ ၂-ယောက်ကို အခုအချိန်ကစပြီး တကွဲစီထားရဦးမယ်။ တော်ကြာ ကောင်မလေးက မျက်ရည်တွေဘာတွေကျပြရင် ခင်ဗျား အသည်းတွေ ကြွေ၊ အရည်တွေ ပျော်သွားလိမ့်ဦးမယ်။ အနှောင်အဖွဲ့ ကင်းကင်းနဲ့ စဉ်းစားဦးပေါ့ဗျာ။ လောကမှာ ပဓာန အကျဆုံးဟာ မိန်းမ တစ်ယောက်လား၊ ကျန်တဲ့ လူ့ဘုံလောကကြီးလားဆိုတာ သေချာစဉ်းစားပေါ့။ ကဲဟေ့··· သူတို့ နှစ်ယောက်ကို စီစဉ်ထားတဲ့ နေရာတွေမှာ





ထားပေး လိုက်ပါ· · ပြီးမှ··· တို့လည်း နည်းနည်းပါးပါး အနားယူကြတာပေါ့"

ထိုသူ၏ အောင်မြင်သော အသံကြီးအဆုံးမှာ မကောင်းဆိုးဝါးများနှယ်··· ကျန်လူများက ရယ်မောကြပြီ။ အဥ္ဇလီနှင့် ဦးသက်စံကို တစ်နေရာစီသို့ ဆွဲခေါ်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

မိန်းမ တစ်ယောက်အတွက်နဲ့ ဘဝကို စတေးမပစ်လိုက်ပါနဲ့ လွှင့်မပစ်လိုက်ပါနဲ့ ကိုကြီးရယ်··· အဥ္စလီ နားလည်ပေးလိုက်ပါတယ်။

ထွက်ခွာသွားသည့် စက်လှေသံကို နားစိုက်ထောင်ရင်း··· အခန်းလေးထဲမှာ အဥ္စလီ မျက်ရည် တသွင်သွင်စီးကျနေမိသည်။ ရင်ကွဲနာ ကျတယ်ဆိုတာ ဒါမျိုးလား··· နှလုံးသား တစ်ခုလုံး··· အရည်ပျော်လုမတတ် တမြည့်မြည့် ပူလောင်နေမှုဟာ ချစ်သူက စွန့်ပစ်သွားခဲ့လို့ပါပဲ···

အေးလေ သူ့ရဲ့ လှပမွန်မြတ်လှတဲ့ ဘဝကြီးတစ်ခုလုံးနဲ့စာတော့ အချစ်ဆိုတာ မြူမှုန်လေး တစ်ပွင့်စာမျှပါ···အဥ္စလီ ဆိုတာ သန်းပေါင်းများစွာထဲက သာမာန်မိန်းမပျိုလေး တစ်ယောက်ပါပဲ ဘာများဆန့်လို့လဲကွယ်···

တွန့်စ်ကိုယ် တဲအိုပျက်မှာ နေတာတို့ တစ်နေ့ကွဲတာ





ရက်ပေါင်း ခုနစ်ရာ ဆွေးတာတို့ဟာ ပုံပြင်တွေပါ ဒဏ္ဍာရီတွေပါ။

အသက်နဲ့၊ ဘဝနဲ့၊ ခြိမ်းခြောက် လာတဲ့အခါ ဘဝကြီးတစ်ခုလုံးနဲ့ ကိုင်လှုပ်လာတဲ့အခါ···

ချစ်သူဆိုတာ အပေါ်ယံမြေဆီလွှာ လေးတစ်ခုပါပဲကွယ်···

ကိုကြီးကို··· အဥ္စလီ စိတ်မနာကျည်းရက်ပါဘူး

ကိုကြီး မှန်ပါတယ်···

သူမကို ထားခဲ့ကြသည့် အခန်းလေးထဲမှ အာရုံကို ငံ့လင်းရင်းလှိုင်းသံ၊ လေသံ တဝုန်းဝုန်းကို နားဆင်ရင်း၊ ရင်ကွဲနာ ကျပြီး သေဆုံးမသွားရအောင်၊ အကြောက်လွန်ပြီး၊ သေဆုံးမသွားရအောင် အဥ္စလီ စိတ်ကို တင်းလိုက်သည်။ ကွဲအက်တော့မည့် ရင်ဘတ်ကို ဆုပ်ဖိထားလိုက်သည်။

ကမ္ဘာလောကကြီးကို ငါချစ်တယ်···အချစ်ဆိုတာ ဘဝသေဆုံးဖို့အတွက် မဟုတ်ဘူး။

ဘဝကို အသစ်တဖန်ပြန်လည်ရှင်သန် စေဖို့သာဖြစ်တယ်"

လူဆိုတာ မွေးဖွားလာကတည်းက တစ်ယောက်ထဲပဲ···

ကမ္ဘာလောကကြီးကို ငါတစ်ယောက်ထဲ ရင်ဆိုင်ခဲ့ရမှာ ဆန်းသလား။ ရင်ဆိုင်ကြည့်မယ်···

ငါဟာ လောကကို အောင်နိုင်သူ ဖြစ်ရ၏။ အာရဏ်ပေါင်းများစွာကို ငါစောင့်ကြည့်ဦးမယ်···

ရင်ထဲမှာ ခွန်အားများ မွေးမြူရင်း ကျန်ရှိနေသေးသည့် ညလေး တစ်ဝက်ကို အဥ္စလီ နှစ်ခြိုက်စွာ အိပ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသည့်အခါ အိမ်ထဲမှာ ဆူညံစိုပြည်နေသည်။ ငှက်ကလေးများ၏ အသံကြောင့် သူမ၏ဘဝသည် ထင်သလောက် အထီးကျန်မဆန်သေးကြောင်း အစ္စလီစိတ်ချမ်းသာစွာ တွေးမိလိုက်သည်။

ဘာဖြစ်သလဲ။

လေ့ခွက်ချည်းဆန်၊ အလံမလဲတဲ့။

အင်း . . . လေ့ကလေး . . . တစ်စင်းလောက်ရှိရင် ကောင်းမှာပဲ။ မြစ်ဝကျွန်းပေါ်သူပီပီ အစ္စလီ လေ့လော်တတ်ပါသည်။

အိမ်ပေါ်မှ အရပ်လေးမျက်နှာသို့ ရှု့ကြည့်လိုက်သည့်အခါ ဇင်ယော်တွေကမ်းလုံးညွတ်မျှ လှုပနေသည့် ကမ်းခြေကို အစ္စလီ လှမ်းမြင်လိုက်ရသည်။

အင်း . . . ငါ လူ့ဖြစ်ကျိုးမရှုံးပါဘူး . . .

ရော်ဘင်ဆင်ခရူးဆိုးလို့ပဲ . . . ဘဝကို ရင်ဆိုင်လိုက်ရုံပေါ့။

ငါ့မှာ အမိအဘတွေ ရှိခဲ့ဖူးတယ် . . .

အချစ်ဆုံးချစ်သူဆိုတာလည်း ရှိခဲ့ဖူးတယ် . . . သေရင်ခွဲရမယ့် ချစ်သူတွေကို ရှင်စဉ်ကတည်းက ကြိုခွဲကြည့်ရတော့ရော ဘာတွေထူးပြီး ရင်ကွဲနာ ကျနေရဦးမှာလဲ . . .

အခန်းကျဉ်းလေးထဲမှ ထွက်ပြီး . . . လောကကိုရင်ဆိုင်ကြည့်ဖို့ အစ္စလီစတင် ကြိုးစားလိုက်သည်။

ဒါဟာ . . . ငါ့ရဲ့ ကံတရားပါပဲ။

မွန်မြတ်လှပ လှတဲ့ချင်သူကို ချစ်မိလိုက်လို့ ကံတရားကြီးက





ငါ့ကို ဒဏ်ခတ်လိုက်တာပဲ။

လူသူမရှိသည့် ကျွန်းကလေးပေါ်မှာ ဘဝကို ရှင်သန်ခွင့်ရအောင် အစ္စလီ ကြိုးစားမည်။

ညက ဘာမှန်း၊ ညာမှန်း မသိခဲ့သည့် မိုလ်တဲ အိမ်ကလေးကို လျှောက်ကြည့်ပြီးလျှင် အိမ်ပေါ်မှ အစ္စလီ ဆင်းလိုက်သည်။

ဇင်ယော်တွေ ကမ်းလုံးညွတ်နေသည့် ကမ်းခြေသို့ သွားမည်။

လှိုင်းသံ၊ လေသံတွေဟာလည်း ကြောက်စရာမဟုတ်။ အဲဒါ သဘာဝရဲ့ တေးသံ။ ကမ္ဘာဦးကတည်းက တည်ရှိလာခဲ့ကြသည့် ဘဝရဲ့ လွတ်မြောက်မှု တေးသံတွေပါပဲ။

လှိုင်းကလေးတွေမှာ အနှောင်အဖွဲ့မရှိ။ လေပြေလေညင်းတို့မှာ အနှောင်အဖွဲ့မရှိ။ ကမ္ဘာအရပ်ရပ်သို့ တိုင်အောင် အေးမြမွှေးပျံ့နိုင်သည်။ တိုက်ခတ်နိုင်သည်။

သဘာဝပေါက်ပင်များနှင့် စွတ်စိုပိုင်းညို့နေသည့် ကျွန်း၏ အတွင်းပိုင်းဆီသို့ တစ်ချက်လှမ်းကြည့်လိုက်လျှင် အစ္စလီရင်မှာ အင်အားတွေသာ တိုးပွားလာခဲ့သည်။

လူတွေ တစ်ယောက်မျှမရှိတော့ရော ဘာဖြစ်သလဲ။

သီချင်းသံများ၊ ယောကျ်ားသံများနှင့် ဆူညံငရဲပွက်နေသည့် လောကဆိုင်မှာ၊ အရက်ဘားမှာ ဘဝကို အသုံးချရသည်ထက်စာလျှင် လူတစ်ယောက်မျှ မရှိသည့် ဒီနေရာလေးကမှ နှစ်ခြိုက်စရာ ကောင်းပါဦးမည်။

အသိနှင့်အမှု ရှန်းကန်ကူးခတ်ခဲ့ရသည့် ဘဝတိုက်ပွဲဆိုတာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အဥ္စလီခြေကုန်လက်ပန်း ကျခဲ့လှပါပြီ· · ·

ကမ္ဘာဦး လူသားတို့လိုပဲ· · · သစ်သီးရှာမည်၊ အမဲလိုက်မည်။ ငါးဖမ်းမည်။

ရှုးသွပ်သွားသည်လို့ပင် ပြောပြော။ တောရိုင်းပန်းပွင့်လေး တစ်ပွင့်ကို ခူးဆွတ်ပန်ဆင်ရင်း အဥ္စလီ တသိမ့်သိမ့် ရယ်မောမိခဲ့သည်။

ယခုမှ လွတ်လပ်တော့တယ်။

ဘာအနှောင်အဖွဲ့မှုမရှိ။ ဘာပကာသန၊ ဘာအာဆောင် အယောင်မှု မရှိ။

ဦးခေါင်းကို မော့ပြီး၊ မြင်းရိုင်းလေးတစ်ကောင်လို· · ကမ်းခြေသို့ အဥ္စလီ ပြေးထွက်ခဲ့လျှင် စင်ရော်လေးများက သူမ၏ ရှေ့နောက်ဝဲယာမှာ ပျံသန်းလိုက်ပါလာခဲ့သည်။

ကမ်းခြေက သဲသောင်များဖြင့် ဝင်းပဖွေးလက်လျှက်။ ပင်လယ် ဒီရေ အတက်အကျတွေ ရှိသော်လည်း သဲများကြောင့် ကမ်းခြေသည် လှပဖွေးလက်နေဆဲ။

နံနက်ဦး၏ နေရောင်ခြည်ကြောင့် နှင်းထုများပြိုကွဲကျနေပုံက အစ· · · ပင်လယ်ကြီးနှင့်ပလ္လာရလှသည်။

အင်း· · · ဗိုက်ဆာလာရင် ဘာစားရမလဲ။ ဒွေးလို· · · ပေါင်မုန့်ပေးမည့် သူလည်းမရှိ။ အေးလေ· · · စားစရာ တစ်ခုခုတော့ ရှိမှာပေါ့။

ဒါတွေ· · · အခုမပူသေးဘူး။

မိန်းမသားဆိုတာ ကြီးကြီးကျယ်ကျယ်တွေ တွေးမနေအားပါဘူး ခေတ်ကြီး ၅-ခေတ်ထဲမှာ မိခင်အုပ်ထိန်းသော ခေတ်ဆိုတာလည်း ရှိ





ဖူးတာပဲ။ ကိုယ့်တစ်ဝမ်းတစ်ခါးကတော့ ဘယ်လိုနေနေ စားလို့ရမှာပါပဲ။

ကမ်းခြေမှာ· · · ယောင်ချာချာ လျှောက်သွားပြီးနောက်· · အဥ္စလီ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ထဲမှာ ဘာတွေရှိမလဲ· · · ပြန်ရှာ ကြည့်ဦးမည်။

ဗိုလ်တဲ ဆန်ဆန် အိမ်အိုကလေးမှာ လေကွယ်အရပ်တွင် ဆောက်လုပ်ထားသဖြင့် နှစ်ပေါင်းများစွာ ခံနေခြင်းဖြစ်မည်။ တစ်ညတာ အိပ်စက်ခဲ့ရသည့် အိမ်ကလေးပေါ်သို့ လှမ်းတက်လိုက်လျှင် အဥ္စလီရင်မှာ လှိုက်ခနဲ။

ချစ်သူစွန့်ပစ်ခဲ့သည့် နေရာလေး။ အို· · · ဒီလို မတွေးပါဘူး။ ချစ်သူရောက်ရှိ နားခိုသွားခဲ့ဖူးသည့် အိမ်ကလေးပါ· · ·

တကယ့်တကယ်ကျတော့ရော· · · သံသရာ ခရီးရှည်ကြီးကို လျှောက်လှမ်းကြရတဲ့အခါ လူသားအားလုံးဟာ အဖော်မပါဘဲ တစ်ကိုယ်ထဲ လျှောက်လှမ်းကြရမှာပဲ မဟုတ်လား· · ·

သေရင်ခွဲရမယ့်အစား ရှင်စဉ်ကတည်းက သူခွဲသွားခဲ့တာကို အဥ္စလီ စိတ်နာ မနေတော့ပါ· · ·

ချစ်သူရေ· · · ကမ္ဘာကြီးထဲမှာ ရှင်ရယ်မောနိုင်ပါစေ· · ·

စိတ်ကို သိမ်းဆည်းလိုက်ပြီးလျှင်· · · အဥ္စလီ အိမ်ပေါ်သို့ တက်ခဲ့သည်။ အခန်းတွေထဲမှာ ဘာတွေရှိမလဲ· · · သူမအတွက် အထောက်အကူရနိုင်မည့် ပစ္စည်းလေးများကို၊ အဥ္စလီ လိုက်လံရှာဖွေ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဩော်…”

ချစ်သူ နားခိုသွားခဲ့ဟန်တူသည့် အခန်းလေးထဲမှာ သူ့နာရီ၊ လက်စွပ်နှင့် မီးခြစ်လေးတစ်လုံးကို အဉ္စလီ တွေ့ရှိလိုက်လျှင် ရှုံးသွပ်စွာပင်… သူမ ပွေ့ယူရှိုက်နမ်းမိခဲ့သည်။

မမုန်းပါဘူး…

သူ ဘယ်လိုပင် ရက်စက်သည် ဖြစ်စေ၊ အဉ္စလီ သူ့ကို မမုန်းမေ့နိုင်ပါ…။

မည်သူမဆို… သူ့လိုပင် ဖြစ်သွားနိုင်သည် မဟုတ်ပါလား။

ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ထဲက ကျွန်းကလေးမှာ ချစ်သူနှင့် ၂-ယောက်ထဲ နေထိုင်ရခြင်းထက်၊ အစစအရာရာ ပြည့်စုံကြွယ်ဝလှသည့် လူ့ဘုံခန်းဝါထဲမှာပင် နေလိုကြမှာပေါ့…

ပြီး… သူ့မှာ သားနှင့် ဘနှင့်။ မည်သို့ပင်ဖြစ်စေ အဉ္စလီ ချစ်သူကို ခွင့်လွှတ်နိုင်ပါသည်။ ရင်ထဲမှာတော့ နာကျင်စူးအောင့် လျှက်ပေါ့လေ…။

“ဟော…”

တစ်ဖက်သို့ လှည့်လိုက်လျှင် သူချွတ်ထားခဲ့သည့် ဂျာကင် အင်္ကျီကြီးကို တွေ့လိုက်ရပြန်သည်။

အို… သူ… ညက သိတ်အေးရာတော့မှာပဲ။ ကျွန်းကလေးမှာ ကျန်ခဲ့ရမည့် အဉ္စလီ အတွက် သူ့အသက်၊ သူ့ဘဝမလွဲပြီး… သူတတ်နိုင်သမျှ ပေးခဲ့သည်ပေါ့။

သူ့ ဂျာကင် ပွပွကြီးကို ပွေ့ယူလိုက်ပြီးလျှင် မျက်ရည်များနှင့်





အဉ္စလီ ရယ်မောမိပြန်သည်။

တော်ပြီ… နောက်မငိုတော့ဘူး… ဒါနောက်ဆုံးပဲ။

ဘဝကို ဒေါင်ကျကျ၊ ပြားကျကျ ရင်ဆိုင်တော့မည်။

သူထားခဲ့သည့် ပစ္စည်းလေးများကို… ကိုယ့်အခန်းသို့ ရွှေ့ယူခဲ့ပြီးလျှင် အိမ်ထဲမှာ အဉ္စလီ ဆက်လက်ရှာဖွေခဲ့ပြန်သည်။

“အဲ…”

မီးဖိုထဲသို့အဝင် စားပွဲပေါ်မှာ အရက်ပုလင်းခွံများနှင့် စားကြွင်းစားကျန်များကို သူမ တွေ့ရပါလေ၏။ နောက် … စားပွဲအောက်မှာ ဒါးမြှောင်တစ်လက်နှင့် အသားခြောက်တစ်ချိုး။ ဒါကတော့ သူတို့အဖွဲ့ထဲမှ သူမကို သနားသည့် လူတစ်ယောက်ယောက် ထားခဲ့တာဖြစ်လိမ့်မည်။

အသွား ၂-ဖက်နှင့် တစ်ထွာလောက်ရှိမည့် ဒါးမြှောင်ကြီးကို ကောက်ကိုင်ပြီး အဉ္စလီခွန်အားတွေ ရှိနေမိပြန်သည်။ ဘာပဲဖြစ်ဖြစ်၊ အရေးအကြောင်းရှိရင် သုံးရတာပေါ့။ လောကဓံနှင့် တိုက်ပွဲဝင်ရသည့် အခါ ဒါဟာလည်း လက်နက်တစ်ခုပါပဲ။

စားပွဲပေါ်မှာ ကျန်ခဲ့သည့် အသားကင် အကြွင်းအကျန်များကို သူမ… ယူငင်စားသောက်နေစဉ် အနားသို့ကပ်ပြီး ဝုန်းခနဲ ခုန်ချလိုက်သံ တစ်ခုကြောင့် အဉ္စလီ ဆတ်ခနဲ ထိတ်လန့်သွားမိသည်။ ညဖက်သာဆို လိပ်ပြာလွင့်ရမယ့် အပေါက်ပါပဲ။ မိန်းမသား တစ်ယောက်ထဲရှိနေရသည့် အထဲ ယခုတော့ နေ့ဖက်မို့… ဒါးမြှောင်ကို ဆုပ်ကိုင်ရင်း အဉ္စလီ လှည့်ကြည့်လိုက်လျှင် … သူမကို စူးရဲ၊ ပြူးပြဲစွာ ကြည့်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြီး တစ်ကောင်ကိုသာ တွေ့ပိုက်ရပါသည်။

အိုး… တောကြောင်ဆိုပေမယ့် အမွေးတစ်ကိုယ်လုံးအနက်က စိုလက်နေပြီး ဗိုက်ကလေးဖြူနေပုံက ချစ်စဖွယ်။ မျက်လုံးလေးများကလည်း သူတိုက်ပွဲဝင်ခဲ့ရသည့် တောရိုင်းသတ္တဝါများနှင့်မူ မည်သို့မျှမည် မသိသော်လည်း… အဥ္စလီကို ကြည့်နေပုံကတော့ နူးနူးညံ့ညံ့။

"ပူစီ… မြည်… မြည်…မြည်…"

တောရိုင်းသတ္တဝါလေးကို အသားကင်တစ်ဖတ် ထိုးပေးရင်း လက်တစ်ဖက်ဖြင့် ပွတ်သပ်ပေးလိုက်လျှင် တောကြောင်ကလေးမှာ အဥ္စလီ အနားသို့ တိုးကပ်လာခဲ့သည်။

"အဖော်ရတာပဲ။ မင်းဟာ ငါ့အတွက် ပဥ္စမ် တပ်သားလေး တစ်ယောက်ပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ်… လူသူမရှိတဲ့… တောကြီး မျက်မည်း ကျွန်းကြီးပေါ်မှာ… ငါ အားတော့ ငယ်ချင်တာပေါ့နော်။ ဒါတောင်… ငါဟာ သာမန် မိန်းကလေးတစ်ယောက်လို… နုနွဲ့နေတဲ့ ကောင်မလေး မဟုတ်လို့ပါ။ မင်း… ငါနဲ့ အတူနေနော်…"

ကြောင်ကလေးကို… ပေါင်ပေါ်သို့ ပွေ့ချီ၊ ပွတ်သပ်ပေးပြီး အသင်းကင်များကို အတူစားပစ်လိုက်ကြသည်။ ကြောင်ကလေးသည် သူမ၏ စကားများကို နားလည်သည့်ထင့်၊ အဥ္စလီ အနားမှာပဲ မခွဲမခွာ နေတော့လေသည်။

တိရစ္ဆာန်များဟာလည်း အားကိုးရသည့် အဖော်မွန်တွေပါပဲ။

ကြောင်ကလေးကို ပွေ့ချီပြီး… အိမ်နှင့် မနီးမဝေး မလှမ်း မကမ်းနေရာများသို့ အဥ္စလီ လျှောက်ကြည့်၊ လေ့လာရသည်။





သူမအတွက် စားစရာ၊ အသုံးချစရာ ဘာတွေရှိမလဲလို့ပါ။

"အဲ…"

ထင်းခြောက်တွေ၊ သစ်ကိုင်းခြောက်တွေ တွေ့သည့်အခါ ညဖက်မှာ မီးဖိုထားဖို့၊ မင်းထည့်ထားဖို့ အဥ္စလီ သတိရလိုက်သည်။ အလင်းရောင်ဟာ လူကို ရဲရင့်စေမည်။ နောက်… ဆောင်းရာသီမှ အအေးဒဏ်ကိုလည်း ကာကွယ်စေရန်ပေါ့။

ထင်းခြောက်များကို အိမ်သို့ သယ်နေစဉ် သူမ၏အနီးမှာ သူမ၏ သက်တော်စောင့်ကြောင်ကလေးကလည်း မခွဲမခွာ တစ်ကောက်ကောက် လိုက်ပါနေခဲ့သည်။

"အလို…"

အဲဒါ… ဘာကောင်လေးလဲ။ သူမ… ထင်းသယ်နေသည့် တောက်လျှောက် ခြုံကလေးဘေးမှာ ဝပ်နေသည့် အကောင်ငယ်လေးကို အဥ္စလီ သတိထားမိပါသည်။ ရှဥ့်ကလေး တစ်ကောင်ထက် အကောင်ကြီးပြီး ရှဥ့်နှင့်ဆင်ဆင်တူသည့် သတ္တဝါလေးကို အဥ္စလီ စဥ်းစားကြည့်မိသည်။

"မြွေပါ…"

ဖေဖေ ပြောဖူးသည့် ပုံပြင်လေးတွေထဲမှာ၊ ဇာတ်ပုံ၊ ရုပ်ပုံတွေထဲမှာ မြင်ဖူးခဲ့သည့် သတ္တဝါလေးပါပဲ။ သူ့ကို ကြည့်ရသည်မှာ ဒဏ်ရာ တစ်စုံတစ်ခုရထားသည့်နှယ်၊ နို့မို့ ဘယ်ဒီလို အငြိမ်နေမလဲ၊ ဝပ်နေမလဲ။

ကိုယ် ထင်းသယ်သည့် ကိစ္စကို အသာထားပြီး မြွေပါလေး အနားသို့ အဥ္စလီ ကပ်သွားလိုက်သည်။ သူမ၏ ညင်သာသော ခြေလှမ်းများ ကြောင့်ပေပဲလား၊ မြွေပါလေးက ပြူးကြည့်နေခဲ့သည်၊ ထွက်မပြေးခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူမက လက်ကလေးများဖြင့် ပွတ်သပ်ပေးရင်း မြွေပါလေးကို လှန်လျောကြည့်လိုက်လျှင် သူ့ဝမ်းဗိုက်မှာ တစ်ကောင်ကောင် ကိုက်ထားဟန်တူသည့် ဒဏ်ရာကြီးကို တွေ့လိုက်ရသည်။

"ဟယ်··· သနားစရာ ကောင်းလိုက်တာကွယ်···"

ကဲ ··· လာ·· လာ မမနဲ့လိုက်ခဲ့။ တို့အိမ်မှာ တိရစ္ဆာန်ဂေဟာ ဖွင့်ကြမယ်"

ထင်းမသယ်တော့ဘဲ မြွေပါလေးကို ပွေ့ချီ သယ်ယူလာခဲ့လျှင် ကြောင်ကလေးလည်း သူမနောက်မှ ကြည်ဖြူစွာ လိုက်လာခဲ့သည်သည်။

ကမ္ဘာ့လောက ဆောက်ထားခဲ့သည့် အိမ်မို့ ··· အဥ္ဂလီတို့နေသည့် ဗိုလ်တဲဟာ အိမ်အိုကြီးလိုပါပဲ။ လုံခြုံမှုရှိရန် အတတ်နိုင်ဆုံးပိတ်ဆို့ စီစဉ်ပြီးလျှင် ကျယ်ကျယ်လွင့်လွင့်ရှိလှသည့် အိမ်ခန်းတစ်ခုမှာ အဥ္ဂလီ မီးဖိုလိုက်သည်။ မီးနိုးတွေ တအူအူရှိလှသည့် အဥ္ဂလီ မီးဖိုကြီးသည် သူမတို့ကို အကာအကွယ်တွေပေးမည်။ ရဲရင့်မှုလည်းရှိစေသည်။

ခြင်တွေကလည်း ခါတိုင်းတော့ ဘာတွေလုပ်နေမည် မသိသော်လည်း ယခုကျ··· အဥ္ဂလီ အနားမှာ သက်တော်စောင့်တွေသဖွယ်။

"ဘယ်ရမလဲ···"

နွားမီးထည့်သည့်နယ် မီးခိုးတွေလုံး ထွက်နေသည့် မီးဖိုလေးကြောင့် ခြင်တွေပြေးကုန်သည်ပါပဲ။

ယခုတော့ မီးဖိုလေးဘေးမှာ သူမ၏ အဖော် ကြောင်ကလေးရယ်၊ မြွေပါလေးရယ်နှင့်အတူ အဥ္ဂလီ အားတွေရှိနေခဲ့သည်။

ဘာဖြစ်သေးလဲ။





လောကကို အရှုံးမပေးနိုင်ပါဘူး။

လူဆိုတာ မွေးလာကတည်းက တစ်ယောက်ထဲပဲ။

ချစ်သူဆိုတဲ့သည်လည်း မွေးကတည်းက အတူပါလာတာ မဟုတ်။

သစ္စာတွေ၊ မေတ္တာတွေ ဆိုတာလည်း··· သရေပင်လိုပါပဲ။ လိုသလို ရှုံ့လို့၊ ဆန့်လို့ ရသည့်အရာ···။

ကိုကြီး သူမကို ထားခဲ့ရက်တာ တွေးမိပြန်လျှင် အဥ္ဂလီ့ရင်မှာ နာကျင်လာသလိုလို···

"အေးလေ သူဟာ ပုံပြင်ထဲက သူ့ရဲကောင်းကြီးမှ မဟုတ်တာ အပြောကျယ်လှတဲ့ ပင်လယ် သမုဒ္ဒရာကြီးထဲမှာ ရွက်လှေတစ်စင်းနဲ့ အတူ ဖြတ်ရမယ့်အခါ ··· သူသတ္တိကြောင်သွားမှာပဲပေါ့··· ဒါ·· သဘာဝ ကျပါတယ်··· လူမသိ··· သူမသိ··· လူမရှိ··· သူမရှိ။ ကျွန်းတစ်ခုပေါ်မှာ သူ့ဘဝကို ဘယ်အခဆုံး ရှုံးခံနိုင်ပါ့မလဲ။ ကိုကြီးမှန်ပါတယ်။ ကိုကြီးဟာ မိုက်ရူးရဲ ဆယ်ကျော်သက်ကလေးမှ မဟုတ်တာလေ။ ကိုကြီးတို့ အရွယ်ဟာ ဘဝကို အခင်တွယ်တတ်ဆုံး အရွယ်။ မစွန့်စားရဲတာလည်း သဘာဝကျပါတယ်လေ"

သူမ၏ ပေါင်ပေါ်မှာ မြွေပါလေးက ဂပ်နေပြီး ကြောင်ကလေးကလည်း သူ့ကိုယ်လုံးကြီးနှင့် အဥ္ဂလီဘေးမှာ ကပ်ဖိတိုးနေခဲ့သည်။

ညနေစာအဖြစ် အသားခြောက် အနည်းငယ်စီကိုလည်း မီးဖုတ်စားသောက်ခဲ့ပြီးပေပြီ။

ဒီအသားခြောက်ဟာ လွန်စားရ ၂-ရက်ပေါ့။ အေးလေ·· နောင်ခါလာ နောင်ခါချေးပဲ ရောက်ရာပဲ။ ဝတ်မသေရအောင်တော့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ရှာဖွေစားသောက်ရမှာပဲ။ ဒါတွေ ခုမတွေးသေးဘူး။ ပစ္စုပ္ပန် တည့်တည့်ရှုရမည်။

အိမ်ပေါ်မှာ ငှက်သိုက်တွေ၊ ငှက်သံတွေကလည်း အများအပြား။ ငှက်ဥနှင့် ငှက်တွေကလာနှိုက်သည့် မြွေတွေလည်း မြင်နေရသည်မှာ အသည်းငယ်ချင်စဖွယ်။

အဠလီ··· မိမိကိုယ်ကို အံ့သြနေမိသည်။ ငါ··· ဟုတ်မှ ဟုတ်သေးရဲ့လား။ ကြည့်စမ်း ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ။

သို့သော် လူဆိုတာ အရေးကြုံလျှင် သက်လုံကောင်းတတ်စမြဲ၊ မည်မျှပင် အခက်အခဲ၊ ဒုက္ခတွေ ပြည့်နေသည်ဖြစ်စေ၊ အဘယ်သူဟာ လည်စင်း၊ ဒူးထောက်၊ အရှုံးပေးမှာတဲ့လဲ။

မီးသာ နာနာထည့်ရင်း အလင်းရောက်အောက်မှာ သတိ အပြည့်နှင့် အဠလီတို့အဖွဲ့ ရှင်သန်ရမည်။

ကြောင်ကလေးနှင့် မြွေပါလေးကို အဖော်ပြုရင်း အဠလီ ထို တစ်ညကို ကုန်လွန်ရပါသည်။

စွဲလန်းလို့ဟုပင် ပြောပြော··· အိပ်မက်ထဲမှာ··· ချစ်သူက သူမ အနီးမှာ စောင့်ရှောက်ပေးနေခဲ့လေသည်။





## အခန်း ( ၆ )

အိမ်နှင့် မလှမ်းမကမ်းမှာ ရေတွင်းအိုကြီး တစ်လုံးကို တွေ့ရှိ ရသည်။ ဝါးပင်၊ နွယ်ပင်တွေ ပေါများလှသည့် ကျွန်းမို့၊ ဝါးဆစ်ဖူးနှင့် ရေခွဲလို့ရဖို့ ကြိုးစားရပါသည်။

ဒါဟာလည်း မိမိ အသက်ရှင် ရပ်တည်ရေးအတွက် တိုက်ပွဲ တစ်ခုပါပဲ။

နောက်··· တောငှက်ပျောပင်တွေ၊ အလေ့ကျ သစ်ပင်တွေ တွေ့ရှိရသဖြင့် စားလို့ရတာလေးတွေ ရှာဖွေစုဆောင်းရပါသည်။

ဒီကနေ့တော့ ငှက်ပျောတစ်နှိုင်ရခဲ့သည်။ ကြောင်ကလေးနှင့် မြွေပါလေးကတော့ အဠလီ အစာရှာကျွေးစရာ မလိုပါချေ။ တောရိုင်း သတ္တဝါလေးများပီပီ၊ ကိုယ့်အစာ ကိုယ်ရှာဖွေစားသောက်တတ်ကြ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစာ၊ ရေစာ ရှာဖွေပြီးသည့်အခါ အဥ္စလီ တို့အဖွဲ့အိမ်သို့ ပြန်လာခဲ့ကြသည်။

ပိန်းပိတ်အောင် မှောင်လှသည့်အပြင် လောကကို အိမ်ကလေးထဲမှ လှမ်းကြည့်ရင်း ပင်လယ်သံ တဝုန်းဝုန်းကို အဥ္စလီ နားဆင် နေရသည်။ ဒီနေ့ . . . မုန်တိုင်းကျလိမ့်မည် ထင်သည်။

သူ့ တောရိုင်းတိရစ္ဆာန်လေးများကို တင်းတင်းဖက်ရင်း အဥ္စလီ စိတ်ဓာတ်ခွန်အားတွေ စုစည်းနေရသည်။ ယခုအခါ သူမ၏ အနီးမှာ ကြောင်ကလေးနှင့် မြွေပါလေးအပြင် တောယုန်မည်းလေး တစ်ကောင်ပါ တိုးနေရလေပြီ။

ကျွန်းပေါ်မှာ အဥ္စလီ ရောက်ရှိနေတာလည်း စုစုပေါင်း ၃-ရက်ပင် ရှိပေပြီ။

"ဒီနေ့တော့ မုန်တိုင်းရှိတယ် ထင်တယ်ဟေ့၊ တို့ မီးလှုံလို့လည်း ရမှာ မဟုတ်ဘူး၊ သတိ၊ ဝီရိယနဲ့ နေကြနော် . . ."

တိရစ္ဆာန်လေးများကို စကားပြောရင်း . . . အဥ္စလီဂျာကင် အင်္ကျီကြီးကို ဇစ်ဆွဲပိတ်၏။ အင်္ကျီကြီးက နွေးထွေးလှပါသည်။

သူမ၏ တိရစ္ဆာန်လေးများကလည်း အဥ္စလီအနားသို့ ဝိုင်းဝန်း တိုးဖိကြသည်။

မုန်တိုင်း အစမပျိုးလာလျှင် အိမ်ပေါ်မှ ငှက်ကလေးများ၏ အသံကလည်း ဆူညံလာလျှက်။

အိမ်ကလည်း အိမ်အိုကြီးမို့ မုန်တိုင်းအောက်မှာ ကျိုးကျိုးကျွီကျွီ။





ပြိုကျရင်တော့ ဒုက္ခပါပဲ။

မကြာမီ မုန်တိုင်း ခပ်ပြင်းပြင်း တိုက်ခတ်လာတော့သည်။ အိမ်ကလေးထဲမှာ ငှက်ဥတွေ၊ ငှက်မွေးတွေ လွင့်ပျံလာကြပြီး၊ ငှက်သံ၊ လင်းဆွဲ သံတွေလည်း ဆူဆူညံညံ။

"မြွေတွေ ပြုတ်ကျလာရင်တော့ ဒုက္ခပဲဟေ့"

ကြောင်ကလေးနှင့် ယုန်မည်းလေးကို တင်းတင်းဖက်ရင်း အခန်းထောင့်ကွေး တစ်ခုမှာ အဥ္စလီ တို့အဖွဲ့ မျက်စိ သူငယ်၊ နားသူငယ်၊ မြွေပါလေးကလည်း သူမ၏ ကျောနားမှာ ပုဝင်တိုးကပ်လျှက်။

ဘာပဲဖြစ်ဖြစ် အားရှိသေးတာပေါ့။ အဥ္စလီ တစ်ယောက်ထဲ သာဆို တော်တော်အားငယ်နေမှာ ဖြစ်ပေမယ့် ယခုတော့ သူမ၏ မိတ်ဆွေလေးများကြောင့် အဥ္စလီ အားရှိနေမိသည်။

သေအတူ . . . ရှင်မကွာဘဲ။

ဘဝမှာ ရဲဖော် ရဲဖက်စိတ်ဆိုတာ လိုအပ်တယ်လို့ တွေးမိလျှင် ကိုကြီးကို အဥ္စလီသွား၍ မြင်ယောင်မိပြီး နှလုံးသားက စစ်ခနဲ နာကျင်မိပြန်သည်။

ခံစားမှုတွေ မကုန်ဆုံးနိုင်တော့ဘူးလားကွ။ သေခြင်းတရားနှင့် ရင်ဆိုင်တိုးနေတာတော့ ချစ်သူကို သတိရနေဆဲပဲ။

မုန်တိုင်း တိုက်ခတ်နေသည့် တလျှောက်လုံးရသမျှ တရား စာတွေ ရွတ်ဖတ်နေပြီး၊ ရတနာသုံးပါးနှင့် အမိ၊ အဖ ချစ်သူတို့ကို အဥ္စလီ သတိရနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီခန့်ကြာလျှင် မုန်တိုင်း ငြိမ်သက်သွားပြီမို့ သူမတို့အပွဲ အသက်ပြန်ရှူလာနိုင်ခဲ့ကြသည်။

အိမ်ပေါ်မှ ငှက်ကလေးတွေ၊ လင်းဆွဲလေးတွေလည်း ကျွက်စီ ကျွက်စီ။ သူတို့လည်း မုန်တိုင်းအကြောင်း ပြန်လည် ဆွေးနွေး နေကြလေရော့ထင့်။

အဋ္ဌလီတို့ အဖွဲ့ကတော့ ပုံမှန်ဖြစ်သွားသည့် အိမ်ကလေးပေါ်မှာ ခါတိုင်းလိုပဲ မီးဖိုလိုက်ပြီး··· မီးဖိုဘေးမှာ ဝန်းရံအိပ်လိုက်ကြဖို့ စီစဉ် ကြသည်။ ကံကောင်းလို့ပဲ မုန်တိုင်း ဒီထက်သာကြီးရင် ငါတို့တွေပါ လွင့်စင်သွားမှာပဲ။ အေးလေ ထူးတော့ မထူးပါဘူး ငါတစ်ယောက်ထဲ ဒါပေမယ့် မင်းတို့ရှိလို့တော်သေးတာယ်။ ငါ့ကို ဘယ်တော့မှ ပစ်မသွား ကြနဲ့နော်···"

မျက်စိကို စုံမှိတ်ရင်း အဋ္ဌလီ အိပ်ချင်မူးတူး ပြောနေလျှင် သူ့မိတ်ဆွေလေးများ အားလုံးမှာ နားခံနေလေ၏။ မုန်တိုင်းကြောင့် ဖရိုဖရဲ ဖြစ်သွားကြသည့် ညငှက်များ၊ တောတိရစ္ဆာန်များ၏ အသံများကိုလည်း သူမကြားနေရပြန်သည်။

ဘယ်သတ္တဝါတွေ၊ ဘယ်အချိန် တက်လာပြီး ရန်မူလေမလဲ၊ အိမ်ကလည်း တံခါးရွက်တွေ၊ ပြတင်းပေါက်တွေ ရှိုစောင်းပြိုကျလျက် မဟုတ်ပါလား။

သို့သော် အဋ္ဌလီ ထိတ်လန့်မနေချင်တော့ပါ။ ဝေါလီသာနှင့် အတွေးဖြင့် ဘဝကို ဆက်လက်ရှင်သန် နေချင်သေးသည်၊





မြေကြီးပေါ်မှာ နေရမှာထက်စာလျှင် ယခုလို အိမ်မြင့်လေး ပေါ်မှာ နေရတာက ပိုမိုလုံခြုံရှိသည် မဟုတ်ပါလား။ မည်သည့် တိရစ္ဆာန် ဖြစ်စေ အိမ်ပေါ်သို့တော့ ရုတ်တရက် တက်လာမည်မထင်။ တက်လာ လည်း လာပေါ့။ ဘာတတ်နိုင်တဲ့လဲ။

မီးဖိုနံဘေးမှာ အဋ္ဌလီအိပ်ပျော်သွားမိစဉ် အိပ်မက်တစ်ခုကိုပင် မြင်မက်နေလေ၏။ သူမ၏ ချစ်သူ ကိုကြီးက အိပ်မက်ထဲမှာ သူမကို ကြင်နာစွာ တွေ့ပေးပွေ့ထားခဲ့သည်။ ကြောက်ရွံ့စိတ်တွေအားလုံး ပျောက်ဆုံး သွားပြီး သူ့ရင်ခွင်ထဲမှာ အဋ္ဌလီ အားကိုးတကြီး၊ ငိုရှိုက်နေရာမှ ကိုကြီးက သူမကို အသက်ရှူကျပ်အောင်ပင် ဖျစ်ညှစ်လိုက်သည့်အခါ အဋ္ဌလီ လန့်နိုးသွားခဲ့ရသည်။

"အား···"

အေးစက်စက်၊ ညှီစို့စို့ အတွေ့အထိကြောင့် မြွေဖြစ်မည်ဟု အဋ္ဌလီ သိလိုက်ပြီး သူမ အရမ်းထိတ်လန့်သွားခဲ့သည်။ မီးဖိုမှ မီးများကလည်း သေလုလု။ အဋ္ဌလီ အရမ်းအိပ်ပျော်သွားမိခဲ့သည်။

မြွေက တစ်ကိုယ်လုံး ရစ်ပတ်ထားသည်ကြောင့် သူမလွှပ်လယ်စွာ မှုပ်ရှားနိုင်တော့ပါ။ မြွေ၏ ခေါင်းက ဘယ်အနားမှာလဲ။

သာမန် အချိန်သာဆို လိပ်ပြာလွှင့်မတတ် အသည်းငယ်နေမှာ ဖြစ်ပေမယ့်··· ကျွန်းကြီးပေါ်မှာ ၃-ရက်ပင် ထိတ်လန့်၊ ကြောက်ရွံ့ စိတ်တွေနှင့် နပန်းလုံးခဲ့ရပြီမို့ အဋ္ဌလီထူးပြီး မထိတ်လန့် နိုးတော့ပါချေ။

သူမ၏ အဖော်လေးများကိုသာ အားကိုးတကြီးကြည့်နေမိလျှင်



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်မှုန်ဝါးဝါးအောက်မှာ ကြောင်ကလေး၊ ယုန်မည်းလေးနှင့် မြွေပါလေးတို့ မာန်ဖီလှုပ်ရှားနေတာ မြင်လိုက်ရပါသည်။

မြွေကြီး၏ ခေါင်းကြီးက တရမ်းရမ်းဖြင့် သူမ၏ မျက်နှာပေါ်မှာ အုပ်မိုးလှုပ်ရှားနေခဲ့လျှင် အဥ္စလီစိတ်တွေ ခါးသည်။ ကြောက်လန့်နေခဲ့သည်မှာ အဆမတန်။

အလိုလိုသာ လိပ်ပြာလွင့်ပြီး သေဆုံးလိုက်ချင်သည်။ မြွေကြီးပေမည့် ဒုက္ခတွေကို အဥ္စလီ မခံစားချင်တော့။

ဒါ··· စပါးကြီး မြွေကြီးလား၊ ငန်းတော်ကြားလား။ မြွေဆိုတာ တစ်ကိုယ်လုံးကို ရစ်ပတ် ဆွဲဆန့်ပြီးမှ မြိုသတဲ့။ မသေခင် အရိုးတွေ၊ အသားတွေ၊ အသည်း နှလုံးတွေ ကြေမွရဦးမည်။

ဘုရား၊ တရား အာရုံပြုကြည့်တော့လည်း အဥ္စလီ စိတ်တွေ ဂဏှာမငြိမ်။

လူဟာ သေခြင်းတရားနှင့် ထိပ်တိုက် တိုးတော့လည်း လိပ်ပြာလွင့်မတတ်ကြောက်ရွံ့ခဲ့သည်သာ။

ဖြစ်ချင်ရာ ဖြစ်ပေတော့။ ဘာမှ မတတ်နိုင်တော့သည့် ဘဝမှာ မျက်စိကို စုံမှိတ်ပြီး သေခြင်းတရားကို သူမ ထိတ်လန့်စွာ စောင့်ဆိုင်းနေမိစဉ်၊ ကြောင်ကလေး၏ မာန်ဖီသံ တဖြီးဖြီး၊ တခွီးခွီးနှင့် မြွေပါလေး၏ ရိပ်ခနဲ၊ ရိပ်ခနဲ လှုပ်ရှားဟန်များကို အဥ္စလီ မြင်နေရပြန်သည်။

သို့သော် မြွေကြီးက အကြီးကြီး။ သူ့ မိတ်ဆွေလေးတွေ ယှဉ်နိုင်မည်မထင်။





အဥ္စလီ စိတ်ကို ဖုံးဖုံးချထား လိုက်စဉ် မြွေကြီးက သူမကို ဆက်လက် မရစ်ပတ်၊ ဆွဲမဆန့်နိုင်ဘဲ သူ့ကို နှောင့်ယှက်နေသည့် ကြောင်နှင့် မြွေပါကို ပြန်လည် တိုက်ခိုက်နေရပြန်သည်။

သူမကို တဝက်တပြက် ရက်ပတ်ထားပြီး ကျန်သည့် ကိုယ်လုံးကြီးနှင့် တရမ်းရမ်းတိုက်ခတ်နေပုံမှာ အဥ္စလီအတွက် သည်းခြေပျက်ချင်စဖွယ်။

သို့သော် အဆိုးဆုံး အခြေအနေတွေနှင့် ရင်ဆိုင်ရန် မျှော်လင့်ပြီးသားမို့ အဥ္စလီ ရှူးသွပ်မသွားချင်တော့ပါ။

လူဆိုတာ ဘီလူးနှင့် တွေ့လည်း ရင်ဆိုင်ရမှာပဲ။ သရဲနှင့်တွေ့လည်း ဆိုရမှာပဲ။ တစ်ချိန်ထဲနှင့်တော့ လိပ်ပြာလွင့် မသွားချင်လူသား သိက္ခာကျပါသည်။

"အဲ···"

တစ်ချိန်မှာ ကြောင်လေးက မြွေကြီးကို ဝင်ဆွဲသလို၊ မြွေပါလေးကလည်း ရွှေ့ခနဲ၊ ရွှေ့ခနဲ၊ ရိပ်ခနဲ၊ ရိပ်ခနဲ မြွေ၏ဦးခေါင်းထက်သို့ ခုန်တက်၊ ကိုက်ခဲလိုက်သည်။

အဥ္စလီ့ခေါင်းထဲမှာ အတွေးတစ်ခုက လက်ခနဲ။ မြွေပါဆိုတာ မြွေကို နိုင်တာပဲ။ သို့သော်··· မြွေကြီးက အဆမတန်ကြီးပြီး သူမ၏ မြွေပါလေးက ငယ်နေတော့ရာ အဥ္စလီ စိတ်ချ၊ လက်ချ မရှိနိုင်ရာပါချေ။

မည်သို့ပင်ဖြစ်စေ·· သည်တိုက်ပွဲမှာ သူမလည်း ပါဝင်ရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီး ကိုယ်မှာလည်း သွေးတို့ ယိုစီးကျလျှက်။ ကြောင်နှင့် မြွေပါလေးတို့၏ ဆတ်ခနဲကိုက်၊ ဆတ်ခနဲပြေးနှင့် ရန်စ တိုက်ခိုက်မှု ကြောင့် မြွေကြီးမှာလည်း ဒေါမာန်တွေ တဖြိုးဖြိုး။ သို့သော် အဥ္စလီကိုလည်း တဝက်တပြက်ရစ်ပတ်ထားနေဆဲ။

တစ်ကြိမ်တွင် ကြောင်ကလေးရော… မြွေပါလေးပါ ပြိုင်တူပင် မြွေ၏လည်ပင်းနှင့် ခေါင်းကို အတင်းဝင်ပြီး ကိုက်ခဲကြလေရာ အသေခံပြီး ကိုက်နေသောကြောင့် အဆမတန် နာကျင်လာသည့် မြွေကြီးမှာ တွန့်လိမ် နေပြီး… အဥ္စလီကို ပိုမိုဖျစ်ညှစ်လေတော့၏။

“အား… သေပါပြီ… သေပါပြီ…”

ခါးနှင့် ပေါင်တွေ ပိုမိုတင်းကြပ်လာခြင်းနှင့်အတူ အဥ္စလီလည်း ယခုမှ အောက်တစ်ပိုင်းသေတော့မလားဟု … ပိုမိုစိုးရိမ်လာရလေသည်။

သည်စဉ်… ခပ်လှမ်းလှမ်းမှ… ဒါင်းမြှောင်ကို ဝိုးတဝါး အလင်းမှာ လှမ်းမြင်လိုက်ရသဖြင့် အဥ္စလီ အားတက်သွားရသည်။

သို့သော် မြွေကြီးကလည်း သူ့ရစ်မှုကို ဖြေမပေးခဲ့ပါချေ။ သူမ၏ ကိုယ်ခန္ဓာပေါ်မှာပင်… သူတို့ ၃-ဦး၏ တိုက်ပွဲက ပိုမိုပြင်းထန်လာခဲ့သည်။

မကြာမီ … သူမ၏ ကိုယ်ပေါ်သို့ သွေးများတစက်စက် စီးယိုကျလာခဲ့ခြင်းနှင့် အတူ… ပြူတင်းပေါက်မှ အလင်းရောင်များ လည်း… အိမ်ကလေးထဲသို့ မရှုံ့မရဲဝင်လာခဲ့ကြသည်။

မြွေပါလေး၏ ကိုက်ခဲမှုကြောင့် ဦးခေါင်းပြတ်ထွက်သွားသည့် မြွေကြီးမှာ… ကြောင်ကလေး၏ ကိုက်ခဲမှုကြောင့်လည်း ဂုတ်မှာလည်း





မွစာကြဲလျှက်။

မြွေကိုယ်လုံးကြီး တွန့်လိမ်အားရှော့ လာတော့မှ… အသည်း ပျက်မတတ်… ကြောက်ရွံ့ထိတ်လန့် စိတ်တွေကို အားတင်းပြီး သူမ ရှန်းထွက်ရသည်။

မကြာမီ… မြွေ၏ ရစ်ပတ်မှုမှ … အဥ္စလီလွတ်မြောက်သွား ခဲ့သည်။

သေခြင်းတရားမှ လွတ်မြောက်မှုကြောင့် ဝမ်းသာရမည့်အစား ဖော်မပြနိုင်အောင်ပင် ဝမ်းနည်းကြေကွဲလာမှုကြောင့် အဥ္စလီ ဒူးထောက် ပြီး မျက်ရည်လည်ရွှဲနှင့် ငိုကြွေးမိခဲ့ပါသည်။

ဘာတွေကို၊ ဘယ်လို ဝမ်းနည်းနေမိသည်လည်းမသိပါ။ ချစ်ခင် သူတွေကို သတိရ၊ တမ်းတပြီး ငိုကြွေးမိလေသလား။

ဒါတွေဟာ ငါ့ရဲ့ကံကြမ္မာ၊ ငါ့ရဲ့ ဝဋ်ကြွေးတွေပါပဲလေ။

သွေးများနှင့် ပေကျံ၊ စေးကပ်နေသည့် မိမိကိုယ်ခန္ဓာကို ငုံ့ ကြည့်ရင်း… မြွေကြီးမသေမရှင်ကို အဥ္စလီ ကြောက်ရွံ့စွာ ကြည့်မိ ပြန်သည်။

တွန့်လိမ်ပြီး တဝုန်းဝုန်းရိုက်ခတ်မှုက မြွေကြီး၏ ဒေါသကို ဖော်ပြနေလေဆဲ။

ကြောင်ကလေးနှင့် မြွေပါလေးမှာလည်း အားကုန်လုမတတ် မောပန်းခဲ့ရပါချေပြီ။

သူမရဲ့ အသက်သခင်လေးများကို အဥ္စလီ သွားရောက်ပွေ့ချီ



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ပြီး ထပ်မံ အသစ်ထည့်လိုက်သည့် မီးဖိုလေး နဘေးမှာ ညင်သာစွာ ပွေ့ချီထားခဲ့သည်။

ပြော်... မေတ္တာတရားဆိုတာ အချိုးနိမ့်မဖြစ်ပါချေတကား။

သတ္တဝါလေးများတောင်မှ သူတတူး၏ မေတ္တာတရား၊ ကျေးဇူးတရားကို သိတတ်ခဲ့ကြချေသည်။

လင်းချင်းလာသည့် နေရောင်ခြည်၏ အလင်းမှာ စင်ရော်တွေ ကမ်းလုံးညွတ်နေသည့် ကမ်းခြေကို လှမ်းမျှော်ကြည့်လိုက်တော့လည်း၊ ဘဝသည် အမှောင်တစ်ခြမ်း၊ အလင်းတစ်ဝက်ဖြင့် ဆွဲဆောင်ချစ်မက်စဖွယ်။





## အခန်း ( ၇ )

ဒီလိုမုန်တိုင်းမျိုး၊ ဒီလို မြေငြိုးမျိုးနှင့်သာ အကြိမ်တစ်ရာလောက် တွေ့ရှိလိုက်ရလျှင် အဥ္ဆလီ စိတ်တွေ ပိုမိုအားငယ်သွားလေမလား။

ဒါမှမဟုတ် ပိုမို တောက်ပလာလေမည်လား။

လူသားသည် ဒုက္ခနှင့် စီးချင်းထိုးရသည့်အခါ မမျှော်မှန်းနိုင်သည့် ခွန်အားတွေ၊ ထွက်ပေါ်လာကြပြီး ဒုက္ခပြီးသွားတတ်ကြသည်။

ခံနိုင်ရည်စွမ်းအင်တွေ ပိုမိုမြင့်တက်လာတတ်ကြသည်။

အချို့လည်း ခံနိုင်ရည်မရှိလို့ ဒုက္ခက အသာစီးရသွားတတ်ကြပြီး ရှုံးသွပ်သွားခဲ့ကြတာပေါ့။

မလုံမခြုံဘူးဟု ထင်ရသော်လည်း တောရိုင်းတိရစ္ဆာန်များ၏ ဘေးမှ အတော်အတန် ကာကွယ်မှုရနေသေးသည့် အိမ်ကလေးပေါ်မှ အဥ္ဆလီ ပင်လယ်သို့ ငေးမျှော်ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကျွန်းဟာ တော်တော်ခေါင်တာပဲ။ ဘယ်လှေ၊ ဘယ်သင်္ဘော တစ်စီးမှ ဖြတ်သန်းသွားလာခြင်း မရှိ။ အဝေးမြင် တစ်စီးတလေ သည်လည်း အဥ္စလီ မီးဖိုထားသည့် မီးဖို၊ မီးခိုးတို့ကိုမြင်မှ မြင်ကြရဲ့ လားမသိ။

ရှာလို့ရထားသည့် ငှက်ပျောနိုင်လေးမှ ငှက်ပျောသီး တစ်လုံးကို ဖဲ့စားပြီးလျှင် နောက်ရက်တွေမှာ အုန်းသီးခွဲစားလို့ရကြောင်း အဥ္စလီ တွေးတောနေမိသည်။

ပင်လယ်ထဲမှ ကျွန်းကလေးပီပီ အုန်းပင်တွေ အစီအရီရှိ နေသည်။ မဟုတ်ပါလား။ သို့သော် သူမအုန်းပင် မတက်တတ်ပါ။ ကြွေကျနေသည့် အုန်းသီးခြောက်တွေ တွေ့ရှိရပြန်တော့လည်း သူမမှာ ရှိသည့် ဒါးမြှောင်လေးနှင့် ဘယ်လိုခွဲရ၊ အခွံခွာရမှာပါလိမ့်။

အိုလေ ဝေါ်လာတဲ့အခါ မဖြစ်ဖြစ်အောင် လုပ်တတ်လာမှာ ပါပဲ။

မွန်းတည့် နေရောင်အောက်မှ ပင်လယ်တလက်လက် တောက်ပနေပုံကို အဥ္စလီ ငေးကြည့်နေမိစဉ် သူမ၏ မြင်ကွင်းထဲသို့ စက်လှေလေးတစ်စီး ဝင်လာခဲ့လေသည်။

"ဟင်. . ."

သူမသည် မိန်းမသားတစ်ဦး မဟုတ်ပါလား။ မိန်းမသားတစ်ဦး အတွက် အန္တရာယ်ဆိုတာသည် လက်တစ်ကမ်းမှာ အမြဲရှိနေတတ်သည်။

ဆိုက်ကပ်လာသည့် စက်လှေပေါ်မှ လူဘယ်နှစ်ယောက်





ပါလာမည်လဲ။ ထိုလူများသည် သူမတို့ကို ခေါ်ဆောင်လာခဲ့ကြသည့် လူဆိုးတွေလား။ ပင်လယ်ဓားပြတွေလား။

အခြေအနေကို ပုန်းအောင်းစောင့်ကြည့်နေဖို့ အဥ္စလီ ဆုံးဖြတ် လိုက်ပြီး အိမ်ကလေးပေါ်မှ အောက်သို့ ပြေးဆင်းလိုက်သည်။ ထို့နောက် တောစပ်မှ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ကုတ်ဖဲ့တက်ပြီးလျှင် သစ်ခက်၊ သစ်ရွက်တို့ကြားမှ ပုန်းအောင်းပြီး အခြေအနေတွေကို သူမ စောင့်ကြည့် နေလေသည်။

"ဟော. . ."

စက်လှေက တကယ်ပင် ကျွန်းစပ်မှာ ဆိုက်ကပ်လာခဲ့ချေပြီ။ စက်လှေပေါ်မှ စက်လှေမောင်းသမား တစ်ယောက်သာ ဆင်းသက် လာခဲ့သည်။

သူဟာ လူဆိုးလား၊ လူကောင်းလား။ ဘာလုပ်ရအောင် လာတာပဲ။ အဥ္စလီ တို့ကို ဖမ်းခေါ်လာခဲ့စဉ်က ညကြီး၊ မင်းကြီး ဖြစ်သဖြင့် လူတွေ၏ မျက်နှာတွေကိုလည်း သူမ မမှတ်မိခဲ့ပါချေ။

အိမ်ပေါ်မှ အဥ္စလီ ဖိုထားမြဲ မီးဖိုမှလည်း မီးခိုးတွေက တငွေ့ငွေ့ စားလက်စ ငှက်ပျောနိုင်နှင့် အခြေအနေတွေကြောင့် အိမ်ပေါ်မှာ လူရှိ နေတာ. . ထိုလူသိသွားလိမ့်မည်။

အဝေးမြင်အရ ထိုသူသည် လူကောင်းလား၊ လူဆိုးလားလည်း အဥ္စလီ ခွဲလို့မပါ။ ထွားကျိုင်းသန်မာသော လူတစ်ယောက်ဟုသာ သူမ မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ··· အိမ်ပေါ်သို့တက်သွားပြီး ရှာဖွေနေတာတွေ အဥ္စလီ မြင်နေရပြန်သည်။ ထို့နောက် ထိုသူ တကြော်ကြော် အော်ခေါ်နေတာ အဥ္စလီ ကြားနေရပါသည်။

"မိန်းကလေးရေ·· မိန်းကလေး"

ဟော··· အိမ်ပေါ်မှာ ရှိနေတာ မိန်းကလေးမှန်း သူသိတယ် ဆိုလျှင်တော့ သူဟာ··· သူမကို ဖမ်းခေါ်ခဲ့သည့် အဖွဲ့ထဲမှ ဖြစ်ရမည်။

နင့်သီးလာသည့် မျက်ရည်များကို မျိုချရင်း၊ နာကျင်လာသည့် ရင်ဘတ်ကိုဖိရင်း အဥ္စလီ အသံတိတ်ရှိုက်ငင် နေမိပြန်လေသည်။

လူတစ်ယောက်ကို ချစ်မိတာနှင့်၊ လူတစ်ယောက်ကို လက်ထပ်မှာ စိုးတာနှင့် မိန်းမငယ်လေးတစ်ယောက်ကို လူမရှိ၊ သူမရှိ ကျွန်းပေါ်မှာ ခွေးလို၊ ဝက်လို လာရောက်စွန့်ပစ်ရက်သူတွေဟာ အသည်းနှလုံးမှရှိကြ ရဲ့လား။

အေးလေ··· ဒါဟာလည်း ငါ့ရဲ့ ကံတရားပါပဲ။

ထိုသူ၏ အသံနှင့် အသွင်က တဖြည်းဖြည်းနှင့် အဥ္စလီနှင့် အသွင်က တဖြည်းဖြည်းနှင့် အဥ္စလီ ပုန်းအောင်းနေရာ တောစပ်သို့ ရောက်ရှိလာခဲ့သည်။

သစ်ရွက်၊ သစ်ခက်များကြားမှ အဥ္စလီ··· ထိုသူကို အကဲခတ် လှမ်းကြည့်နေရင်း ··· သူမ စိတ်ထဲမှာ မလုံမခြုံဖြစ်လာသဖြင့် သစ်ပင်၏ အဖျားဖက်သို့ ထပ်မံကုတ်ဖက် တက်မိပြန်သည်။

လူပုံစံကတော့ အသက်အစိတ်လောက်ရှိမှာပဲ။ ထောင်ထောင်





မောင်းမောင်းနှင့် အသားအရည်ညိုမောင်းသော ထိုလူသည် မျက်နှာကတော့ စိတ်ထားကောင်းမည့်ပုံ။ ကြာနာဟန်ရှိသည့် သူ့ မျက်နှာအသွင် အပြင်ကို တစ်ချက်ငုံ့ကြည့်ပြီး အဥ္စလီ ထိတ်လန့်နေစဉ် ထိုလူက သူမကို မြင်တွေ့သွားခဲ့လေသည်။

"မိန်းကလေး ··· လိမ့်ကျနေဦးမယ် ···၊ အောက်ကို ဆင်းခဲ့ပါ။ တော်ကြာ·· ကျိုးပဲ့နေပါဦးမယ်ကွယ်···"

သစ်ရွက်၊ သစ်ခက်များ လှုပ်နေမှုကြောင့် ထိုသူမြင်တွေ့သွားတာ ဖြစ်ရမည်။ အဥ္စလီ ဘာဆက်လုပ်ရမှန်းပင် မသိတော့။ ထိုသူကိုလည်း သူမ ··· မယုံကြည်နိုင်ပါ။

"ဟင့်အင်း··· ကျွန်မ မဆင်းဘူး··· ရှင်တို့ ကျွန်မကို ဒုက္ခပေးမလို့ ပြန်လာတာမဟုတ်လား။ သွား··· သွား··· ပြန်··"

အဥ္စလီ့အသံမှာ ဝမ်းနည်းကြေကွဲမှုတို့ စွန်းထင်နေခဲ့ပြီး··· မျက်ရည်များလည်း ထိန်းမနိုင်သိမ်းမရ ကြွေကျလာခဲ့သည်။

သူမဘဝဟာ ငိုချင်စရာချည်း မဟုတ်ပါလား။

အဥ္စလီ··· ရှိုက်ရှိုက်ပြီး ငိုမိသည်။

ထိုသူကတော့ အဥ္စလီ့ကိုသာ "စိုးရိမ်တကြီး မော့ကြည့်နေ ခဲ့သည်။

"ဆင်းခဲ့ပါ ··· မိန်းကလေးရယ် ··· ငါဟာ မင်းကို ဒုက္ခပေးရအောင် ရောက်လာတာ မဟုတ်ပါဘူး။ ကယ်ရအောင် ရောက် လာတာပါ။ မင်းကို ဒီကျွန်းကနေ··· ပြန်ခေါ်ဖို့ ရောက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး ရှင်တို့ ညာနေတာ။ ကျွန်မကိုဘာ ဒုက္ခတွေထပ်ပေးမလို့လဲ။ ရှင်ပြန်ဆို ပြန်နော်။ ကျွန်မ ဒီအပင်ပေါ်က ခုန်ချပစ်လိုက်မယ်၊ အလကား… အကြင်နာတရားမရှိတဲ့လူတွေ၊ လူစိတ်မရှိတဲ့ လူတွေ"

ရှိုက်သံ ပလုံးပထွေးနှင့် အဉ္ဇလီ ရန်တွေ့နေလျှင် ထိုသူက စိတ်ရှည်စွာ ချော့မော့နေခဲ့သည်။

"အဲဒီ့ အဖွဲ့ထဲမှာ ကိုယ်မပါခဲ့ပါဘူးကွယ်…"

"ဒါဖြင့်… ကျွန်မ ဒီမှာရှိနေတာ ရှင်ဘယ်လို လုပ်ပြီးသိသလဲ၊ အပိုတွေ လာမပြောနဲ့…"

"အဲဒါတွေပြီးတော့ ရှင်းပြပါမယ်ကွယ်…"

မိန်းကလေးရယ်…ငါဟာ မင်းကို ကူညီရအောင် ရောက်လာခဲ့တာပါ…"

"သြော် ရှင်က သိကြားမင်းကြီးပေါ့၊ ဟုတ်လား။ ရှင်… ကျွန်မကို ဖမ်းခေါ်ဖို့ ရောက်လာတာ မဟုတ်ဘူးဆိုရင် သွားတော့ ပြန်တော့၊ ကျွန်မ… ရှင့်နောက် မလိုက်ဘူး။ ရှင့်ကို မယုံဘူး… ဒီမှာပဲ နေခဲ့မယ်…"

"မင်း… ရူးများနေပြီလားကွယ်၊ တစ်ယောက်ထဲ ၄-ရက်လောက် နေခဲ့ရလို့ အန္တရာယ်တွေ ပယ်လယ်မှန်တိုင်းတွေနဲ့ ကြုံလိုက်ရလို့ ရူးသွားပြီလားဟင်…"

ထိုသူ့အသွင်က စိတ်မကောင်းစွာဖြင့် အဉ္ဇလီကို စူးစမ်းကြည့်ကြည့်လျှက်။





"ဟုတ်တယ်… မင်းရူးနေတာပဲ ဖြစ်ရမယ်။ ကြည့်စမ်းပါဦး လာခေါ်တဲ့ လူကိုရန်လုပ်လွှတ်ပြီး … ဒီလူမရှိ၊ သူမရှိ ကျွန်းကြီးပေါ်မှာ ကျန်ခဲ့မတဲ့၊ ကိုယ်သာ မင်းနေရာမှာဆိုရင်တော့ လူဆိုး၊ သူနိုးကပဲခေါ်ခေါ် ပြန်လိုက်သွားမှာပဲ…"

"ရှင့်ကားထဲက ဇာတိတွေပြလာပြီ။ ရှင်ဟာ လူဆိုးသူခိုး မဟုတ်လား။ ပိုက်ဆံရလျှင် မိန်းကလေးတွေကိုလည်း ရောင်းစားမယ့်၊ ဒုက္ခပေးမယ့် လူမျိုးပဲ…"

အဉ္ဇလီ စွပ်စွဲသံကို ကြားရလျှင် ထိုလူ့အသွင်က တရှုံးရှုံးနှင့် ဒေါသတွေ ထွက်သွားခဲ့သည်။

"တော်… တော်… မင်းဟာ စေတနာကို နားမလည်တဲ့ မိန်းကလေးပဲ။ ငါ… အသက်စွန့်ပြီး လာကယ်တာဟာ အလကားပဲ။ ကျန်ခဲ့၊ ပြန်မလိုက်ချင်လည်းနေ၊ မင်းဟာသာ ဒီကျွန်းပေါ်မှာ နောက်ထပ် လူဆိုးတွေနဲ့ တွေ့ချင်လည်းတွေ့၊ မြွေကိုက်လို့ သေသေ၊ ဘီလူးစားလို့ သေသေ၊ ငါနဲ့ အလွတ်ကြီး…"

ကလေးဆိုးကြီးသဖွယ် ရေရွတ်ကျိန်ဆဲပြီး ထိုသူ ဒေါသထွက်နေစဉ် အဉ္ဇလီ ရောက်နေသည့် သစ်ကိုင်းက ဖြောင်းခနဲ ကျိုးကျသောအခါ။

"အား… လုပ်ပါဦး"

သစ်ကိုင်းနှင့်လူ ဂုန်းခနဲ ပြုတ်ကျသွားမှုနှင့် အတူ ထိတ်လန့်ခြောက်ခြားမှုများကြောင့် အဉ္ဇလီ သတိလစ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ကျွန်မ ··· ကျွန်မ ဘယ်ရောက်နေတာလဲ ရှင်"

မှုန်ရီဝေဝါးသော အလင်းက ကောင်းကင်တစ်ပြင်လုံး မှုန်တိုင်းကြောင့် အုံ့မှိုင်းနေသည့်နယ်။ အဉ္စလီ တစ်ခေါင်းလုံး မူးဝေ ထုံထိုင်းနေပေမယ့် သူမအနီးမှ အဖွားအိုး၏ မနှစ်မြို့ဖွယ်ရာ အသွင်သဏ္ဌာန်ကိုတော့ သူမ ကောင်းကောင်း သိနေခဲ့သည်။

လက်သည်းရှည်ရှည်၊ ခြေသည်းရှည်ရှည်တွေက အလှထားတာမျိုးမဟုတ်ဘဲ အတော်ကြီးကို ရှည်လျား ကားဝင်နေလိုက်သည်မှာ သစ်ခွံတွေကို စွပ်ထားသည့်နယ်။

ကြမ်းတမ်းသော မျက်နှာကြီးကလည်း ညိုမည်း ရွှန်းကွက်နေလိုက်သေး၏။ ပြီးတော့ မျက်နှာမှာ အရယ်အပြုံးနှင့် နူးညံ့မှုမရှိ။ ကရုဏာတွေ မုဒိတာတွေ အကြင်နာတရားတွေမရှိ။

"အဖွားရယ် ··· ကျွန်မဘယ်ရောက်နေတာလဲဟင်။ ကျွန်မ သတိလစ်သွားတယ်။ ကျွန်မရဲ့ ဦးခေါင်းတစ်ခုလုံး နာကျင်လွန်းလှပါတယ်။ ကျွန်မကို ဆေးရုံပို့ပေးပါလားရှင်"

"နို့တိုင်းပြည်မှာ ဆေးရုံမရှိဘူး ··· ဒါပေမယ့် လူတွေဟာ ထပ်မံပြီး သေဆုံးခြင်းမရှိကြဘူး"

"ရှင် ···"

ကြားလိုက်သည့်စကားကြောင့် အဉ္စလီ ထိတ်လန့်နားမလည်နိုင်ခြင်းနေခဲ့လျှင် အဖွားအိုက မျက်နှာသေကြီးနှင့် ပြုံးလေ၏။ အလိုလေးလေး မပြုံးတာကမှ တော်ပါဦးမယ်။ ပြုံးလိုက်မှ ပိုမိုအရုပ်ဆိုး၊ အကျည်းတန်သွားသည့် အဖွားအိုကို အဉ္စလီ ကြောက်ရွံ့နေမိစဉ် အဖွားအိုက ထပ်မံရှင်းပြပြောဆိုလေသည်။

"ဟုတ်တယ် ··· ဒါ ··· ငရဲပြည်"

"ရှင် ···"

ငရဲပြည် ···

ငရဲပြည် ···

ငရဲပြည် ···







www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးကြီးက အဥ္စလီနှားထဲမှာ တအံ့အံ့နှင့် ဆူညံပေါက်ကွဲမြည်ဟည်းနေခဲ့စဉ် ခေါင်းလောင်းသံလိုလို၊ စည်တီးသံလိုလို၊ အသံသာသာလေး တစ်ခုကြောင့် သူမရင်မှာ အနည်းငယ် ဆောက်တည်ရာရသွားခဲ့သည်။

"ဟော…အဲဒါတို့တွေ ဘုရားဝတ်တက်ကြဖို့ အချက်ပေးတာ တို့တွေ ဘုရားရှစ်ခိုးကြရမယ်"

"ဘုရားက ဘယ်မှာလဲ…ဘယ်ကိုသွားရမှာလဲ"

"ဘုရားက ရင်ထဲမှာရှိတယ်။ ကိုယ့်ရင်ထဲမှာ ယုံကြည်ကိုးကွယ်တဲ့ ဘုရားကို ရည်မှန်းပြီး ရှစ်ခိုးကြတယ်"

"ကျွန်မရင်ပြင်တစ်ခုလုံးကတော့ မည်းမှောင်အုံ့ညှင်းနေခဲ့တယ်"

"ဒါဆိုရင်တော့ မင်းကံဆိုးတာပဲ။ မင်း ဒီမှာနေရတဲ့ တလျှောက်လုံး ကိုးကွယ်ရာ ဖြေဆည်ရာမရတော့ဘူးပေါ့။ အမြဲတမ်း မင်းစိတ်တွေ မှိုင်းညို့အုံ့ဆိုင်း စိတ်မချမ်းမသာ ဖြစ်နေရလိမ့်မယ်၊

"အို…ဘုရား…ဘုရား"

"ရှူး…တိုးတိုး…ဟော ကြားလား…တို့တွေအားလုံးရဲ့ ဘုရားဝတ်တက်ကြတဲ့ အသံတွေ။ ကဲ…တို့လည်း လိုက်ဆိုကြရအောင်"

မပီမသ၊ နာကျင်၊ ငိုညည်းသံတွေလိုလို အသံများက အရပ် ရှစ်မျက်နှာမှ ထွက်ပေါ်လာကြလျှင် အဥ္စလီ ပိုမိုဝမ်းနည်း၊ အားငယ်





ထိတ်လန့်ကြေကွဲနေမိသည်။ သူမ၏ဘေးမှ အဖွားအိုကတော့ သူ့သွားခေါခေါ ကျဲကျဲလေးတွေကို လှုပ်စိ၊ လှုပ်စိ လုပ်လျှက် ဘုရားဝတ်တက်နေလေပြီ။

အဥ္စလီမျက်ဝန်းမှာ မျက်ရည်တွေ စီးကျရင်း မျက်လုံးကို စုံမှိတ်ထားရှိမိပါ၏။

ငါ့ပြည်…တဲ့…

တစ်ခုခုတော့ လွဲမှားနေတာပါပဲ…

အဥ္စလီ ဘာတွေလုပ်ခဲ့မိလို့လဲ…

သူမဟာ မိဘတွေ မထမ်းနိုင်တဲ့ဝန်ကို ဝင်ထမ်းပေးနေတဲ့ ကောင်မလေး မဟုတ်ပါလား။

အစ်မနဲ့မောင်လေးကို ကျောင်းဆက်ထားပေးနေခဲ့တယ်။

နောက်…တစ်စုံတစ်ယောက်က ခေါင်းကိုရိုက်ချလိုက်လို့ သေဆုံးသွားခဲ့တယ်…

ဟုတ်လို့လား…

သူမ…သေဆုံးသွားတာရော ဟုတ်ရဲ့လား။

သူမ…အခု အိပ်မက်မက်နေတာများလား။ သို့သော် သူမ၏ ဖြစ်တည်မှုက အသေအချာ၊ အနားမှ အဖွားအို၏ အသံကွဲရှရှကိုတောင် ကြားနေရပါသေး။



www.burmeseclassic.com

www.burmeseclassic.com



"အပါယ်လေးပါ၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍" တဲ့ . . .

အို ဒါဆို ငါလည်းရသားပဲ . . .

ဘဝတလျှောက်လုံးက ဘုရား၊ တရားကို အလေးအနက်မထားမိသေးခဲ့ပေမယ့် ငယ်ငယ်တုန်းက မေမေ့ရဲ့အမေ၊ အဒ္ဓလီအဖွားနှင့်အတူ ရွာကဘုန်းဘုန်းကျောင်းမှာ ဥပုသ်စောင့်လိုက်သွားခဲ့တာတွေကို သူမပြန်လည် အမှတ်ရသွားမိခဲ့သည်။

ဥပုသ်ကျောင်းကို လိုက်သွားပြီး ဘုရားဆင်းတုတော်ကို ပေါက်ဆိန်ပေါက်ရှစ်ခိုး၊ ဘုန်းဘုန်းချကျွေးတဲ့ မုန့်တွေကိုစား . . .

ငါးပါးသီလတော့ အဒ္ဓလီ ကောင်းကောင်းရပါသည်။ ရှစ်ခိုးခဲ့ဘူးသည့် ရုပ်ပွားတော်များကို မျက်စိထဲမှာ ပုံပေါ်အောင် ဂူးစိုက်ဖြဲခွဲရှာကြည့်နေပေမယ့် မှုန်ဝါးနိုင်စေသော ဦးနှောက်ကြောင့် ဘယ်ရုပ်ပွားတော်မှ ကြည်လင်ပီပြင်စွာပေါ်မလာ။

သည်တစ်ခါ လူ့ပြည်သို့ ပြန်ခွင့်ရလျှင်တော့ သူမ ဘုရားကျောင်းကန်တွေကို သွားမည်။ ဘုရား၊ တရားကို သေသေချာချာ စူးစူးစိုက်စိုက်လုပ်မည်။ စိတ်တွေမည်းညစ်မနေရအောင် တရားတွေတောင်ထိုင်လိုက်ဦးမည်။





ဘုရားရေ . . . လူ့အဖြစ်ကိုရော သူမထပ်မံ ရရှိပါဦးမလား။ သူမက အခုလို ဖြတ်ခနဲပျောက်ပြီး၊ ဖြတ်ခနဲ ရဲပြည် ရောက်သွားတာ မေမေတို့တောင် သိပါ့မလား။

မျက်ရည်တွေတွေကျရင်း အဒ္ဓလီဘုရားဝတ်တက်နေမိစဉ် အနားမှ အဖွားအိုပင် ဘုရားဝတ်တက်လို့ ပြီးသွားခဲ့သည်။ စောစောကလိုပင် အဒ္ဓလီနားထဲမှာ ခေါင်းလောင်းသံသာသာလေး ကြားလိုက်ရပြန်၏။

"ဟော့ ကောင်မလေး . . . ဂလ . . . ပြီးပြီ နင့်ကို ငါဒီနေရာ ပတ်ဝန်းကျင်ကို လိုက်ပြဦးမယ်"

"ကျွန်မခေါင်းတွေ မူးတယ်အဖွားရယ်။ ကျွန်မ ဒီအနားမှာပဲ ခွေအိပ်နေလိုက်ချင်တော့တယ်။ ဒါမှမဟုတ် သေသာသေလိုက်ချင်တော့တယ်"

အဒ္ဓလီ ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းနေလျှင် အဖွားအိုက ရယ်မောခဲ့လေသည်။

"မရဘူး . . . နင်အပျင်းထူနေလို့ မရဘူး၊ ကိုယ်နေတဲ့နေရာအကြောင်းကိုတော့ လူတိုင်းသိထားသင့်တယ်။ စိတ်ချစမ်းပါ ကောင်မလေးယ်။ တို့တိုင်းပြည်က လူတွေအားလုံးဟာ ဝေဒနာကိုယ်စီရှိနေကြတာချည်းပဲ။ အဲ့ဒီ ဝေဒနာတွေ ကိုယ်စီခံနေရတာကိုကပဲ တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အထူးပြုလုပ်ထားတဲ့ ငရဲပေါ့။ စိတ်ချ နင်ဘယ်တော့မှ ထင်မသေဘူး။ ငါလည်း ထပ်မသေဘူး"

အဖွားအိုရဲ့ စကားတွေက အဥ္စလီကို ငြိမ်းချမ်းမှုမပေးပါ၊ စိတ်ရှုပ်ထွေးနောက်ကျိမှုတွေကိုသာ ပေးခဲ့သည်။ တကယ်ပါပဲ၊ တော်တော်ဆိုးတဲ့ ငရဲ။ ဘုရားကျောင်းတန်းတွေမှာ မြင်ခဲ့ဖူးသည့် အပီစိတို့ ဘာတို့စသည့် ငရဲတွေလို ဆိုးပူအိုးထဲ ထည့်ကြော်တာမျိုးလည်း မဟုတ်ဘဲနှင့် လူကိုတော်တော် စိတ်ဒုက္ခပေးသည့် ငရဲ၊ ဒါနောက်ဆုံးပေါ် ငရဲဖြစ်ရမည်။

"ကဲ···ထ···ထ···တို့တွေ အချိန်ရှိတုန်း လျှောက်ကြည့်ကြရအောင်"

အဖွားအိုက မတ်တတ်ရပ်လိုက်တော့ အဥ္စလီပါ ခေါင်းတွေမူးဝေနောက်ကျစွာဖြင့် သူ့နောက်သို့ လိုက်ပို့ပြင်ရသည်။ ဟုတ်ပါရဲ့ အဖွားအိုမှာလည်း ဝေဒနာနဲ့ တောင်ဝေးကိုင်ထားသော ပုံစံဖြင့် အဖွားအို လမ်းလျှောက်နေလိုက်ပုံက တစ်ကိုယ်လုံး အကြောဆွဲ၊ အရွတ်ဆွဲလျှက်။

အို···သူမရဲ့ အဖော်ကလည်း စိတ်ပျက်စရာ။ ဘယ်လို ဘဝကြီးပါလိမ့်နော်။ ဘာပဲဖြစ်ဖြစ် ဖြစ်ရာဘဝမှာတော့ မပျော်တောင် နေလို့ရအောင် နေရတော့မည် ထင်သည်။

အဖွားအိုကရှေ့က တုန်တုန်ယင်ယင် လျှောက်နေလျှင် အဥ္စလီ





ကလည်း ယိုင်တီးယိုင်ထိုးဖြင့် တွားလိုက်နေရပါလေ၏။

"နေပါဦးအဖွားရဲ့ အဖွားပြောတဲ့ အချိန်က ဘယ်လိုလဲ။ ဒီငရဲပြည်မှာရော အချိန်နဲ့ဆိုတာ ရှိသလား။ နာရီသံတွေရှိသလား။ နေတွေ လတွေရှိသလား။ အဖွားရဲ့အိမ်ကရော ဘယ်မှာလဲ။ ကျွန်မတို့ မောပန်းတဲ့အခါ ဘယ်မှာထမင်းစားမှာလဲ။ ဘယ်မှာအိပ်ကြရမှာလဲ။ ဘယ်မှာ"

"စကားတွေကလည်း ရှည်လိုက်တာကွယ် ဒါပေမယ့်လေ အခုလို စကားသံလေးကြားရတာကိုပဲ ငါစိတ်ချမ်းသာပါသေးတယ်။ ငါ့ အနားမှာ စကားသံတွေ မကြားရတာ ကြာပြီလေ"

"ဘာဖြစ်လို့လဲ အဖွား···ဒီတိုင်းပြည်ကလူတွေနဲ့ အဖွားနဲ့ မတည့်လို့လား"

"အေး···ငါက လူ့ပြည်မှာတုန်းက ဂွစာအဖွားကြီးလေ။ လူတကာနဲ့ မတည့်ဘူး၊ အဲဒီတော့ ဒီလည်းရောက်ရော ငါဘယ်သူနဲ့မှ စကားမပြောရတော့ဘူး။ အဲဒါလည်း ငါ့အတွက်ငရဲပါဘဲ။ ငါလည်း ဒီတစ်ခါ လူ့ပြည်ပြန်ရောက်ရင် လူတွေနဲ့တည့်အောင် နေတော့မယ်"

"ကျွန်မ သိချင်တာတွေလည်း ဖြေပါဦးအဖွားရယ်"

နှစ်ယောက်သား ဝင့်ကြွေးတစ်ခုလို စမ်းတဝါးဝါးနှင့် ပင်ပန်းစွာ လျှောက်သွားနေကြရရင်းမှ အဥ္စလီ ထပ်မေးလျှင် အဖွားအိုက တစ်ခုချင်းဖြေဖို့ ပြင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အို . . . ဒီတိုင်းပြည်မှာတော့ အဖွားအိုဟာ အဍ္ဍလီအတွက် ဂိုက်ပါပဲ။ လမ်းပြပါပဲ။

"ဒီတိုင်းပြည်မှာ အချိန်ရှိတာပေါ့။ မကြာခင် အပျောင်တွေ ကြီးစိုးလာတော့မယ်။ မပျောင်ခင် နင်သိသင့်တာတွေ သိအောင် ငါရှင်းပြ လိုက်ပြနေတာ ဘာမှ မသိတာထက်စာရင် နည်းနည်းသိတော့ နည်းနည်း ခံသာရာ ရသေးတာပေါ့"

"ဘုရားရေ ဒီ့ထက်ပဲ မှောင်ရအုံးမလား အဖွားရယ် ခုတောင် မနည်းစမ်းလျှောက်နေကြရတာ ဟုတ်လား။ ကျွန်မဖြင့် အိမ်မှာကျန်ခဲ့တဲ့ စာကြည့်မျက်မှန်လေးကိုတောင် ပြန်ယူချင်စိတ်ပေါက်မိတယ်။ ကျွန်မရဲ့ မျက်မှန်လေးက အနီးကြည့် ဒီဂရီ ၁၀၀ ရှိတယ်"

"နင် မျက်လုံးအလှူ မပေးခဲ့လို့၊ အလင်းနဲ့ပတ်သက်လို့ အလှူ မပေးခဲ့လို့ မမြင်မစမ်း ဖြစ်နေရာကြီးပဲ။ ညည်းမနေနဲ့။ မှတ်ထား၊ ဒီငရဲ ပြည်မှာ ဘာတစ်ခုမှ အဆင်ပြေနေတာ မရှိဘူး။ အကုန်လုံးအရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ တစ်ခုတော့ရှိတယ်။ နင်လူ့ပြည်တုန်းက ကောင်းတဲ့အကွက်လေး ဘာလေးရှိခဲ့ရင်တော့ ဒီမှာလာပြီး အထောက်အပံ့ ပေးပါလိမ့်မယ်။ ဥပမာ ခုလိုင်ငါနဲ့ အဖော်သဟဲ အဖြစ်ရတာမျိုးပေါ့လေ။ နင်ဟာ လူ့ပြည်မှာတုန်းက မိဘတွေအတွက် နည်းနည်းကောင်းကျိုး ပြုခဲ့လို့ ခုလိုစောင့်ရှောက်မယ့်လူရတာ"





"အဲဒါတောင်မှ ငရဲပြည်ရောက်ရသေးတယ်နော်၊ ဒီငရဲပြည် မှာရော အကြမ်းဖက်မှုတွေရှိသလား။ ရဲစခန်းတွေ၊ အချုပ်ခန်းတွေ၊ ထောင်တွေရှိသလား"

တရွေ့ရွေ့သွားနေကြရာမှ အခြားသူတွေကိုပါ အဍ္ဍလီ မြင်တွေ့ နေရပြန်သည်။ လူတွေကြိတ်ကြိတ်တိုး မနေပေမယ့် အဆောက်အဦ တစ်ချို့ ဈေးဆိုင်တစ်ချို့ ပန်းပင်လေး၊ သစ်သီးဆိုင်လေးတစ်ချို့ကို သူမ မြင်နေရပြန်သည်။ အားလုံးဟာ မေးချင်စရာကြီးပါပဲ။ သို့သော် အဍ္ဍလီ မမေးရသေးပါ။ အဖွားကြီး စိတ်မရှည်ဖြစ်ပြီး တောင်ဝှေးနှင့် ခေါက် လိမ့်မည်။

ရှားရှားပါးပါး ရထားသည့် အဖော်လေးကို အဍ္ဍလီ လေးစား ရပါဦးမည်။ တော်ကြာ ဘုမသိ၊ ဘမသိဖြင့် ဒီငရဲပြည်ကြီးမှာ သောင် တင်နေရမည်ဆိုလျှင် ပိုပြီးခက်တော့မည်။ အဖွားအိုကလည်း သူပြော ချင်ရာသာ ပြောလေ၏။

"ငါက အရုပ်ဆိုးပေမယ့် စိတ်ကောင်းတော့ရှိသေးတယ် ကောင် မလေးရဲ့၊ နင့်ကိုငါ ကောင်းကောင်း အကာအကွယ်ပေးနိုင်တယ်"

"ဒါနဲ့တောင် နတ်ပြည်မရောက်တဲ့ ငရဲပြည်ရောက်လာရသလား အဖွားရဲ့ အကာအကွယ်ပေးရမယ်ဆိုတာကရော ဒီမှာလူဆိုး၊ သူခိုးတွေ ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ငရဲပြည်ရောက်တာကတော့ ငါ့မှလည်း မကောင်းတဲ့အကွက် တွေရှိတာကိုး။ ဒီမှာ လူဆိုး၊ သူခိုးတွေဆိုတာ ပေါမှပေါ။ ဒါ···ငရဲ ပြည်လေ။ မကောင်းတာတွေချည်း စုနေတာ"

"ဟင်···စိတ်ပျက်စရာ။ ကျွန်မဖြင့် သေသာသေလိုက်ချင် တော့တယ်"

"လာပြန်ပြီ။ သေချင်တိုင်း သေလို့ရတယ် မှတ်သလား။ ဒါပေမယ့် နင်စိတ်ချပါ။ နင့်မှာကောင်းတဲ့အချက်က အထောက်အပံ့ ပေးလို့ ဘာမှမဖြစ်တော့ဘူးမှတ်။ ငယ်ငရဲကောင်မ နင့်ကိုအနိုင်အထက် ပြုလို့မရတော့ဘူး"

"ဥပဒေရှိတာလည်း စိတ်ပျက်စရာ ကောင်းလိုက်တာ။ နေရာ တိုင်းမှာ ဥပဒေရှိမှ စိတ်ချမ်းသာကြရမှာဆိုတာ ကျွန်မသဘောပေါက်ပြီ"

"ညည်းမနေနဲ့။ ဒါလူ့ပြည်မဟုတ်ဘူး။ ငရဲပြည်။ မကောင်း တာတွေ လုပ်ခဲ့လို့ မကောင်းတာတွေ လာခံနေကြရတာ"

"ကျွန်မမှာရော ဘာအပြစ်ရှိလို့ ဒီကိုရောက်လာရတာလဲ အဖွား ရယ်···ကျွန်မ နားမလည်ဘူး"

"အောင်မယ်···အောင်မယ်···ညည်းကိုညည်း စင်းလုံးချော လုံးကျလို့ မိဘရဲ့ ဝန်ထုပ်ဝန်ပိုးကို ကူထမ်းပေးနေတယ်ဆိုပေမယ့် ညည်း လုပ်နေတာ သမ္မာအာဇီဝမှ မဟုတ်ဘဲ။ ယောကျ်ားတွေကို မြူဆွယ်၊





ဖြားယောင်း၊ ညာချပြီး စားနေတဲ့ အလုပ်ကြီးပဲ"

"ဒါပေမယ့် အဖွားရယ် ကျွန်မ စိတ်မပါပါဘူး။ မိဘတွေ အတွက်ပါ။ အနိုက်အကဲ့ပါ"

"ဒါတွေ လာပြောမနေနဲ့ ငရဲကမနေဘူး။ ညည်းရည်ရွယ်ချက် ကလေးကောင်းလို့ အခုလို ငါနဲ့တွေ့ပြီး အကြောင်းကြောင်းဘဝက လွတ် တယ်လို့မှတ်ပါ"

သူမတို့နှစ်ယောက် ဆက်လက် လျှောက်သွားကြပြန်သည်။ မြင်မြင်သမျှ စိတ်ချမ်းသာစရာက နည်းနည်း။ စိတ်ဆင်းရဲစရာတွေက သာခပ်များများ။

တစ်နေရာမှာ ယောကျ်ားနှစ်ယောက်က မိန်းမခပ်ဝဝတစ် ယောက်ကို ဆွဲလွဲနေတာ မြင်ကြရပြန်သည်။

"ဘာမှသနားမနေနဲ့။ သူ့အကုသိုလ်နဲ့သူ။ သူက လူ့ပြည်မှာ တုန်းက မသိနားမလည်တဲ့ မိန်းမငယ်လေးတွေကို ဖြားယောင်းသိမ်း သွင်းပြီး မဟုတ်တာလုပ်ခိုင်းခဲ့တဲ့ မိန်းမ။ အခု သူ့ငရဲသူပြန်ခံနေရတာ"

အဖွားအိုက ဆက်လျှောက်သွားလျှင် အဉ္စလီလည်း စိတ်မချမ်း မသာဖြင့် ဆက်လိုက်လာခဲ့ရပြန်သည်။ ဒီနေရာမှာ မြင်နေရသမျှကတော့ စိတ်ဆင်းရဲစရာတွေချည်းပါပဲ။

"အဲ···"



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှ လူ၀၀ကြီးတစ်ယောက်ကို ဖောသွပ်သွပ်၊ ပိန်ညှောင်ညှောင် လူတွေက အရက်တွေ မညှာမတာ တိုက်နေကြတာ မြင်ရပြန်လျှင် အဥ္စလီ သိချင်မိပြန်၏။ သူမမေးခင် အဖွားအိုက အရင်ရှင်းပြခဲ့သည်။

"အဲဒါ လူပြည်တုန်းက အရက်ဆိုင်ပိုင်ရှင်လေ။ သူ့အရက်ဝယ်သောက်ပြီး စောစောစီးစီး သေဆုံးသွားကြတဲ့ လူတွေက အခုသူ့ကို ပြန်ပြီး အရက်တိုက်နေကြတာ"

"အမြည်းလည်း မပါဘဲနဲ့နော်· · ·အာခြောက်တိုက်ကြီး"

"နင့်အဘိုးအေ ငရဲပါဆို့မှ အမြည်းနဲ့သောက်နေရရင် ငရဲဟုတ်ပါဦးမလား။ ဘလိုင်းကစ်ရတာပေါ့"

အဖွားအို၏ စကားကြောင့် အဥ္စလီ နည်းနည်းပြုံးမိသွားတော့ အဖွားအိုက သူမကို မျက်စောင်းထိုးလေသည်။

အဖွားအိုက ဒီငရဲပြည်မှာတော့ ထောင်ပါဒါ ထောင်ကိုက်သိုး၊

"နင်ကငါ့ကို အထင်သေးသလား။ ငါလည်း လူ့ပြည်တုန်းက မြေးတွေနဲ့ နေလာရတာပါနော်"

နှစ်ယောက်သား စကားပြောရင်း လျှောက်သွားနေကြစဉ်၊ အမှောင်နှင့်အတူ နင်းထုများပါ တအီအီပြုံခင်းလာကြပြီး ညည်းတွားသံကြီးများကိုလည်း နေရာအနှံ့ ကြားလိုက်ရလေ၏။





"ဟော· · ·ညရောက်တော့မယ်။ အအေးဒဏ်နဲ့ အမှောင်ဒဏ်ကို ခံနိုင်ဖို့ ငါတို့နေရာရှာကြစို့"

အဖွားအိုက သူ့စကားနှင့်အညီ နေရာရှာနေလိုက်သည်မှာ နောက်ဆုံး သစ်ပင်အိုကြီး တစ်ခုကိုသွားတွေ့ပြီး ထိုသစ်ပင်အို၏ သစ်ခေါင်းထဲသို့ အဥ္စလီကို အရင်ဝင်စေသည်။

"ဘယ်လိုထင်လို့ရမှာလဲ အဖွားရဲ့ သစ်ခေါင်းကသေးပြီး ကျွန်မကကြီးမားနေတယ်လေ"

ပြောသော်လည်း အဖွားအိုက အဥ္စလီကို သစ်ခေါင်းထဲသို့ အတင်းထိုးသွင်းနေခဲ့လျှင် သူမမှာ မူးဝေ၊ လန့်ဖျပ်ပြီး အသံကုန်အော်ဟစ်မိလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

စင်ရော်တွေ ကမ်းလုံးညွှတ်သည့် ကမ်းခြေကို ကျောခိုင်းရင်း အဥ္စလီ ထိုကျွန်းမှ ထွက်ခွာလာခဲ့ရချေပြီ။

သူမ၏ ကြောင်ကလေး၊ ယုန်ကလေးနှင့် မြွေပါလေ့တွေကိုလည်း ထားခဲ့ရပါသည်။ တောရိုင်း တိရစ္ဆာန်လေးများမှာ အဥ္စလီကို ချစ်ခင်ကြသော်လည်း စက်လှေပေါ်သို့ လုံးဝ တင်၍မရကြပါ။

သူ့ သတ္တဝါလေးများကို မျက်ရည် လည်ရွဲဖြင့် နောက်ဆုံးကြည့်ရင်း၊ ချစ်သူ စွန့်ပစ်ခဲ့သည့် အိမ်အိုကြီးကို နောက်ဆုံးကြည့်ရင်း အဥ္စလီ စက်လှေပေါ်မှာ ပါလာခဲ့ရသည်။

ပြည့်ဇံကို ယုံကြည်လို့တော့မဟုတ်ပါ။ သို့သော် ချစ်သူစွန့်ပစ်ခဲ့တာနှင့် ဒီကျွန်းပေါ်မှာပဲ ရင်ကွဲနာကျပြီး၊ လောကကြီးကို အရှုံးပေးပြီး အဥ္စလီ မနေချင်ပါ။

လူလောကထဲသို့ ဘယ်အပေါက်မှ ဝင်ရ၊ ဝင်ရ··· အဥ္စလီ





ပြန်ဝင်ပါဦးမည်။ သူမ၏ ဘဝကို အစကနေ ပြန်စချင်ပါသေးသည်။

လူဆိုတာ နှလုံးသားနှင့်အတူ ဦးနှောက်ပါ··· ပါလာခဲ့သည့် မဟုတ်ပါလော။

ပြည့်ဇံသည် သူမကို ဘယ်လိုအကြံအစည်နှင့် ခေါ်ယူလာခဲ့သည်ဖြစ်စေ··· မီးစင်ကြည့် ကရမှာပါပဲ။

သူဘယ်လိုပင် ပြောပြော၊ အဥ္စလီ သူ့ကို ယုံကြည်မှုမရှိခဲ့ပါ။

ချစ်သူ အရင်းခေါက်ခေါက်ကြီး၏ စွန့်ပစ်မှုကို ခံယူရသည့် အချိန်မှစပြီး သူမ··· လူတွေကို မယုံကြည်တတ်တော့ပါ။

စက်လှေကို ကျွမ်းကျင်စွာ မောင်းနှင်နေသည့် ပြည့်ဇံကို ကျောခိုင်းပြီး·· စက်လှေဦးမှာ အဥ္စလီ ထိုင်နေခဲ့သည်။

ဘဝဟာ ဘယ်လို စီးဆင်းဦးမှာလဲ၊ သူမဟာ ငှက်ကလေးတစ်ကောင်ဆိုလျှင်ဖြင့် အတောင်တွေလည်း ညောင်းလှပါပြီ။ လောလောဆယ် မိဘများ၏ ရင်ခွင်သို့ ပြန်ပြီးနားခိုမည်။ ဖြစ်ရာဘဝမှာ လောကအတွက် ဆက်လက်ရှင်သန်လိုက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

နောက်မှ ပြန်ခေါ်မယ် . . .

နောက်မှ ပြန်ခေါ်မယ် . . .

ယုံကြည်ထားပါကွယ် . . .

အပျော်ခရီးထွက်သည့် စက်လှေသဖွယ် သီချင်းသံတွေ မြိုင်ဆိုင်နေကြသော်လည်း ထိုသီချင်းသံ ဦးသက်စံ၏ရင်ကို တစ်စစီ ဆုတ်ဖြဲလိုက်သည့်နှယ်။

သူ့ ဆုံးဖြတ်ချက်တွေ မှားခဲ့သလား။

သူ့အတွေးအခေါ်တွေ မှားခဲ့သလား။

လူသူမရှိသည့် ကျွန်းပေါ်မှာ အဥ္စလီ့ကို တစ်ယောက်ထဲ ထားခဲ့မှုသည် အပြင်းအထန် ရက်စက်ရာ ကျခဲ့သလား။

သူကလေး ဘယ်လောက်တောင် ခံစားသွားရရှာလေမလဲ။





အိုလေ. . . လူသူ မရှိဘူးဆိုတာလည်း သူတို့ ညာပြောကြတာ နေမှာပါ။ ရှိရင်လည်း ရှိမှာပေါ့။

ပြီးတော့ အဥ္စလီဆိုတာလည်း ခပ်ညံ့ညံ့ ကောင်မလေး မဟုတ်ပါဘူး။ သူမသည် ဘဝကို ဖြစ်သလို ရင်ဆိုင်တတ်ပေမည်။

ချစ်သူလေး၏ ဂျစ်ကန်ကန်၊ ပေကတ်ကတ်ရုပ်ကလေးကို မြင်ယောင်မိရင်း ဦးသက်စံဘုရားတာ နေမိပြန်သည်။

သူကလေး . . . ငါ့အပေါ် အရမ်းစိတ်နာ နေမလား။

ငါလုပ်ပုံကရော . . . မှန်ရဲ့လား။

ချစ်သူနှင့်အတူ . . . ကြုံလာသမျှ ဒုက္ခကိုလက်တွဲ ရင်ဆိုင် မဖြေရှင်းဘဲ . . . ဘဝကို စီးပွားတွက် တွက်သလို တွက်ပြီး . . . လူလည်ကျခဲ့တာ မှန်မှ မှန်ပါ့မလား။

သူ့အတွေးကတော့ အဥ္စလီ့ကို ကျွန်းကလေးပေါ်မှာ ခေတ္တ ထားခဲ့ပြီး၊ သူက နောက်မှ ပြန်ခေါ်မည်ပေါ့။

ဒုက္ခတွင်းထဲမှာ ၂-ယောက်စလုံး လည်စင်းခံနေရမှာထက် သူက တွင်းပေါ် အရင်တက်ပြီး ချစ်သူကို . . . တွင်းပေါ်မှ လက်ကမ်း ဆယ်ယူမည်။ ဦးသက်စံ ဒီလိုတွေးပြီး လုပ်ဆောင်ခဲ့မိပါသည်။

သို့သော် . . . လူသားဖြစ်သည့် ချစ်သူမလေးခမျာ . . . သူ့ခွဲခွာမှုကြောင့် မည်မျှ နှလုံးကွဲအောင် ခံစားသွားရရှာမည် ဖြစ်ကြောင်း ကိုတော့ အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားကြီးဗိုလ်ပီ သူမတွေးမိခဲ့ပါချေ။

ထိုညက သို့ကို ပြန်ခေါ်ခဲ့ကြပြီး၊ ကမ်းခြေသို့ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈-နာရီခန့်ရှိပေပြီ။

ကမ်းခြေမှာ အသင့်စောင့်နေသည့် အလုံပိတ်ကားတစ်စင်းဖြင့် သူ ရန်ကုန်သို့ ပြန်ရောက်ခဲ့ရသည်။

ရက်တွေ၊ နာရီတွေ မည်မျှကြာသွားခဲ့ပြီလဲ၊ သူ့ကို ... မေ့ဆေးအုပ်ပြီး ခေါ်ဆောင်ခဲ့ကြသည်မို့ သူ .. ကိုယ့်အိမ်၊ ကိုယ့်ယာ ကိုယ့်အိပ်ယာပေါ်မှာ ကြည်လင်စွာ နိုးထခဲ့သည့်အခါ၊ ကျွန်းကလေးနှင့် ခွဲခွာခဲ့ရတာ အဥ္စလီကို ထားခဲ့ရတာ ၂-ရက်ပင် ကြာမြင့်ခဲ့ချေပြီဖြစ်သည်။

စောင့်ဆိုင်းနေသည့် အရေးပေါ်အလုပ်ကိစ္စများကို ပစ်ထား လို့လည်းမရ။ အလုပ်ကိစ္စများကို ရှင်းရင်း... ငပလီကမ်းခြေ၊ ရခိုင် ကမ်းခြေသို့ နောက်တစ်ခါ ထပ်သွားဖို့အတွက် ဦးသက်စံ ချက်ချင်းစီစဉ် ခဲ့ပါသည်။

သက်တော်စောင့် တပည့်တပန်း ၄-ယောက်မျှနှင့်အတူ သံတွဲသို့ သူခရီး ပြန်ထွက်ခဲ့လျှင် အဥ္စလီ တစ်ယောက်ထဲ ကျွန်းကလေးမှာ နေရရှာတာ ၃-ရက် ရှိသွားခဲ့ပေပြီ။

ချစ်သူလေး တစ်ယောက်ထဲ အားငယ်နေရှာမှာပဲ။ သူဘာရား မလို့... ဘာအန္တရာယ် .. ဘာရန်သူမှ မတွေ့ပါစေနဲ့။ အခါခါ ဆုတောင်းရင်း ... ဦးသက်စံ၏ရင်မှာ ... နေမထိထိုင်မသာ၊ ရင်ထဲမှာ မီးခဲမြှုပ်ထားရသလို... ပူလောင်ကြေကွဲရင်း.. သူလုပ်ချင် တွေများခဲ့ပြီလားဆိုသည့် နောင်တက ဦးသက်စံ၏ ရင်မှာ အခါမလပ်။

သက်တော်စောင့်များနှင့်အတူ အဥ္စလီ အလုပ်လုပ်ခဲ့သည့်





ရွာကလေးသို့ သွားပြီးအကျိုးအကြောင်းပြော့ပြ၊ လမ်းကျွမ်းသည့် စက်လှေ ဆောင်းသမားများနှင့် အတူ။ စက်လှေ ၂-စီး ငှားရမ်းပြီး အဥ္စလီ့ကို ရှာဖွေဖို့ ယခုလို ထွက်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်ပြင်မှာ စက်လှေ နှစ်စင်းလာတော့ အပျော်ခရီး ထွက်လာသည့်နှယ် သီချင်းတကြော်ကြော်နှင့်။

"နောက်မှ ပြန်ခေါ်မယ် .. နောက်မှ ပြန်ခေါ်မယ် ... ယုံကြည်ထားပါကွယ် ..."

ကျေးဇူးပြုပြီး ဒီသီချင်းကို မသီဆိုကြပါနဲ့ကွယ် ငါ့ရင်ကို ကြေကွဲ စေလွန်းလို့ပါ ...

ကြည့်စမ်း ... မှောင်နဲ့ မည်းမည်းမှာ အိမ်အိုကြီးထဲမှာ ချစ်သူလေးကို ငါထားခဲ့မိတယ် ...

နို့တွေ... လူသေလို ညည်းတွားနေတဲ့ တစ္ဆေအိမ်ကြီးထဲမှာ သူကလေး ဘယ်လောက်များ အားငယ်နေရှာခဲ့မလဲ။

ငါ့ကိုလည်း အရမ်းစိတ်နာသွားမှာပဲ။ သူကလေးသည် ခေါင်းမာ သူလား။

စိတ်နုလုံး နူးညံ့ပေမယ့် အချိုသော မိန်းကလေးများသည် ခေါင်းမာတတ်ကြသည်။

လူသူမရှိသည့် ကျွန်းများကလည်း ရခိုင်ပင်လယ်ထဲမှာ များစွာ။

၄-ရက်တောင် ကျော်လွန်သွားခဲ့ပါပြီ။ အစစအရာရာကို အမြန်ခုံးနှန်းနှင့် စီစဉ်နေသည့်ကြားထဲမှ ရန်ကုန်နှင့် သံတွဲကူးပူး



www.burmeseclassic.com

www.burmeseclassic.com



နေရသည့်မို့ အစ္စလီကိုထားခဲ့ရတာ ၄-ရက်ကျော်သွားခဲ့ပါပြီ။

၅-ရက်မြောက်သည့်နေ့ နံနက်ကျမှ တပ်တောင်တာမှိုလ်တုနှင့် လူစုရှာဖို့ ဦးသက်စံတို့ ရောက်ခဲ့သည်။

ကျွန်းကလေးပေါင်းများစွာကို စေ့စပ်ရှာဖွေရင်း ညနေစောင်းမှ အစ္စလီ့ကို ထားခဲ့သည့်ကျွန်းကို သူတို့ရောက်ရှိသွားခဲ့ကြသည်။

ကျွန်းပေါ်သို့ တက်ပြီး··· အရပ်ရှစ်မျက်နှာသို့ ရှာဖွေကြည့် လိုက်လျှင်·· မိုလ်တဲဆန်ဆန် အိမ်အိုကြီး၏ ပြိုလုလု ယိမ်းယိုင်နေပုံကို သူတို့ မြင်လိုက်ကြရသည်။

"အလို··· ဘုရား··· ဘုရား"

၂-ရက်တိုင်တိုင် မုန်တိုင်းမိခံခဲ့ရသည့် ပင်လယ်ထဲက ကျွန်းမို့ အရာရာသည် ပရမ်းပတာ။

ငှက်အသေ၊ တိရစ္ဆာန်အသေများနှင့် တားကြွင်းတားကျန် အပျက်အစီးတို့က ကျွန်းပေါ်မှာ နံစော် ညစ်ထေးလျက်။

အိမ်ကလေးပေါ်သို့ သူတို့အဖွဲ့ အပြေးအလွှားတက်ကြည့် မိကြသည်။

"မြည်းမြည်းလည်း တက်ကြ။ အိမ်ကပြိုကျတော့မယ်···"

"အစ္စလီ··· အစ္စလီရေ···"

တကြော်ကြော်အော်ခေါ်သံများက ကျွန်းပေါ်မှာ ပဲ့တင်ညံလျက်။

အိမ်အိုကြီးပေါ်မှ ငှက်များ၊ လင်းဆွဲများ လန့်ပျံသွားကြ ပုံကလည်း တဖျတ်ဖျတ်။ မြွေကြီးများ·· ငှက်ဉ နှိုက်စား၍ ငှက်ကလေး





တွေ နှိုက်စား နေကြတာမြင်ရပါလည်း ထိတ်လန့်စဖွယ်။

ဘယ်လိုမှ နေချင်စရာမကောင်းသည့် ဘဝကြီးပါလား။

အိမ်ပေါ်မှ ထင်းခြောက်လေး နှစ်စ၊ သုံးစနှင့်အတူ ယုန်မည်း လေး တစ်ကောင်ဖြတ်ပြေးသွားတာ ဦးသက်စံမြင်လိုက်ရသည်။

သို့သော် ဒီအကောင်လေးဟာ အစ္စလီ့ ယုန်မည်းလေးမှန်း ဦးသက်စံမသိပါ။

"အစ္စလီ··· အစ္စလီရေ···"

အိမ်ကလေးပေါ်မှာ သူမ··· ပုန်းအောင်နေရှာသလား။ တကြော်ကြော် အော်ရင်း တစ်ခန်းဝင်၊ ဘစ်ခန်းထွက် သူရှာဖွေနေမိသည်။

ခိုညည်းသံများကို ကြားရပြန်လျှင်··· ချစ်သူ့ငိုသံလေးများ လားဟု ဆွေးတော ရင်နာမိပြန်သည်။

ဆရာ့ကောင်မလေး မဆိုထားနဲ့။ ကျွန်တော်ဆိုရင်တောင် သေွး ပျက်မယ့် နေရာကြီးပဲ။ မြွေတွေကလည်း ပေါလိုက်တာ···"

အိမ်တုပ်တန်းတွေမှာ မထီမဲ့မြင် တွဲလောင်းခိုနေ၊ တွားသွား နေကြသည့် မြွေများကို မော့ကြည့်ရင်း ခင်မောင်ဝင်းကဆိုသည်။

"မင်းကလည်း ဆရာ ကြေကွဲအောင် ထပ်ပြောနေပြန်ပြီ။ ဆရာ့ ကောင်မလေး အပြင်မှာများ ပုန်းနေသလား မသိဘူး··· အောက်ဆင်းရှာကြရအောင်···"

ရွာမှ လိုက်လာသည့် လမ်းပြများနှင့်၊ သူ့အဖော်များ အိမ် အောက်သို့ ဆင်းသွား၍ ရှာဖွေနေကြလျှင် ဦးသက်စံ အိမ်ပေါ်မှာ အရူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ထိုင်ချ မိလိုက်သည်။

ငါ… မှားပြီ…

ကြည့်စမ်း…ငါ ခုံးဖြတ်ချက်တွေ မှားခဲ့တယ်။

ငါက… ရင်ကွဲလို့ ထင်ခဲ့ပြီး ခေတ္တထားခဲ့မှုဟာ အခုတော့ ငါတို့ ၂-ယောက်ကို ထာဝရကွဲကွာစေပြီလား။

အန္တရာယ်တွေနှင့် ရေမြွှာအကြမ်းတမ်းလှသည့် ကျွန်းပေါ်မှာ အဥလိုကို သူ မဆင်မခြင် ထားခဲ့မိချေသည်။

ဒီဒုက္ခတွေကို မခံနိုင်လို့များ သူကလေး ပင်လယ်ထဲ ခုန်ချသွားခဲ့ပြီလား…

ချစ်သူပေးခဲ့သည့် သောကများအတွက် သူကလေး မည်မျှ ခံစားသွားရရှာလေသလဲ…

သို့မဟုတ်… သူတို့၏ ရန်သူများက အဥလိုကို တစ်ဖက်လှည့်နှင့်များ ခေါ်ထုတ်သွားကြပြန်လေသလား။

မည်သို့ဖြစ်စေ… ချစ်သူလေးကို ဦးသက်စံ အသက်ရှင်နှင့် ပြန်တွေ့ချင်၊ ယုယချင်ပါသေးသည်။

အိမ်ထဲမှာ သူ… လျှောက်ရှာကြည့်မိပြန်သည်။ ချစ်သူ့ခြေရာလက်ရာလေးများ တွေ့ရလေမလားဟု ဖြစ်သည်။

“ဩော်…”

မီးဖိုခန်းထဲမှာ ဝါးဆစ်ဗူးပြတ်လေးတွေနှင့် ရေအကာတ် အသတ်လေးများကို ဦးသက်စံ တွေ့လိုက်ရသည်။ ဒါ… သူကလေးရသောက်တာ





မြစ်မှာပေါ့။ ဘဝကို ရင်ဆိုင်ဖြတ်သန်းရဲသူလေးပါပဲ။

ငှက်ပျောနိုင် အကြွင်းအကျန်လေးနှင့် အုန်းသီးခြောက်လေးများ ကောက်ပုံထားတာလည်း သူတွေ့ရပြန်သည်။ ရင်နာရလွန်းပါဘိ။

ချစ်သူရယ်… ခုနေခါများ မင်းကို ပြန်တွေ့ရမယ်ဆိုလျှင် ငါ့အသက်ကိုတောင် ပေးလိုက်နိုင်ရဲပါပြီကွယ်…

ဆုံးဖြတ်ချက် တစ်ခါမှားခဲ့တဲ့ ကိုယ့်အတွက်ကို ဗဟိုပြုတွေးမိခဲ့တဲ့… ချစ်သူကို မင်းတစ်ခါလောက်တော့ ခွင့်လွှတ်လိုက်ပါဦးနော်။

ရင်ထဲမှ ဆို့နင့်ကြေကွဲလွန်းလျှင် ဦးသက်စံ၏ မျက်ဝန်းမှာ မျက်ရည်စီးပ်တို့ အပြည့်အသိပ်။

တန်ခန်းဝင်၊ တစ်ခန်းထွက်နှင့် အိမ်အိုကြီးပေါ်မှာ သူ… ကြေကွဲစွာ လှည့်လည်နေမိသည်။

တစ်ခုသော အခန်းထဲမှာ မီးဖိုလေးကို သွားတွေ့ပြန်သည်။ မီးဖိုလေး အနားမှ ကြောင်မည်းလေး တစ်ကောင်ထပြေးသွားပြန်တော့ လည်း … ဒါ… အဥလို့ကြောင်မည်းလေးရယ်ဟု ဦးသက်စံမသိခဲ့ပါချေ…။

မီးဖိုလေးကို … သူ … ကိုင်တွယ် ပွတ်သပ်မိပြန်သည်။

နှင်းတွေ စက်စက်ကျနေသည့် ဆောင်းရာသီထဲမှာ သူကလေးဟာ မီးဖိုအနား… ကွေးကွေးလေး အိပ်နေရှာရမှာပေါ့။ ဒါမှမဟုတ် မြွေတွေ၊ ကင်းတွေ၊ ငှက်တွေရဲ့ အနှောင့်အယှက်ကြောင့် တစ်ညလုံး ကြောက်နေရှာမလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ·· တစိမ့်စိမ့်တွေးပြီး တစိမ့်စိမ့်ဆွေးရသဖြင့် ဦးသက်စံ၏ နလုံးသားတစ်ခွေလုံး ကြိမ်မီးအုံးခံရသလို ပူလောင်ကျွမ်းမြည့်၊ နွမ်းချည့် လှပါဘိ။

ဒီလောက် ဒုက္ခတွေ ရောက်မယ်မှန်း၊ ဒီလောက်အန္တရယ်တွေ များမယ်မှန်း··· ကိုယ် တွေးခဲ့မိတာ အမှန်ပါပဲကွယ်။

ခပ်ပေါ့ပေါ့ တွေးပြီး ခပ်ပေါ့ပေါ့··· လုပ်ဆောင်မိခဲ့တဲ့ လုပ်ရပ်ကို မင်းခွင့်လွှတ်နိုင်ပါ့မလား···

မီးဖိုလေးနဘေးမှာ ငှက်မွေးတွေ၊ ငှက်ချေးတွေ၊ ငှက်ဥကွဲတွေက လည်း ပြည့်သိပ်လျှက်။ ဒါက တော့ မုန်တိုင်းမွှေသွားခဲ့လို့ပဲ ဖြစ်ရမည်။

သည်စဉ်··· သူ့ကိုယ်ပေါ်သို့ ထုတ်တန်းပေါ်မှ မြွေတစ်ကောင် ပြုတ်ကျလာခဲ့သည်။ မြွေက ရန်မမူနိုင်ဘဲ လျှောခနဲ ဆင်းပြေးသွား ပေမယ့် မြွေပြုတ်ကျသည့်အတွက် ထိတ်လန့်မှုက ချက်ချင်းမပြေ။

ထို့အတူ ··· ချစ်သူလေးအပေါ်သို့ရော မြွေတွေပြုတ်ကျခဲ့ သလား။ သူကလေးရော မြွေတွေနှင့် ရင်ဆိုင်တွေ့ခဲ့လေသလားဟု စာနာအတွေးများနှင့် သူ··· ရင်နှင့် ရပြန်သည်။

နောင်တ··· ဟာ လူမိုက်ကို ပူလောင်နာကျင်စေသတဲ့။

မီးဖိုလေးနဘေးမှာ ငေးမှော်ရင်း ဦးသက်စံကြေကွဲနေနိုက် တောစပ်မှာ သွားရောက်ရှာဖွေကြသူများ ပြန်ရောက်လာကြသည်။

“ဆရာ ဘယ်သူမှ မတွေ့ခဲ့ဘူး။ ဆရာတို့ ရောက်ခဲ့တဲ့ကျွန်းဟာ ဒီကျွန်းရော ဟုတ်ရဲ့လား···”





“ဟုတ်ပါတယ်·· ဒီမှာလေ··· မီးဖိုရယ်··· ငှက်ပျော နိုင်နဲ့ ဝါးဆစ်ပူးပြွတ်လေးတွေ။ ဒါ··· လူနေခဲ့တဲ့ သက်သေတပေါ့···”

“ဒါဆိုရင်တော့ တစ်ယောက်ယောက်က ပြန်လာခေါ်သွားတာ ပဲ ဖြစ်ရမယ်···”

“ဒါမှမဟုတ် ··· လှေတစ်စင်းစင်း သင်္ဘော တစ်စင်းစင်းနဲ့ တွေ့ပြီး ပြန်ပါသွားတာလည်း ဖြစ်နိုင်တယ်။ ဆရာ့ကောင်မလေး··· ခုလောက်ဆို ··· ဆရာ့အိမ်တောင်ပြန်ရောက်ချင် ရောက်နေလိမ့် ဦးမယ်··· ”

တစ်ယောက်တစ်ပေါက် စကားများကို ဦးသက်စံခေါင်းရမ်း နေမိပါသည်။

တို့တွေ··· သက်ဆုံးတိုင် ကွဲသွားကြပြီလားကွယ်··· အဥ္ဇလီ စိတ်ဓာတ်ကို သူသိသည်။ သူမ၏ စိတ်ဓာတ်က တစ်မျိုး။

သူမသည် အချစ်ကိုသာ ကိုးကွယ်ချင် ကိုးကွယ်မည်။ ငွေကြေး ကို ··· ကိုးကွယ်မည့် သူမဟုတ်။

အဥ္ဇလီ့ထံမှ စစ်မှန်သော ချစ်ခြင်းမေတ္တာကို ရခဲ့ဖူးပါလျှက် သူ အလွဲသုံးစားလုပ်ခဲ့ မိပါချေပြီ။

သည် ကျွန်းပေါ်မှာ အဥ္ဇလီ့မရှိတော့တာကတော့ သေချာသည်။

သူ ဘာဆက်လုပ်ရမှာလဲ။

ပျောက်သောသူ ရှာလျှင်တွေ့··· ဆိုပေမယ့် သူ့အနေဖြင့် နာကျည်း မုန်းတီးစွာဖြင့် တိမ်းရှောင်ပုန်းအောင်း သွားလိမ့်မည်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးကို ဦးသက်စံ ရှာလို့တွေ့တော့မည် မဟုတ်ပါ။

ရင်ထဲမှာ ဖွဲ့မီးဖိုတစ်ခုလို… တမြည့်မြည့်ပူလောင် ကျွမ်းရီလာမှုအား… အတတ်နိုင်ဆုံးသည်းခံ ဖြေလျော့ရင်း… ဦးသက်စံတို့အဖွဲ့ စက်လှေများပေါ်သို့ ပြန်ဆင်းရသည်။

အလာတုန်း… မျှော်လင့်ချက်များနှင့် ဝင်းပခဲ့သလောက် အပြန်လမ်းသည် ခြောက်သွေ့တိတ်ဆိတ် လွန်းလှသည်။

ဦးသက်စံ ကြေကွဲထိရှ နေမှုကြောင့် စက်လှေပေါ်မှ လူများအားလုံး သိချင်းမသိဆိုနိုင်တော့ပါချေ။

ဒေသခံ စက်လှေသမားလေးများကို ဦးသက်စံ တဖွဖွတောင်းပန် နေခဲ့သည်။

"အကယ်၍များ အဥ္စလီ့ကို တွေ့မယ်ဆိုရင် ဦးဆီကို အကြောင်းကြားပါကွယ်… ဖြစ်နိုင်ရင် ခေါ်လာခဲ့ပါ။ ထိုက်ထိုက်တန်တန် ကျေးဇူးပြုပါ့မယ်"





## အခန်း(၁၁)

ဒေါ်နီနီလင်း… အလွန်ဒေါသ ထွက်နေခဲ့သည်။ ဦးထက်နိုင်ကတော့ သူ့မဏ်ရှေ့မှာ စီးကရက်ဖွာရင်း ခပ်အေးအေး။

"ရှင်… ဘာတွေလျှောက်ပြီး အရှုံးချေးပန်းလုပ်ခဲ့တာလဲ။ ကုန်လိုက်တဲ့ စရိတ်တွေဆိုတာလည်း သောက်သောက်လဲ နေတာပဲ။ ကျွန်မ… ရှင့်ကို လွှတ်လိုက်တာက… အဲဒီ့ကောင်မနဲ့ ဦးသက်စံ လက်ထပ်ဖြစ်သွားမှာ စိုးလို့… ရှင့်ကို တားဆီးရအောင် လွှတ်လိုက်တာရှင့်…"

ဒေါ်နီနီလင်း၏ ဒေါသများကို ဦးထက်နိုင်က ခပ်ပြုံးပြုံးနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြချေဖျက်ပေးခဲ့သည်။ သူတို့ တိုက်ခန်းထဲမှာ သူတို့နှစ်ယောက်သာ ရှိပေသည်။ ည ဆယ်နာရီခန့်ပင်ရှိပြီမို့။ ပတ်ဝန်းကျင်ကလည်း မဆူညံလှ။

"ကိုယ့် လုပ်ဆောင်ချက်တွေလည်း ပြောပြပါရစေဦး။ နီနီရယ် သူတို့ကို ကျွန်းကလေးတစ်ခုထဲ ခေါ်သွားတာက အကြောင်းမဲ့မဟုတ်ပါဘူး။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်၊ မချစ်လည်း သိချင်လို့ပါ။ နီနီ့ လူကြီးက အလကားပဲ။ အသက်နဲ့ဘဝနဲ့ ခြိမ်းခြောက်ခံလိုက်ရတဲ့အခါ မိန်းကလေးတစ်ယောက်ကို . . . သူ မချစ်နိုင်တော့ပါဘူး . . ဦးသက်စံဟာ သူ့ကိုယ်သူသာ အချစ်ဆုံးပါ။ ဟုတ်တယ်မို့လား . . . နီနီ့ကိုရော သူသာတကယ်ချစ်ခဲ့ရိုးမှန်ရင် . . . ခုလို ဘယ်ကွဲကြမလဲ။ နီနီ ဘယ်လောက်ပဲ ဆိုးဆိုး သူ့ခွင့်လွှတ်နိုင်ရမှပေါ့ . . ."

"ဒီလိုတွက်လို့မရဘူး . . . ရှင့်။ ကျွန်မနဲ့ ဇာတ်လမ်းကတော့ထားလိုက်ပါ။ ကျွန်မဖက်က လိုအပ်ချက်တွေလည်း အများကြီးပဲ။ အခုကိစ္စက ဦးသက်စံကို လျှော့တွက်လို့မရဘူးနော်။ သူ့မှာ ဦးနှောက်ရှိတယ်။ ရှင်တို့ အကျပ်ကိုင်လို့ ကောင်မလေးကို ခေတ္တထားခဲ့ပေမယ့် . . .





ရှင်ဟာလေ . . ပြဿနာ တစ်ခုကိုပြီးဆုံးသည်အထိ မဆောင်ရွက်တက်ဘူး။ တကယ်က . . . ရှင် . . ကောင်မလေးကို အပြတ်ဖြတ်ပစ်ခဲ့ရမှာ . . ."

"နီနီ . . ."

ဒေါ်နီနီလင်း၏ ညွှန်ကြားချက်ကြောင့် ဦးထက်နိုင် အလန့်တကြားဖြစ်သွားလျှင် သူမက ပြုံးပြခဲ့သည်မှာ မထီမဲ့မြင်နှင့်။

"ကျွန်မ ဆိုလိုတာက သတ်ပစ်ဖို့မဟုတ်ပါဘူး။ အခြားနည်းလမ်းတွေ အများကြီးရှိပါသေးတယ်။ ရှင်ကတော့လေ . . အရိပ်ပြလည်း အကောင်မြင်မယ့်သူ မဟုတ်ဘူး။ ကဲ . . အခု ကျွန်မတို့ ဘာဆက်လုပ်မှာလဲ။ ဇာတ်လမ်းကြီးက ဘာတွေဆက်ဖြစ်လာမှာလဲ။ မြွေမသေ တုတ်မကျိုး လုပ်ခဲ့တဲ့ ရှင့်ဇာတ်လမ်းကြီးကို ရှင်ပဲဆက်ထိန်းသိမ်းပေတော့။ ကျွန်မ . . . မန္တလေးပြန်တော့မယ် . . ."

ဒေါ်နီနီလင်း စိတ်ကောက်ပြီး ထသွားပုံကြောင့် ဦးထက်နိုင် ဖြောင်းဖြရပြန်သည်။

"မပူပါနဲ့ မိန်းမရယ် . . . ခုလောက်ဆို . . . ကောင်မလေးက သူ့ကို စိတ်နာသွားလောက်ပါပြီ။ သူတို့ ချစ်ခြင်းလည်း ထာဝ[illegible]သွား



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါပြီ။ ဒီပြဿနာကို ... ကိုယ်အရင်းကနေ ခုတ်လှဲလိုက်ပြီ လေ..."

"ရှင် ဘာကိုဆိုလိုတာလဲ။ အဥ္စလီဟာ ဦးသက်စံကို ရင်ထဲ၊ အသည်းထဲက ချစ်တာလို့ဆိုလိုတာလား..."

"ဟုတ်တယ်... အဥ္စလီချစ်တာ... ငွေကြေး၊ ဥစ္စာ၊ ဓနတွေ မဟုတ်တဲ့အတွက် ဦးသက်စံကို ... စိတ်နာသွားမှာပါ။ ဆက်သွယ်မှာ မဟုတ်တော့ပါဘူး..."

"စောင့်ကြည့်ရသေး တာပေါ့ရှင်..."





## အခန်း (၁၂)

လက်ကျိုးသည့် ဒဏ်ရာနှင့် စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ခဲ့မှုတို့ကြောင့် အဥ္စလီ လူမှန်း၊ သူမှန်းမသိအောင်ပင် ဖျားနာနေခဲ့သည်။

နေပျောက်ပင် မထိုးသော အုန်းခြံတစ်ခုထဲမှာ သူမ တယောက်ထဲ။

ဘုရားရေ... သူမဟာ... တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့် ဖမ်းဆီးချုပ်နှောင် ခံနေရပြန်ပြီလား။

အဖျားရှိန်၊ အပူရှိန်ကြောင့် လူက တစ်ကိုယ်လုံး နွံးချည့်နရသည့်အတွက်... အဥ္စလီ မလှုပ်နိုင်ခဲ့ပါ။

သူမကို.. စက်လှေပေါ်မှ ပြည့်ငံခေါ်လာခဲ့ပုံကလည်း ပုန်းလျှိုးကွယ်လျှိုး။ သူ... ဘာတွေ ကြံစည်နေခဲ့ပြန်သလဲ။

အချိန်နာရီတွေကိုလည်း အဥ္စလီ မမှတ်မိနိုင်တော့ပါ။ လူက



www.burmeseclassic.com

www.burmeseclassic.com



နာဖျားနွေးချည့် နေသည့်အတွက် အရာရာသည် အိပ်မက်လိုလို ဟာကယ် လိုလို။

စောစောက သူမ၏ အိပ်မက်ထဲမှာ ချစ်သူအသံတွေ ကြားနေရသည်။ ချစ်သူ့ ရုပ်လွှာ မြင်နေရခဲ့သည်။

စက်လှေတွေ ၂-စင်း၊ ၃-စင်းဖြင့် သူဟာ အဥ္စလီ့ကို သွားရှာခဲ့သတဲ့။ အဥ္စလီ့ကို မတွေ့ရသည့်အတွက် . . . ချစ်သူ ကြေကွဲသွားခဲ့သတဲ့။

ပုံပြင်လိုပါပဲ။ သို့သော် . . . ထိုပုံပြင်ကြောင့် အဥ္စလီ စိတ်ကျေနပ်မှုရရှိရပါသည်။ ချစ်သူဟာ . . . သူမကို ပစ်စလက်ခတ် သဘောမထားခဲ့ဖူးပေါ့။ ထားပါတော့လေ။

အခုရော . . . ဘာတွေ ဆက်ဖြစ်လာဦးမှာလဲ။ ပြည့်ဝံသည် သူမကို အဘယ်ကြောင့် သူမ၏ ရွာကလေးသို့ ပို့မပေးခဲ့သလဲ။ သို့သော် ရွာကိုလည်း အဥ္စလီ မပြန်ချင်တော့ပါ။ ရွာက လူတွေ၏ သဘောထားကိုလည်း သူမ . . . သိချင်ပါသေးသည်။

အကောင်းဆုံးကတော့ သူမ . . . မိဘများရှိရာ . . . ကိုယ့်ဇာတိမြို့ကိုပဲ ပြန်ချင် ပါတော့သည်။

အမှောင်ထုတွေ ရစ်သန်းလာသည့်အခါ . . . အဥ္စလီနေသည့် အိမ်ကလေးကို အပြင်မှ တံခါးလာဖွင့်သံ ကြားလိုက်ရသည်။

အိပ်ယာလေးပေါ်မှပင် . . . အဥ္စလီအပြင်သို့ လှမ်းမျှော်ကြည့်ရသည်။ ဘယ်သူတွေ ဝင်လာကြမှာလဲ။ သူမ . . . ဘာတွေ ဖြစ်သွားနိုင်သေးသလဲ။

ဖြစ်ကတတ်ဆန်း စည်းနှောင်ထားသည့် လက်အကျႌလေးကို





အဥ္စလီ ငုံ့ကြည့်မိပါသည်။ အရိုးကို ဆန့်ပြီး အနေအထားမပျက်အောင် ကျပ်စည်းပေးထားသည့်အတွက် နေသာထိုင်သာ ရှိပါသည်။

အချို့အရပ်တွေမှာ ဒီလိုပဲ အရိုးကျိုးသည့်လူနာကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ကျောက်ပတ်တီး မစီးဘဲ ကုသ၊ ပျောက်ကင်းသွားတတ်ကြတာ အဥ္စလီ တွေ့ဖူးပါသည်။

ခုမှ . . . ကျောက်ခတ်ကို ပြန်ရောက်သွားတာပေါ့။

သူမ၏ အနီးသို့ ပြည့်ဝံနှင့်အတူ ကောင်မလေးတစ်ယောက်ပါ ပါလာခဲ့သည်။ ပြည့်ဝံ တစ်ယောက်ထဲ မဟုတ်ဘဲ အဖော်ပါလာခဲ့သည့် အတွက် . . . အဥ္စလီ စိတ်သက်သာရာ . . . ရသွား၏။

"အဥ္စလီ . . . နေသာထိုင်သာ ရှိရဲ့လား . . ." "ဘယ်ရှိမလဲ၊ ကျွန်မ တစ်နေကုန် ဖျားနေခဲ့တယ်။ သေသွားရင်တောင် ကျွန်မ တစ်ယောက်ထဲ"

အဥ္စလီ့အသံက အဖျားကြောင့် နွမ်းဖျော့နေသော်လည်း အတတ်နိုင်ဆုံး မာဆတ်လျှက်။

"နေစမ်းပါဦး . . . ကျွန်မကို လူတွေရှိတဲ့ဆီ ခေါ်မသွားဘဲ ဒီတောထဲမှာ ဝှက်ထားတာ ဘာသဘောလဲ။ ရှင့်အကြံအစည်တွေကိုရော ပြောပြပါဦး။ အူကြောင်ကြောင်တော့ မလုပ်နဲ့နော်။ ကျွန်မ ဘဝက သေမထူး၊ နေမထူး ဖြစ်သွားပြီ။ လူပဲ သတ်ရ၊ သတ်ရ။"

အဥ္စလီ့ အပြောကြောင့် ပြည့်ဝံ၏ အသွင်က စိတ်မကောင်းဖြစ်သွားခဲ့သည်။ သူ့နောက်မှ ပါလာသည့် မိန်းကလေးကတော့ ပင်ကိုပြုံးလေးနှင့်ပင် အဥ္စလီ့ကို လှမ်းပြုံးပြပြီးလျှင် ပါလာသည့် ချိုင့်ကလေးထဲမှ စားဖွယ်၊ သောက်ဖွယ်များကို ပန်းကန်လေးများထဲသို့ ထည့်သိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို အထင်မလွဲပါနဲ့ကွယ်။ အခြေအနေတွေက တစ်မျိုးဖြစ်လာလို့ပါ။ မင်းကို··· ကျွန်းပေါ်မှာ ကိုယ်ရှင်းပြ ခေါ်ဆောင်လာတုန်းက တစ်မျိုး။ ခု··· ကျွန်းပေါ်ရောက်တော့ တစ်မျိုးဖြစ်သွားပြီ"

"ဘယ်လို တစ်မျိုးလဲ··· ရှင်ပြောသမျှ ယုံရတော့မှာပေါ့။ ကျွန်မက လှုပ်မှ မလှုပ်နိုင်သေးတာ"

"ကိုယ်ပြောတာ အမှန်တွေပါ အဥ္ဇလီ။ အစကတော့ ဦးလေးပြောလို့ ··· အဥ္ဇလီ့ကို ကိုယ်စေတနာနဲ့ လာကယ်တာပါ။ ရိုးရိုးသားသား လာကယ်တာပါ··· ခုကျတော့မှ··· ဦးလေးဟာ ကိုယ့်ကို အသုံးချလိုက်မှန်း ကိုယ်သိရပါတော့တယ်···"

"ဘယ်လို··· ရှင်ပြောတာ ကျွန်မနားမလည်ဘူး···"

တကယ်ပင် အဥ္ဇလီ နားမလည်နိုင်တော့ပါ။ ပြည့်ဇံ ဘာတွေပြောနေလေသလဲ။ သူက··· သက်ပြင်းရှည်ကြီး တစ်ခုကို လေးပင်စွာချခဲ့သည်။

"ဒီလိုပါ အဥ္ဇလီ·· အခု အဥ္ဇလီလည်း ကမ်းပေါ်ရောက်လာရော·· ဦးလေးတို့ အဖွဲ့က အဥ္ဇလီ့ကို ပြန်လိုချင်လာကြတယ်··"

"ဘာလုပ်ကြဦးမလို့လဲ··· တော်တော် ရက်စက်ယုတ်မာတဲ့သူတွေ···"

"ဟုတ်တယ်··· တော်တော် ယုတ်မာရက်စက်ကြတယ်။ သူတို့က အဥ္ဇလီ့ကို ပြန်ပေးဆွဲသလိုမျိုး ဆွဲထားကြပြီး·· ဦးသက်စံဆီမှာ ငွေညှစ်ကြဦးမယ်လေ။ ဟိုဖက်က စားပြီးလို့ ဒီဖက်မှာပါ စားဦးမယ့်သဘောပေါ့။ နှစ်ဖက် ခွစားကြမယ့် နှစ်ဖက်ချွန်တွေ။ ဒါကြောင့် အဥ္ဇလီ့ကို ကိုယ်ခေတ္တ ဝှက်ထားရတာပါ···"





"ရှင်ကရော ဘာအကြံအစည်တွေရှိသေးလဲ။ ကျွန်မကို ဘယ်တော့မှ လွှတ်ပေးမှာလဲ···"

"ဒီလိုတော့ မသုံးနှုန်းလိုက်ပါနဲ့ မိန်းကလေးရယ်။ မင်းကို ကိုယ်ချုပ်နှောင်ဖမ်းဆီး ထားရတာ မဟုတ်ပါဘူး။ စိုးရိမ်လို့ တစ်ခုခု ဖြစ်မှာစိုးလို့ သိမ်းဝှက်ပေးထားတဲ့ သဘောပါ။ ကိုယ့်စေတနာကို အထင်မလွဲလိုက်ပါနဲ့ကွယ်···"

ပြည့်ဇံ၏ ပုံစံက စိတ်မကောင်းကြီးစွာ ဖြစ်နေလျှင် အဥ္ဇလီ ခေတ္တငြိမ်နေလိုက်သည်။ သူနှင့်အတူ လာသည့် မိန်းကလေးမှာ အဥ္ဇလီနှင့် ရွယ်တူလောက်ပင်ရှိမည်။ သူမက အဥ္ဇလီ့ကို အစားအသောက်များ စတင်ခွံ့ကျွေးခဲ့ပါသည်။

"စွပ်ပြုတ်နဲ့·· ကြည်ပေါင်းပါမမ။ အားရှိအောင် စားလိုက်နော်။ ကျွန်မ နာမည်ငြိမ်းသူဇံပါ။ ကိုကို ပြည့်ဇံရဲ့ နမတစ်ဝမ်းကွဲ တော်တယ်"

အပြုံးလေးနှင့် သူမ ပြုစုခွံ့ကျွေးပုံကြောင့် အဥ္ဇလီ တဒင်္ဂငြိမ်းချမ်းရပါသည်။

"ညီမလေးက ဒီမှာ သူနဲ့အတူ နေတာလား"

"တစ်ရွာစီ နေကြတာပါ။ ဒါပေမယ့် ကိုကိုနဲ့ကျမ·· မောင်နှမအရင်းလိုပဲ။ ကိုကိုက စိတ်ကောင်းရှိပါတယ် မမရယ်။ မတရားမှုတွေလည်း မကြိုက်ဘူး။ သူ··· မမ အတွက် အရမ်းစိုးရိမ်နေတယ်။"

အဥ္ဇလီ··· ဘာမျှ ပြန်မပြောတော့ပါ။ လောလောဆည် အားရှိအောင်သာ·· စား၊ သောက် နေမိပါလေသည်။

"အခု ··· ညီမတို့ ဒီကိုလာတော့··· အဲဒီ ဦးလေးတို့အဖွဲ့က မသိဘူးတဲ့လား။ စိုးရိမ်တယ်ဆိုရင်လည်း လူကြီးအိမ်ဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းဖြစ်ဖြစ်··· မမကို ပို့လိုက်ကြပါတော့ကွယ်···"

"အကောင်းဆုံးဖြစ်အောင် ညီမတို့ စီစဉ်ပေးမှာပါ။ လောလောဆည် ··· မမကလည်း နေမကောင်းသေးဘူး မဟုတ်လား။ လူကြီး·· ဆိုတာလည်း အာဏာရှိတာမှ မဟုတ်တာ မမရယ်။ ဦးလေးတို့ အဖွဲ့ကို စိုးရိမ်လို့ပါ။ ရဲစခန်းတွေ၊ ဘာတွေပို့တော့လည်း အကြီးအကျယ် ဖြစ်သွားမယ်လေ။ ကျွန်မတို့ သဘောက မမ နေကောင်းသွားရင် သွားချင်တဲ့ဆီ လိုက်ပို့ပေးဖို့ပါပဲ···"

ငြိမ်းသူဇံ ရှင်းပြတာကို နားထောင်ရင်းနှင့်ပင် သူ့ခွံ့ကျွေးသမျှ အဥ္စလီ စားသောက်ရသည်။

ဖြစ်ချင်တာ ဖြစ်ပစေတော့။ ရင်ဆိုင်ရမှာ။

ထိုညက ငြိမ်းသူဇံနှင့်အတူ·· အဥ္စလီ ငြိမ်းချမ်းစွာ အိပ်ပျော်ခဲ့ရပါလေသည်။





## အခန်း(၁၃)

ပျောက်သောသူ ရှာရင်တွေ့···

သေသောသူ ကြာရင်မေ့···

ဆိုသော စကားသည် အတိုင်းအတာ ဘယ်အထိ မှန်သလဲ။

ဦးသက်စံ၏ ရင်မှာ အဥ္စလီ့ကို အမြဲသတိရနေမိသည်။ ဒုက္ခတွင်းထဲမှာ ကျန်ခဲ့ရသည့် သူကလေးဟာ ··· သေလေသလား··· ရှင်သလား အတွေးဖြင့် ရင်မှာ အဆမတန်နာကျင် လာမိစမြဲ။

မနှစ်က ဆောင်းမှသည်··· သည်နှစ်ဆောင်းသို့တိုင် ရာသီတစ်ပတ်လည်လာခဲ့သော်လည်း ချစ်သူ၏ သတင်းစကားတို့ကို အစအန လေးသော်မျှ သူမရရှိခဲ့တော့ချေပြီ။

တကယ်ပါ။ ချစ်သူကို တစ်ကြိမ် စွန့်ပစ်ခဲ့မိသဖြင့် ကမ္ဘာလောကကြီးက သူ့ကို ဒဏ်ခတ်မည်ဆိုလျှင်လည်း··· သူ ··· ထိုဒဏ်ကို ရင်စည်း၊ လည်စင်းခံယူ လိုက်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . ချစ်သူလေးဟာ . . . . ကမ္ဘာလောကရဲ့ တစ်ထောင့်တစ်နေရာရာမှာ . . အသက်ရှည်ရာ၊ အနာမဲ့ကြောင်းဖြင့် တင့်တယ်လှပ လန်းဆန်းစွာ ရှိနေမည်ဆိုလျှင်ဖြင့် သူ ကျေနပ်ရောင့်ရဲ ငြိမ်းချမ်းပါလိမ့်မည်။

လှုပ်လှုပ်ရွရွနှင့် ပြင်ဆင်နေကြသည့် ခြံနှင့် အိမ်ထဲမှ အလုပ်သမားများကို ဦးသက်စံ ငေးကြည့်နေမိပြန်သည်။

မနက်လေးမှာ လက်ထပ်ခဲ့ပြီးသည့် သားတော်မောင်အား ယခု ညနေ . . အိမ်မှာ ညှေ့ခံပွဲ ထပ်လုပ်ပေးရမည်။

သား၏ လက်ထပ်ပွဲတုန်းက နီနီတို့ လင်မယားနှင့် မဆုံချင်သည်ကြောင့် သူမသွားဖြစ်ခဲ့။ သို့သော် တစ်ဦးတည်းသော သားအတွက် ဦးသက်စံမှာ သူ့ဖက်က တာဝန်ကျေချင်လှပါသည်။

နီနီလုပ်ပုံ၊ ပြောပုံများကိုတော့ ဦးသက်စံ လုံးဝမကျေနပ်ချင်ပါ။ ကြက်တူရွေးက တော်တော်၊ မယ်ဖော်က ကဲ . . . ဆိုသလို . . . သားက အမွှေစကားမပြောရဘဲ . . . သူမကသာ အမွှေစကားတွေ တွင်တွင်ကြီး ပြောနေခဲ့သည်။

သည်မိန်းမ . . . လုပ်ပုံမဟုတ်သဖြင့် ဦးသက်စံ ဘာရပိုင်ခွင့်တွေမျှ သားကို မပေးချင်သေး။ တကယ်တော့ . . . သားဟာ သူ့ရဲ့ တစ်ဦးတည်းသော ရင်သွေးပဲမဟုတ်ပါလား။ သူ့မှာရှိသမျှ ပစ္စည်းအားလုံးကို သားသို့ ပုံပေးစေချင်သော နီနီ့ စိတ်ဓာတ်ကို မကြိုက်သဖြင့်သာ သူ . . မပေးချင်သေးခြင်းဖြစ်သည်။

သို့သော် သားအဆင်ပြေစေဖို့ဆို ဖခင်တစ်ယောက်အနေနှင့် သူ . . . အရာရာ ဖန်ဆင်းပေးနေမှာပါပဲ။





ယခုလည်း . . . သားစီးနေသည့် ကားနှင့် သူ့ချွေးမလေးအတွက် စိန်တစ်ဆင်စာကို ဦးသက်စံပေးခဲ့ပြီး ဖြစ်ပါသည်။ နီနီမကျေမနပ် ဖြစ်နေတာကိုတော့ သူဂရုမစိုက်ချင်တော့ပါပြီ။ သည်မိန်းမဟာ အင်မတန် မရောင့်ရဲနိုင်လွန်းသည့် မိန်းမပါပဲ။

အလုပ်သမားများ ပြင်ဆင်နေသည်ကို ဦးသက်စံ လျှောက်ကြည့်နေမိခိုက်။ သား၏ ကားလေးခြံထဲသို့ ပြန်ဝင်လာခဲ့သည်။ ငှက်ကလေး တစ်ကောင်နယ် ရွှင်လန်းတက်ကြွနေသည့်သား "ထက်လင်းစံ" သည် ချောမောလှပသည့် သူ့ချစ်သူ "ကိန္နရီ"နှင့်အတူ ယှဉ်တွဲရယ်မောပြီး . . ဦးသက်စံ၏ အနီးသို့ ရောက်ရှိလာကြသည်။

"ဖေဖေ . . . ညှေ့ခံပွဲကျရင် . . . မေမေတို့လင်မယားကို . . အဆင်ပြေပြေလေး ဆက်ဆံပေးပါနော်။ ဘာပဲဖြစ်ဖြစ်။ နောက်မခေါ်ချင်ကာမှနေရော . . . လောလောဆည်တော့ . . . ရှေ့မျက်နှာ နောက်ထားပြီး . . ."

ဖခင်ကို လက်မောင်းတစ်ဖက် . . . ဆွဲဖက်ပြီး ချွဲနွဲ့နေသည့် သက်လင်းစံခမျာ . . . စကားက တစ်လစ်လစ်။ သူ . . . ဖခင်ကိုလည်း အားနာသည်။ ထို့အတူ . . မိခင်ကိုလည်း ချစ်ခင်ရပါသည်လေ။ မေမေဟာ မေမေပါပဲ။ သူ့အတ္တတွေဟာ . . . သားအတွက်။

ဦးသက်စံ . . . သား၏ ခေါင်းလေးကို ညင်သာစွာ ပွတ်ပေးမိပါသည်။ မည်သို့ပင်ဖြစ်စေ . . . သားသည် ဖခင်ထက် မိခင်ကို ပိုပြီး တွယ်တာလေသလား။

"ကောင်းပါပြီ သားရယ်။ မင်းမေမေ အတ္တသဘောကြီးကို နေရာ အလိုက်သင့် ဆက်ဆံလိုက်ပါ့မယ်။ သား ကျေနပ်ပြီး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အမွေတွေ ဘာတွေခွဲမပေးသေးတဲ့ အတွက်ရော·· သားက ဖေဖေ့အပေါ်မှာ အမြင်ကြည်လင်ရဲ့လား···"

"ဟာ··· ဖေဖေကလဲ··· သားက အမြင်ကြည်လင်ပါတယ်။ မေမေကလည်း တကယ်တော့ ဆန္ဒစောသွားတာပါ။"

"အေး·· အဲဒီလို နားလည်ရင်လည်း ပြီးရော··· ဖေဖေက သူ့ကို အမြင်ကတ်တာကွ တကယ်ဆို··· သားဟာ ဘာစီးပွားမှ ရှာနေစရာကို မလိုပါဘူး။ ဖေဖေ သေသွားရင် ကျန်ခဲ့သမျှ ပစ္စည်းကို သားရရမှာပါပဲ။ အဲဒါကိုပဲ ··· သားရဲ့ ရှေ့ရေးအတွက် ဘာညာနဲ့ အသံကောင်းဟစ်ချင်သေးတယ်။ သူစေတနာရှိရင် သား အတွက် သူ·· ပေးပါလား···"

ဦးသက်စံ၏အသံက ဒေါ်နီနီလင်းအပေါ် ယခုပင် မကျေမနပ်ဖြစ်လျှင် သက်လင်းမှာ ပါးနပ်စွာနှင့်ပင် ဖခင်ကို ဖြောင်းဖြနေပါသည်။ ကိန္နရီကတော့ ဘာမျှ နားမလည်သူပီပီ··· ပြုံးပြုံးလေးနှင့် ကြည့်နေခဲ့ရံသာ။

"ထားလိုက်ပါတော့ ဖေဖေရယ်။ မေမေ့ခမျာ··· သားအပေါ် စေတနာတွေပဲရှိရှာတာပါ။ သူ့ယောက်ျားက ဖေဖေလို အရှာအဖွေမကောင်းတော့··· ပစ္စည်းတွေ ဘာတွေလည်း·· အလျှံပယ် မရှိရှာပါဘူး။ ဖေဖေကလည်း ကိုယ်တစ်ချိန်က ချစ်ခဲ့ဖူးတဲ့ မိန်းမကိုများ အခုကျရန်သူကြီးကျလို့ အံ့ရော"

စပါးရော၊ ဖွဲရောနှင့် သားက သူ့ကို ကျီစယ်နေလျှင်·· ဦးသက်စံမှာ ချွေးမလေးသို့ အားနာစွာကြည့်မိသည်။ သူတို့ သားအဖတွေကတော့ စကားကို စည်းလွတ်၊ ဘောင်လွတ် ပြောနေကျပါပဲ။ ရင်းနှီးကြသည်။





"တစ်ခါက ချစ်ခဲ့ပေမယ့်··· မင်းအမေက မကောင်းလွန်းလှပါတယ်ကွာ·· ငါ့သားမှတ်ထား။ ဆိုးလွန်းတဲ့ မိန်းမမျိုးကို ယောက်ျားက သည်းခံနိုင်တယ် ဆိုတာလည်း အတိုင်းအတာရှိတယ်ကွ။ သည်းမခံနိုင်မဲ့ အဆိုးမျိုးကို ဆိုးလာတော့လည်း ပေါက်ကွဲရတာပါပဲကွာ··· ကဲလာ သမီး။ အိမ်ထဲဝင်ကြစို့။ ဘယ့်နယ်လဲ နေရတာ အဆင်ပြေရဲ့လား။ ဖေဖေ့တိုက်ခန်းက ကျဉ်းတော့ ကျဉ်းတယ်၊ ဒါပေမယ့် သမီးရဲ့ မိသားစုတွေ လွတ်လွတ်လပ်လပ်နေရအောင်··· အဲဒီမှာ ထားတာပါ။

ကိန္နရီတို့ မိန်းကလေးဖက်မှ လိုက်ပါလာ သူများကို··· ဦးသက်စံက တိုက်ခန်းတစ်ခုမှာ ထားရစေသည်။ သူတို့ အားမနာစေရအောင် ဖြစ်သည်။

"ဟုတ်ကဲ့ပါ ဖေဖေ။ မေမေတို့ အဆင်ပြေပါတယ်။ အဲဒီမှာ နေရတာ လွတ်လပ်ပါတယ်။ ဒီမှာဆို··· မေမေက အားနာတတ်တာနဲ့"

"အေး··· အေး··· ဒါဆိုလည်း ကောင်းပါတယ်ကွယ် မင်္ဂလာပွဲပြီးရင်လည်း ဒီရန်ကုန်မှာ ၂-ရက်၊ ၃-ရက်လောက်ဖြစ်ဖြစ် လိုက်ပို့ ပေးလိုက်ပါဦး···"

စကားတွေပြောရင်း··· ဦးသက်စံနှင့် ကိန္နရီတို့ ဧည့်ခန်းသို့ ဝင်လာကြလျှင်···· သက်လင်းစံမှာ ခြံထဲတွင် ဆက်လက်ကြည့်ရှုညွှန်ကြား၍ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

သက်လင်းစံ . . . ပဲ။

ဦးသက်စံ၏သား သက်လင်းစံသည် မမကိန္နရီ၏ ခင်ပွန်း ဖြစ်လာခဲ့သည်။

ကမ္ဘာကြီးသည် အမှန်တကယ်ပဲ ကျဉ်းမြောင်းခဲ့ပေစွ။

ဘယ်သောအခါမှ မဆုံနိုင်တော့ပြီဟု အစ္ဆလီ မှတ်ထင်ခဲ့သမျှ ယခုအခါ ရှောင်လွှဲလို့ မရနိုင်ပါတော့ပြီ။

ချစ်သူကို . . . အစ္ဆလီ မဆုံတွေ့ချင်တော့ပါ။ ဟိုး ငယ်စဉ် တုန်းက. . . ကစားစရာ အရုပ်ကလေးတစ်ရုပ်ကို ဖွဲလန်းမြတ်နိုးခဲ့သလို မျိုးပဲ . . . ရင်ထဲမှာ ထာဝရသိမ်းဆည်းထား ခဲ့လိုပါသည်။

သူမ၏ အချစ်တွေကို ရင်ထဲမှာပဲ ပြည်ဖုံးကားချ၊ သိမ်းထား လိုလှပါသည်။

တကယ်ပဲ . . . ချစ်သူကို မတွေ့ဆုံချင်တော့ပါ။





သူ့မျက်ဝန်းမှာ . . . အရင်လို . . ချစ်ခြင်းမေတ္တာတွေနှင့် ပြည့်ပ ပျော်ဝင်မနေဘဲ ဥပက္ခောတရားတွေနှင့် စိမ်းကားလျစ်လျူရှု နေတော့မှာကို အသည်းနှသည့် အစ္ဆလီခဗျာ . . . ခံနိုင်ရန်ရှိလိမ့်မည် မဟုတ်ပါ။

ချစ်သူကို ရင်ထဲမှာပဲ အကောင်းပကတိအဖြစ်နှင့် ထာဝရ ယုယ သိမ်းဆည်းထားလိုက်ချင်ပါသည်။

သို့သော် . . . ကံကြမ္မာကြီးက . . . ယခုတော့ ပြက်ရယ် ကျီစားနေချေပြီကော။

မင်္ဂလာဆောင်ပွဲတုန်းက မလိုက်ဖြစ်ခဲ့သည်မို့ ယခုပွဲမှာ . . . အစ္ဆလီ မပျက်မကွက် လိုက်ပါခဲ့ရသည်။ မမကိန္နရီကလည်း တစ်ဦးတည်းသော ညီမငယ်ကို တွယ်တာ ချစ်ခင်လှပါသည်။ မောင်လေး ဖိုးချစ်ကတော့ အိမ်မှာ ဖေဖေ့ကို စောင့်ရှောက်ကျန်ခဲ့ရသည်။

မမ၏ သူငယ်ချင်းများနှင့် ဆိုတော့ သည်တိုက်ခန်းမှာ လူပေါင်း ၉-ယောက်၊ ၁၀-ယောက်နှင့်မို့ စီစီဝေဝေ၊ ဆူဆူညံညံ အားလုံး မိန်းမတွေ ချည်းမို့ စကားတွေကလည်း ခပ်များများ။

လက်ပံပင် သက်ရက်ကျသည်ဆိုတာ ဒါမျိုးပဲဖြစ်မှာပဲ။

အစ္ဆလီ . . တန်းစီ ခင်းထားသည့် အိပ်ယာထောင့်လေး တစ်ခုမှာ လှဲအိပ်နေမိရင် ညမှာတွေ့ဆုံရမည့် ညစာခံပွဲအတွက် . . . ပူဆွေး၊ ရင်လေး နေမိသည်။

သူ . . . စိမ်းရင်လည်း ရင်ကွဲမှာပဲ။

သူ . . . မစိမ်းရင်လည်း ရင်ကွဲမှပါပဲ။ စွန့်ပစ်ခဲ့သည့်ကိစ္စ အတွက် . . . ချစ်သူ ဘယ်လို ဖြေရှင်းချက်တွေ ထုတ်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မသားစကားတွေကို . . . အဓွလီ မကြားလိုတော့ပါ။

သူ့ကို ချစ်မြတ်နိုးလွန်းသဖြင့် ရင်ထဲမှာ မနာကျည်း နိုင်ပေမယ့် သူမတို့၏ ချစ်ခြင်းကို အဓွလီ ရှေ့ဆက်လိုတော့ပါ။ ဟိုး . . . ယခင် ဘာမှ မဖြစ်ကြခင်တုန်းကလိုသာ အရာရာတိုင်းကို အကောင်းပကတိ ဘဝနှင့် . . . အဓွလီ သိမ်းဆည်းထားလိုပါသည်။

ချစ်သူ့ ဖြေရှင်းချက်များ၊ ချစ်သူ့နှုတ်ဖျားမှ မသားစကားများ၊ ချစ်သူ့ မျက်ဝန်းမှ . . . ဘာသာဗေဒများကို . . . အဓွလီ ရင်ဆိုင် မတွေ့လိုတော့ပါပြီ။

ရင်ထဲမှာ နှုံးချည့် မောပန်းလွန်းသဖြင့် ပျော်ရွှင်နေကြသူများ၏ ကြားထဲမှာ တစ်ယောက်ထဲ ငေးကြောင်နေမိရင်း . . . လွန်ခဲ့သည့် အတိတ်ကို အဓွလီ သတိရနေမိပြန်သည်။

သူမ ဘဝအတွက် ချောက်ခြားစရာအိပ်မက်များ ပါပဲ။

အနန်းခြံထဲက အိမ်ကလေးမှာ အထိတ်ထိတ်အလန့်လန့် နေခဲ့ရ တာတွေ၊ ပြည့်ဇံတို့ မောင်နှမ၏ ကြင်နာယုယမှုများနှင့် အတူ . . . သူတို့ ဦးလေး လူရိုင်းကြီး၏လက်မှ . . . လက်တစ်လုံးခြား လွတ်အောင် ပြေးလွှားပုန်းအောင်းခဲ့ရတာတွေသည် . . . ယခုတော့ အိပ်မက်ဆိုးတွေ သဖွယ်။

နောက်ဆုံးမှာ . . . သူမကို ဒုက္ခပေးခဲ့သည့် ပင်မဇာတ်မြစ်သည် ဦးထက်ခိုင်မှန်း . . . အဓွလီ သိခဲ့ရပါသည်။

နောက် . . . ပြည့်ဇံတို့ မောင်နှမ၏ ကူညီစောင့်ရှောက်မှု ကြောင့်ပင် အဓွလီ . . . မိဘရပ်ဌာနသို့ ဘေးမသီ၊ ရန်မခ ပြန်ရောက် ခဲ့ရပါလေသည်။





ကျွန်းကလေးမှာ ကျိုးခဲ့ရသည့် ညာလက်ကလေးကတော့ ယခုအခါ အကောင်းပကတိ ဖြစ်သွားခဲ့ပါချေပြီ။

ဩော် . . . ကျိုးခဲ့ဖူးသည့် လက်ကလေးလိုပဲ သူမတို့ ဘဝသည်လည်း အရာရာ အကောင်းပကတိ ပြန်ဖြစ်သွားမည်ဆိုလျှင် မည်မျှကောင်းလေမည်လဲ။

ယခုတော့ . . . ညနေညှော့ခံပွဲဆီ ကြိုတင်ရင်လေးနှင့်ပင် . . အဓွလီ . . . ခေတ္တအိပ်ပျော်သွားမိပါလေသည်။

"ဘယ်လိုလဲ . . . နီနီ မင်းစွမ်းဆောင်ခဲ့သမျှ၊ ငါစွမ်းဆောင် ခဲ့သမျှတွေ ဘာမှ အရာမထင်တော့ပါလား . . ."

ဦးထက်ခိုင်နှင့် ဒေါ်နီနီလင်းတို့ နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ရင်ပူဟပ်နေကြရသည်မှာ . . . သူမတို့ စီမံချက်တွေ . . . တစ်ခုမျှ အကောင်အထည် ပေါ်မလားလို့ဖြစ်သည်။

တော်တော်လူလည်ကျတဲ့ လူကြီးပဲ။ ဦးသက်စံ၏ မျက်နှာကို ပြန်မြင်ယောင်ရင်း . . . ဒေါ်နီနီလင်း . . . တနုံ့နုံ့ ဒေါသတွေထွက် နေမိခဲ့သည်။

သား . . . အိမ်ထောင်မြန်မြန်ပြုရန် သူမတိုက်တွန်းခဲ့ရသမျှ ယခုတော့ အချည်းနှီး။

ဦးသက်စံက သားအတွက် ကားတစ်စီးနှင့် စိန်တစ်ဆင်စာပဲ ပေးခဲ့သည်။ ကျန်သည့် တိုက်ခန်းတွေ၊ အိမ်၊ ခြံ၊ လုပ်ငန်းများ . . . တစ်ခုမျှ လွှဲမပေးသေး။

"သေတောင် သူ့ပစ္စည်းတွေ ဖက်သေမယ့်လူကြီး . . ."

ဒေါ်နီနီလင်း . . . ဆဲရေး လိုက်လျှင် ဦးထက်ခိုင်၏ မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ အရောင်လက်သွားကြသည်။

"ဟုတ်တယ်··· သေမှ သူ့ပစ္စည်းတွေ စွန့်မယ့် လူကြီးပဲ။ ကိုယ့်မှာဖြင့် သူ··· နောက်မိန်းမ မယူဖြစ်ဖို့အတွက်··· ငပလီ ထိတောင်လိုက်ပြီး ဒုက္ခတွေခံခဲ့ရတယ်···"

"ရှင့် ငပလီကိစ္စကတော့ အောင်မြင်ပါတယ်··· အဲဒီ ကောင်မလေး··· တစ်ခါထဲကို ပျောက်သွားတာပဲနော်။ သူ့အနားမှာ ပြန်ကို ပေါ်မလာတော့ဘူး။ ဘာလဲ··· ရှင်··· အဲဒီကောင်မလေးကို တစ်ခါထဲ ရှင်းပစ်လိုက်တာလား···"

"မဟုတ်ရပါဘူးကွာ··· သူ့စရိုက်နဲ့ သူရှင်းသွားတာပါ။ ကိုယ်က အလားနေရင်း အာကာသိုလ်တွေ ကျူးလွန်နေတဲ့ လူမိုက်ကြီး တော့လည်း မဟုတ်ရပါဘူး···"

ညှော့ခန်းထဲမှာ ခေတ္တငြိမ်ဆိတ်သွားခဲ့သည်။ ဒေါ်နီနီလင်းမှာလည်း ဒေါသတွေ ဦးစီးနေသဖြင့် အရာရာသည် မကျေနပ်ချင်စဖွယ်။

ဦးသက်စံနှင့် သူမ··· ကွဲခဲ့တုန်းကလည်း··· ဒေါ်နီနီလင်း ဘာပစ္စည်းမျှ မရခဲ့။ ငယ်လည်းငယ်တုန်းမို့ အကျပ်ကိုင်ရမှာတွေ၊ ဘာတွေ သူမ··· မသိသေး။ ကိုယ့်အပြစ်နှင့် ကိုယ်မို့ ကျောကော့ ဆင်းခဲ့ရသည်။

"တစ်ချို့တွေ ပြောကြတယ်··· ငယ်ကချစ်အနှစ်တရာတဲ့၊ ငယ်ကပေါင်း အနှစ်တစ်သောင်းတဲ့ပေါ့··· နီရော·· နို့ယောကျ်ား ကြီးကို အနှစ်ဘယ်လောက်ထိ ချစ်နေဦးမှာလဲ···"

ဦးထက်ခိုင်၏ အသွင်က ခပ်ထေ့ထေ့။ ဒါဟာ··· သဝန်တိုမှု တစ်ခုလား။

"တော်စမ်းပါရှင်··· သူ့အကြောင်းတွေးလိုက်ရင် ကိုယ့်ကိုယ်





ကိုပဲ ကျိန်ဆဲချင်မိတယ်။ သူကပဲ လှုံလည်ကျလွန်းခဲ့တာလား။ နီကပဲ နုံအခဲ့တာလား၊ သူ့လောက်ပစ္စည်း ဥစ္စာခင်တွယ်တဲ့သူ နီတော့ မတွေ့ ဖူးပါဘူး။ ပြီးတော့ စီးပွားကလည်း နီနဲ့ကွဲမှ မချိမဆန့် တက်လာတာ။ နီ မခံစား၊ မစံစား ထိုက်တာပဲ ဖြစ်ရမယ်···"

"ဘာလို့ မစံစားရမှာလဲ နီ··· အရာရာကို ဖန်တီးလို့ ရပါတယ်···"

ဦးထက်နိုင်၏ အသွင်က ဒေါ်နီနီလင်းကို စိန်ခေါ်နေသည့်နှယ်။

"ဟာ··· အရမ်းတွေ လျှောက်မလုပ်နဲ့ကို··· ညနေပဲ သားတို့ညှော့ခံပွဲကို သွားရမယ်မဟုတ်လား··· နီတော့ စိတ်လျှော့ လိုက်ပါပြီ ကံစီမံရာ အတိုင်းပဲပေါ့···"

"ကံဆိုတာ လူကစီမံတာပါ မိန်းမရယ်··· မင်းကြည့်နေပါ"

နှစ်ဦးစလုံးမှာ စိတ်ပေါ့ပေါ့လူချင်း ဖြစ်သည့်အပြင် နာကျည်း ချက်နှင့် ဝန်တိုခြင်းများပါ ပူးပေါင်း ပါဝင်လာသည့်အခါ···



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

သူက အလင်းထဲမှာ ရပ်နေသူနှင့်တူပြီး အစ္စလီက အမှောင်ထဲမှာ ရပ်နေသူနှင့် တူသည်မို့ သူမ··· ကြိုတင်ပြင်ဆင်ရန် အခွင့်အရေးတွေ ရခဲ့သည်။

"ညီမလေးကလည်း··· ဘယ်လိုကြီးတွေ ဝတ်ထားတာလဲ။ ဒါတော့ မဟုတ်ဘူးကွ စတိုင်ကျကျလေး ဝတ်စမ်းပါ။ မမနဲ့ ဆင်တူဝတ်ရအောင် ချုပ်ထားတဲ့ ဝတ်စုံကိုဝတ်ပါ··· သတို့သမီး ညီမဆိုတာ တောက်ပမှပေါ့···"

ကုတ်အင်္ကျီ ပွပွကြီးနှင့် ခေါင်းမှာလည်း သိုးမွေးခေါင်းစွပ် စွပ်ထားလိုက်သေးသဖြင့် အစ္စလီ့အသွင်က ပုံပျက်၊ ပန်းပျက်။ ကိန္နရီမှာ တဖျစ်တောက်တောက် ဖြစ်နေခဲ့သည်။ သူမက ကိုယ့်ညီမလေးကို လှလှပပ ဖြစ်စေချင်သည်။ "အစ္စလီ နေမကောင်းလို့ပါ မမရယ်··





ဖြစ်နိုင်ရင် ဒီမှာတောင် အိပ်ကျန်ခဲ့ချင်တာပါ···"

"ဒီလိုအကြောင်းပြလို့တော့ မရဘူးနော်၊ ညီမနေမကောင်းရင် မမတို့ ဇနီးမောင်နှံက ချက်ချင်းနေကောင်းသွားအောင် ကုပေးမှာပေါ့ ကဲ··· ပြော··· ဘာဖြစ်တာလဲ··· ကိုလင်းရေ··· ဒီမှာ အစ္စလီကို လာကြည့်ပေးပါဦး···"

ကားဘေးမှ စောင့်နေသည့် သက်လင်းစံသို့ ကိန္နရီလှမ်းပြောလျှင် အစ္စလီ စိတ်ညစ်ရပါလေ၏။

"လူနေမကောင်းတာ မဟုတ်ပါဘူး··· မမရယ်···အစ္စလီ့ကို စိတ်ဆင်းရအောင် မလုပ်စမ်းပါနဲ့နော်။"

ကိန္နရီ အစ္စလီ့ကို နားမလည်နိုင်ပါချေ။ ကိုယ့်အစ်မ မင်္ဂလာဆောင်မှာ ညီမဖြစ်သူသည် ဘာတွေ စိတ်ဆင်းရဲနေရမှာတဲ့လဲ။

"အကြောင်းရှိရင်လည်း ပြောလေညီမရဲ့ ဘာဇာတ်လမ်းတွေများ ရှိခဲ့လို့လဲ။ ဘာပဲဖြစ်ဖြစ် ကိုယ့်အစ်မကိုယ် ပြောပြမှာပေါ့။ ညီမက တစ်ယောက်ထဲ သိုဝှက်ခံစားနေတော့ မမလည်း မကူနိုင်။ မကယ်နိုင် ဖြစ်နေရတာပေါ့"

"မမ မတတ်နိုင်ပါဘူး။ အစ္စလီ့ ပြဿနာကို အစ္စလီ့ ဘာသာ ဖြေရှင်းပါမယ်။ ကျေးဇူးပြုပြီး အစ္စလီ နေချင်သလို၊ ဝတ်ချင်သလို ဝတ်ပါ၊ နေပါရစေ မမရယ်။ နောက်ပြီး··· အစ္စလီ့ကို ဘယ်သူနဲ့မှလည်း မိတ်ဆက် မပေးပါနဲ့နော်။ မသိလိုက်မသိဖာသာပဲ နေပါရစေ။ အဲလိုမှ မလိုက်နာနိုင်ဘူးဆိုရင်··· အစ္စလီ မမညှော်ခံပွဲကို မလိုက်တော့ဘူး။ ဒီမှာပဲ တစ်ယောက်ထဲ အိပ်ကျန်ခဲ့တော့မယ်···"

အစ္စလီ အလေးအနက် တောင်းဆိုခဲ့လျှင် ကိန္နရီမှာ လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com

ရသည်သာ။ ရင်ထဲမှာတော့ ပဟေဠိများစွာနှင့်။

ကျေနပ်တော့ ကျေနပ်ပါပဲ။

ထည်ဝါခမ်းနားလှသည့် မင်္ဂလာညစာစားပွဲမှာ တီးဝိုင်းတွေ ဘာတွေတော့ မထည့်ပါ။ ခင်မင်ရင်းနှီးသူများ အချင်းချင်း ပျော်ရွှင်စွာ ဂုဏ်ပြုညစာစားပွဲပေမို့ ရင်းရင်းနှီးနှီး၊ ဖော်ဖော်ရွေရွေတော့ ရှိကြသည်။

အဥ္စလီမှာ ကြိုတင်စိတ်ကူးထားသည့် အတိုင်း ခြံထောင့် အစွန်စားပွဲလေးတစ်ခုမှာ နေရာယူထားခဲ့လေသည်။

အစ်မဖြစ်သူနှင့် သက်လင်းစံတို့ စုံတွဲလှည့်လည် နှုတ်ဆက်၊ ညစာစားနေသည့်ကို ကြည်နူးစွာ ကြည့်ဖြစ်သလို၊ ဦးသက်စံကို လှမ်းမြင်ရပြန်လျှင် အဥ္စလီ့ရင်ပြင် တစ်ခုလုံး တဆတ်ဆတ် နာကျင်ကြေကွဲရပါသည်။

သူကတော့ အဥ္စလီ ဒီမှာရှိနေတာ အဥ္စလီနှင့် တို့ညီအစ်မတော်တာတွေ လုံးဝသိမည်မထင်ပါချေ။

"ဟင်. . ."

ညစာစားပွဲတစ်နေရာမှာ ဦးထက်နိုင်ကို မြင်လိုက်ရလျှင် အဥ္စလီ သူ့အတွက် စိုးရိမ်စိတ်တွေဖြင့် ဦးနှောက်တစ်ခုလုံး ပူလောင်ပြာယာခပ်သွားမိသည်။

ဦးထက်နိုင် ဘာလာလုပ်တာလဲ။

သို့သော် . . . ဘေးမှ စကားဝိုင်းများ၏ စကားကြောင့် ဦးထက်နိုင်သည် သက်လင်းစံ၏ ပထွေးဖြစ်ကြောင်း အဥ္စလီ သိရှိသွားရခဲ့သည်။





"ဒုက္ခပဲ. . ."

မင်္ဂလာအခမ်းအနားထဲမှာ မြွေဆိုးတစ်ကောင် ရောက်နေတာ ဘယ်သူမှ မသိကြပါလား။ ဦးသက်စံလည်း သိမည်မထင်။ ဦးထက်နိုင်၏ အသွင်က လူကြီးလူကောင်းအသွင်။

အဥ္စလီ့တစ်ကိုယ်လုံး အာရုံတွေ နိုးကြားသွားခဲ့သည်။

မင်္ဂလာညစာစားပွဲကြီး တစ်ခုလုံး စည်ကားစိုပြည်၊ ဆူညံနေလင့်ကစား. . . အဥ္စလီမှာ ဦးထက်နိုင်ကိုသာ မျက်ခြည်မပြတ်ကြည့်နေဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

အဥ္စလီ ဦးနှောက်ထဲမှာ အချက်ပြမီးတွေက မိတ်ချည်၊ လင်းချည်။

ပစ္စည်း ဥစ္စာအတွက်ဆိုလျှင် ညီအစ်ကို၊ မောင်နှမချင်းတွေ သွေးရင်း သားရင်းတွေတောင် တစ်ဦးနှင့် တစ်ဦး သတ်ကြ၊ ဖြတ်ကြ အကောက်ကြံတက်ကြသည် မဟုတ်ပါလား။

ညညစာစားပွဲမှာ ယမကာတွေ ပါနေသည့်အပြင် ခွက်တွေ မြောက်ကြ၊ ထိကြနှင့် တဖြည်းဖြည်းညက အိုရင့်လာသလို လူတွေလည်း အိုရင့်၊ မူးယစ် လာတော့မည်။ အကြံသမားကတော့ ဟန်ပြလောက်သာ သောက်မှာပေါ့။

အဥ္စလီမှာ ဦးသက်စံအတွက် စိုးရိမ်ပူပန်လွန်းလှသဖြင့် သူမ တစ်ကိုယ်လုံး နလုံးသွေးတို့ ပူလောင်စွာ စီးလည်နေလုလု။

သူမ ဘာလုပ်ရမည်လဲ။ အဥ္စလီ ဘာလုပ်ရမည်လဲ။

ခုလို တစ်ယောက်ထဲ ပုန်းကွယ်. . . စိုးရိမ်နေသည်ထက် သူ့ကို ကြိုတင် အသိပေးထားရလျှင် ကောင်းမည်လော။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခုခုဖြစ်သွားလျှင်တော့ သူလည်းသေလိမ့်မည် ထင်သည်။

"အို. . ."

အဲဒီလောက်တောင် သူ့ကို အဥ္စလီ ချစ်သတဲ့လား။ မိမိကိုယ်ကို ပြန်လည်မေးခွန်းထုတ်ရင်း. . . အဥ္စလီ့မျက်ဝန်းမှာ မျက်ရည်တို့ဖြင့် ပူလောင် ကျိန်းစပ်လာခဲ့သည်။

သူ့ကို အသိပေးလိုက်တော့မည်။ သူ့ကို အတွေ့ခံလိုက်တော့ မည်။

သို့သော်. . . ချက်ခင်း မြန်းစားကြီး၊ ဆိုလျှင် သူမတို့ ကြွေနဲ့ဆည်နိုင်ပါ့မလား။ ပြီးခဲ့သည့် အဖြစ်အပျက်အတွက်. . . သူ ဘယ်လို သဘောထားခဲ့သလဲ။ အဥ္စလီ စိတ်တော့ နာနေသေးတာပါပဲ။

"ကျေးဇူးပြုပြီး. . . ဘောပင်လေးခဏ ငှားပါရှင်"

သူမ၏ စားပွဲရှေ့မှာ တစ်ယောက်ထဲ. . . တစိမ့်စိမ့် ဆွေးနေပုံ ရသည့် လုလင်ကြီးထံမှ အဥ္စလီ ဘောပင်ငှားလိုက်သည်။ အနားမှာ တွေ့သည့် စက္ကူတစ်စပေါ်မှာ. . .

"ဦးသက်စံ. . . စာကြည့်ခန်းထဲကို ခေတ္တလာခဲ့ပါ. . ."

ဟုရေးပြီး စိတ်တာလေးတစ်ယောက်အား အဥ္စလီ ပေးခိုင်း လိုက်သည်။

သည်အိမ်ဟာ သူမ ကျွမ်းကျင်ခဲ့ဖူးသည်ပဲ။ မင်္ဂလာညစ်ခံပွဲမှာ အာရုံစူးစိုက်နေကြဆဲ. . . အဥ္စလီ. . . သူ့အိမ် အပေါ်ထပ်ရှိ စာဖတ် ခန်းသို့ လှစ်ခနဲ ထွက်သွားခဲ့သည်။

"ဘယ်သူလဲ. . ."





စာကြည့်ခန်းမှာ မီးဖွင့်မထား။ သို့သော် အပြင်ခန်းများ၏ မီးရောင်ကြောင့် အလင်းရှိနေပါသည်။ တံခါးဘေးနားမှာ အဥ္စလီ ကပ်နေ မိသည်မှာ သူ့ကို ချက်ချင်းရင်မဆိုင်ရဲလို့လည်း ဖြစ်ပါသည်။

သူမ တစ်ကိုယ်လုံး. . . ရင်ခုန်ရလွန်းသဖြင့် ဦးခေါင်းတွေ မူးနောက်၊ လဲကျလုမတတ်။ ခံစားမှုတို့က အထွတ်အထိပ်။

ကျွန်းကလေးမှာ ထားပစ်ခဲ့တဲ့ သူဟာ အဥ္စလီ့ကို တကယ် ချစ်မှာမဟုတ်။ သူ့စိတ်သဘောထားတွေကို သိနေပေမယ့်. . . သူ့ဒုက္ခ ရောက်မှာ၊ သူသေသွားမှာ အဥ္စလီ မကြည့်ရက်နိုင်ပါ။

ကမ္ဘာကြီး ခြားအောင် ဝေးနေရပါစေ ချစ်ကမ္ဘာတစ်ဖက်မှာ ရှင် အဆင်ပြေပျော်မွေ့နေတာကိုပဲ . . . ကျွန်မက မြင်ချင်သူပါ။

ရှင်. . . လျှောက်သွားမယ့် လမ်းတွေအားလုံး ပန်းခင်းလမ်း ဖြစ်အောင်. . .ကျွန်မရဲ့ နှလုံးသွေးစက်တို့နဲ့ ဖန်ဆင်းတည်ဆောက် ပေးချင်သူပါ။

"ဘယ်သူလဲ. . . အထဲမှာ ဘယ်သူရှိသလဲ တံခါးကို လှည့် ဖွင့်လိုက်ပြီး . . . သူဝင်လာခဲ့လျှင်. . . အဥ္စလီ တံခါးပြန်ပိတ်လိုက်သည်။ အပြင်လူတွေ သိသွားမှာ၊ အပြင်လူတွေ ဝင်လာမှာ သူမ မလိုလားပါ။

အဆီးအတားမဲ့စွာ စီးကျလာသည့် မျက်ရည်များနှင့်ပင် အဥ္စလီ သူ့ဖက်သို့ မမြင်ဝိုးဝါးလှမ်းကြည့်နေမိစဉ်. . . သူက. . . မီးခလုတ်ကို ဖွင့်လိုက်သည်။

"ဟင်. . ."

လက်နှစ်ဖက်ကို ဆန့်တန်းလျက်နှင့် သူ. . . ငေးကြောင် သွားခဲ့လျှင် မိမိနေရာမှာပင်. . . အဥ္စလီ အရုပ်ကြိုးပြတ်. . . ပုံကျ



www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။

"အဥ္စလီ မင်း မသေဘူးနော်..."

ခြောက်သွေ့ အက်ကွဲသော အသံဖြင့် သူ့အသွင်က အရူးအမူး။

အဥ္စလီ့ကိုယ်လေး သူ့လက်များကြားမှာ ပျောက်ကွယ် နစ်မြုပ်မတတ်။

အို... ဦးတည်ချက်တွေ လွဲကုန်တော့မည်။ သူ... အရမ်းမူးယစ်နေပြီလား။

သူ့ရင်ဘတ် တစ်ခုလုံးကို အဥ္စလီ.. ကြမ်းတမ်းစွာ တွန်းထုတ်ပစ်လိုက်သည်။

"နေဦး... ကျွန်မ ... ရှင့်ကို ပြောစရာရှိလို့ ခေါ်လိုက်တာ"

ယခုတော့ အဥ္စလီ့ နှလုံးသားတွေ မာကျော နာကျင်လာခဲ့သည်။

သူဟာ ... သူမကို အမှန်တကယ်ချစ်သည်မဟုတ် ထားပါတော့လေ... သူမကတော့ သူ့အကျိုးစီးပွားကို တကယ်လိုလားပါသည်။

"အဥ္စလီရယ် ... ကိုယ်... မင်းကို ပြန်ရှာခဲ့ပါတယ်။ ရွာမှာ စက်လှေ ၃-စင်း ငှားပြီး ကိုယ့်အုပ်စုနဲ့ ကျွန်းပေါ်မှာ မြေလှန်ပြီး ရှာဖွေခဲ့ပါတယ်။ ကိုယ်... ခေတ္တ ထားခဲ့မိတဲ့အတွက်

သူ့ ရှင်းပြချက်များက အရေးတကြီး။

သို့သော်... အဥ္စလီ သူ့စကားသံများကို ဖြတ်တောက်၍ လက်ကာ ပြလိုက်သည်။

ပြီးဆုံးခဲ့ပြီပဲ...

"အဲဒါတွေ ထားလိုက်ပါ။ ကျွန်မ ဘယ်လိုမှ သဘောမထား





ပါဘူး။ အခု... ဦးသက်စံ အတွက် ကျွန်မ သတိပေးရအောင် လာတာပါ။ ကျွန်မတို့ကို ဒုက္ခပေးနေတဲ့၊ ကျွန်းပေါ်ကို ဖမ်းခေါ်သွားခဲ့တဲ့ လူ... အခု ရှင့်ညွှေ့ခံပွဲမှာတွေ့ရလို့ ခေါ်ပြီး သတိပေးတာပါ..."

"ဟင်... ဘယ်သူလဲ"

"ဦးထက်နိုင်..."

"ဩော်..."

အခြေအနေ အရပ်ရပ်ကို ဦးသက်စံ သဘောပေါက်သွားခဲ့သည်။ ဦးထက်နိုင်ဆိုတာ နီနီရဲ့ခင်ပွန်း။ အကြောင်းပြချက်က ဘာလဲ။ ရှင်းပါသည်။ အမွေပစ္စည်းများ အတွက်ပဲပေါ့။

"ကိုယ်တို့ကို ဒုက္ခပေးနေတာ... သူလား..."

"ဟုတ်တယ်... ကျွန်မ အကြောင်းစုံ သိခဲ့တယ်... ကျွန်မတို့ကို ဒုက္ခပေးနေတာ သူပဲ။ ကျွန်မက ပစ်မှတ် မဟုတ်ပါဘူးလေ။ ဦးသက်စံက ပစ်မှတ်ပါ။ သတိထားပါ။ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါ။ ကဲ... ကျွန်မ တာဝန်ကျေပြီ။ ကျွန်မ သွားတော့မယ်..."

အဥ္စလီ... အခန်းထဲမှ ထွက်ခွာမည် ပြင်လျှင် ဦးသက်စံ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

"နေပါဦး... ကလေးရယ်... အဖြစ်အပျက်တွေကို ကိုကြီး ရှင်းပြပါရစေဦး..."

သူ... အဥ္စလီ့အနားသို့ လျှောခနဲ ရောက်လာခဲ့ပြီး သူမကို ဆီးတားထားခဲ့သည်။ ဦးသက်စံ၏ အသွင်က ဆောက်တည်ရာမရ။

"မရှင်းပြပါနဲ့ ဦးသက်စံ။ လောကကြီးအကြောင်းကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း သဘောပေါက်ခဲ့ပါပြီ။ အချစ်ဆိုတာ အချိန်အခါနဲ့ အခြေအနေရဲ့ သားကောင်ပါ။ ဘာမှ မဟုတ်ပါဘူး။ ကဲ… ဒါတွေ ထားလိုက်ပါ။ ရှင်… ဘုမသိ၊ ဘမသိနဲ့ တစ်ခုခုဖြစ်သွားမှာစိုးလို့ ကျွန်မလာပြီး သတိပေးတာ။ အောက်မှာလည်း ညှော်ခံပွဲကြီးနဲ့ ဦးသက်စံ အကြာကြီးပျောက်နေလို့ မကောင်းပါဘူး။ ရှင်… အရင် ထွက်သွားပါ၊ ကျွန်မ … နောက်မှ ထွက်ခဲ့မယ်…"

အဥ္စလီ့ အသွင်က တင်းပြတ်မာကျောလျက်။ နှလုံးသားဆိုတာ ခံစားတတ်သည်။ ယခု… သူမ၏ နှလုံးသားတွေ ဆတ်ဆောက်မာကျောလျက်။

"ဟင့်အင်း… အဥ္စလီ ကိုယ့်ကို နားမလည်နိုင်သေးသမျှ ကိုယ် တရားစာ ရှင်းပြနေရမှာပဲ။ မင်းထက် ဘယ်အရာမှ အရေးမကြီးနိုင်ဘူး"

သူမကို ပွေ့ဖက်ရင်း… အရှုံးအမှုးပြေနေလျှင် အဥ္စလီ ရယ်မောမိသည်။

"နားထောင်လို့တော့ ကောင်းသားနော်။ တစ်ချိန်က ဆိုရင် ကျွန်မ ယုံကြည်မိမှာပဲ။ ဒါဖြင့် အချစ်ဟာ ငွေကြေး၊ ပျော်ရွှင်မှု၊ ဂုဏ်သိက္ခာ… အားလုံးထက် အရေးကြီးတယ်ပေါ့ ဟုတ်လား။ အသက်… ထက်တောင် အရေးကြီးသလား။ ဒါဖြင့် … ကျွန်မကို ကျွန်းကလေးပေါ်မှာ သူ့ရဲ့ဘောကြောင်စွာ စွန့်ပစ်ခဲ့တာ ဘာကြောင့်ပါလိမ့်။

"ဒီမှာ ဦးသက်စံ… အချစ်ဆိုတာ အသက်လောက် အရေးမကြီးဘူး။ ငွေကြေးလောက် အရေးမကြီးဘူး။ ဂုဏ်သိက္ခာလောက်လည်း



အရေးမကြီးပါဘူးရှင်။ အချစ်ဆိုတာ ဘာမှမဟုတ်တဲ့ အရာပါ။ ပါမွှား သေးသေးလေး အမှုန်အစက်လေး တစ်ခုပါ။ ဟုတ်လား… ကဲ ကျွန်မကို လွှတ်ပါတော့။ ကျွန်မမှာ ရင်ခုန်စရာ နှလုံးသား မရှိတော့ဘူး။ ကျွန်မ နှလုံးသားတွေ အားလုံးဆုံးရှုံးပျက်စီးသွားခဲ့ပြီ။ သွားပါတော့ရှင် ရှင်ထွက် သွား ပါတော့…"

သူ့ကို တံခါးပေါက်အပြင်သို့သာ အဥ္စလီ တွန်းလွှန်နေမိသည်။ သူ့အယူအယာများကို အဥ္စလီ မယုံကြည်နိုင်တော့ပါ။

"မသွားနိုင်ဘူး၊ မလွှတ်နိုင်ဘူး အဥ္စလီ။ တစ်ခါက ကိုယ်မှားခဲ့တဲ့ ဒဏ်ကို ကိုယ်အခု ခါးသီးစွာခံနေရပါပြီ။ ကိုယ်ရှင်းပြတာကို နားထောင်ပါဦး။ ကိုယ့်ဘဝကို နားလည်ပေးပါဦး… ကလေးရယ်… ညှော်ခံပွဲကြီးကိုလည်း ဂရုမစိုက်နိုင်ဘူး။ ဘာကိုမှ ဂရုမစိုက်နိုင်ပါဘူး။

ကဲ… အခု… တို့နှစ်ယောက် လက်တွဲပြီး ဆင်းသွားကြမယ်၊ အရာရာကို ရင်ဆိုင်မယ်… မင်းထက် ဘယ်သူမှ အရေးမကြီးနိုင်ပါဘူး အချစ်ရယ်…"

ရင်ခွင်ထဲမှ သက်လျာကို သူ … ကြေကွဲစွာ တောင်းပန်နေမိသမျှ၊ သူမ အသွင်က မယုံသင်္ကာဟန် အပြည့်။ အေးလေ သူကလေးဟာ ခံမှန်ပူးခဲ့တာပဲ။

"ဦးသက်စံ သိတ်မူးနေပြီ ထင်တယ်… ကဲ ရှင်မထွက်ရင် ကျွန်မ ထွက်မယ်…

သူ့ကို တွန်းပစ်ခဲ့ပြီး… အဥ္စလီ ပြေးထွက်ခဲ့လျှင် အခန်းထဲမှာ ဦးသက်စံ လဲပြိုကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညစ့်ခံပွဲမှာ ညစ့်သည်များ နည်းပါးသွားသည့်အခါမှ . . . ခြံထဲသို့ ကားလေးတစ်စီး ထပ်ရောက်လာခဲ့သည်။ ကားပေါ်မှ လူ ၄-ယောက် ပါလာခဲ့ပေသည်။

ညစ့်ခံပွဲပြီးမှ ရောက်ရှိလာကြသည့် ထိုသူများသည် စားပွဲတစ်လုံးမှာ ဝင်ရောက်နေရာယူလိုက်ကြသည်။ သက်လင်းစံတို့ စုံတွဲမှာလည်း ပြန်ကြသူများကို နှုတ်ဆက်နေရသဖြင့် ထိုသူများကို သတိမထားမိပေ။

ဦးသက်စံနှင့်အတူ ဦးထက်ခိုင်ပါ ပျောက်နေသဖြင့် အဥ္စလီ ရင်နေဆဲ . . ရုတ်ခနဲ တစ်အိမ်လုံး မီးမှောင်သွားခဲ့သည်။

"ဒိုင်း . . ." "အား . . ."

သေနတ်သံနှင့် အော်သံထွက်ပေါ်လာပြီး . . . တစ်အိမ်လုံး ရုတ်ရုတ်သဲသဲဖြစ်နေစဉ် မီးများဖျတ်ခနဲ ပြန်လင်းလာခဲ့သည်။ အသံကြားရာဆီသို့ လူများနှင့်အတူ ရှေ့ဆုံးမှ အဥ္စလီ ပြေးတက်ခဲ့သည်။

စာကြည့်ခန်းထဲမှ အသံထွက်ပေါ်လာခြင်း ဖြစ်သဖြင့် အားလုံး အခန်းထဲသို့ ပြေးဝင်ကြလျှင် ကြမ်းပြင်ပေါ်မှာ လဲကျနေသည့် ဦးသက်စံနှင့် ဒေါ်နီနီကို တွေ့လိုက်ကြရသည်။ သူတို့ နဘေးမှာ သွေးများအိုင်ထွန်းလျှက်။

"ကိုကြီး . . ."

ရင်ထဲမှ ဆောင့်ခုန်တက်လာသည့် နလုံးသားမှာ မီးလျှံများ လောင်မြိုက်ထွက်ပြူလာသည့်နယ်။

အဥ္စလီ . . . သူ့ကိုယ်ပေါ်သို့ ထွေးခနဲ လဲပြိုကျသွားခဲ့ပါသည်။

သတိရပြီလား . . . သတိရပြီလား . . . ကလေး . . ."





နားထဲမှာ တိုးညှင်းစွာ ကြားရသည့် သူ့အသံကြောင့် မှုန်နောက်ရီဝေနေသည့် အဥ္စလီ အာရုံများ ပြန်လည် လင်းလက်လာကြသည်။ သူမ လေးလံသော မျက်ဝန်းများကို အားတင်းဖွင့်ကြည့်လိုက်မိသည်။

"ကိုကြီး . . ကိုကြီး . . . မသေဘူးနော် . . ."

သူမ၏ အနားမှာ စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသည့် မေမေ၊ သက်လင်းစံ၊ ကိန္နရီနှင့် အခြားလူများကိုလည်း အဥ္စလီ . . . နားမလည်နိုင်စွာ ငေးကြည့်မိပါသည်။

"မသေပါဘူးကွယ် . . . ကိုကြီး ဘယ်တော့မှ မသေဘူး သိလား။ အကြွေးတွေ ပြန်ဆပ်ပြီးမှ သေမှာ။ ကိုကြီးအပေါ် တင်ရှိနေတဲ့ ကလေးရဲ့ မေတ္တာကြွေးတွေကို အကျေဆပ်ပြီးမှ သေမှာ။

သူ့အသံနှင့် သူ့ဟန်ပန်က အရမ်းညွှတ်နူး၊ ဖြူစင်နေခဲ့လျှင် အဥ္စလီ ငိုရှိုက်မိပါသည်။

"တိတ်ပါ ကလေးရယ် . . . မငိုပါနဲ့တော့ . . . ကလေးဘဝမှာ ငိုခဲ့ရပေါင်းတွေ များလှပါပြီကွယ် . . ."

သူက . . . အဥ္စလီ နဖူးလေးကို ညင်သာစွာ ငုံ့မွှေးလာခဲ့လျှင် သူမ . . . အလန့်တကြားဖြင့် မော့ကြည့်မိသည်။

"ဟင် . . . လူတွေရော . . ."

"ပြေးပြီလေ . . . လူတွေဆို အလိုက်သိတတ်ပါတယ် . . ကလေးရယ် . . . မင်းသားကြီးနဲ့ မင်းသမီးလေ ကွဲနေရတာ . . . နှစ်ပေါင်း ခုနစ်ရာတောင် ကျော်ခဲ့ပြီ မဟုတ်လား . . ."

"ကောင်းကောင်း ပြောစမ်းပါ . . . ကိုကြီးရယ် အဥ္စလီ ဘာဖြစ်သွားတာလဲ။ ကိုကြီးရော ဘာဖြစ်သေးလဲ။ သေနတ် ပစ်ခံရတယ် မဟုတ်လား။ ဒဏ်ရာရော . . . ဘယ်မှာလဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကုတင်လေးပေါ်မှ ထထိုင်ရင်း အဥ္ဆလီ နားမလည်နိုင်သည့် မေးခွန်းများကို မေးလျှင် ကိုကြီးက စိတ်ရှည်စွာ ဖြေကြားခဲ့သည်။

"အဥ္ဆလီ သတိပေးလို့ ကိုကြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့နိုင်ပါတယ်။ သူငယ်ချင်းဖြစ်သူ . . . ရဲအုပ် ကိုအေးအောင်တို့အဖွဲ့ကိုလည်း လှမ်းခေါ်လိုက်တယ်။ ကိုကြီး ကိုယ်ပေါ်မှာလည်း ကျည်ကာအင်္ကျီ ဝတ်ထားလိုက် တယ်လေ . . ."

"ကျည်ကာ အင်္ကျီ"

"ဟုတ်တယ် . . ."

"ဒါဖြင့် ကိုကြီးဘယ်လို လဲကျသွားခဲ့တာလဲ . . . အဥ္ဆလီဖြင့်လေ . . ကိုကြီးသေပြီမှတ်လို့ ငိုတောင်မငိုနိုင်ဘဲနဲ့ ဘာဖြစ်သွားမှန်းတောင် မသိတော့ဘူး . . ."

အဥ္ဆလီ့ ပုံစံလေးကိုကြည့်ပြီး . . . ဦးသက်စံကြည်နူးပီတိဖြစ်စွာဖြင့် ပါးကလေးနှစ်ဖက်ကို အုပ်ကိုင်မိခဲ့သည်။

"ဟန်တွေ လုပ်မနေပါနဲ့တော့ ကလေးရယ် . . . အဲဒါ . . . မင်း ကိုကြီးကို ဘယ်လောက်ချစ်ကြောင်း ပြယုဂ်ပဲ။ ကံကောင်းလို့ နှစ်လောင်းမပြိုင်တယ်။ ကလေး . . . သတိလစ်တာ အကြာကြီးပဲ။ မနည်း ကုရတယ်။ ဆရာဝန်တောင် ခုထိ အပြင်ခန်းမှာ စောင့်နိုင်းထားရတုန်းပဲ . . ."

အဥ္ဆလီ . . . မငြင်းနိုင်တော့ပါ။ တကယ်လည်း သူမ . . . ကိုကြီးကို သိတ်ချစ်တာပဲ မဟုတ်လား။ စိတ်နာတာက တခြား၊ ချစ်တာက တခြား။

"ဘာတွေဖြစ်ကုန်ပြီလဲ၊ ကိုကြီးကို . . . လုပ်ကြံတာ ဘယ်သူလဲ"





သည်မေးခွန်းကိုတော့ ဦးသက်စံ လွယ်ကူစွာ မဖြေခဲ့နိုင်ပါချေ။ သက်ပြင်းတစ်ချက်ကိုသာ လေးလံစွာ ချခဲ့သည်။

"ကိုကြီး အပြစ်တွေလည်း အများကြီး ပါပါတယ် ကလေးရယ် တကယ်ဆို နီနီ့ကိုလည်း အမွေခွဲပေးရမှာပါ . . . ဘာပဲဖြစ်ဖြစ် . . . ကိုကြီးကို သူလာပြီး ဆွေးနွေးဖို့ ကောင်းတာပေါ့။ ဩော် လောဘ၊ လောဘ။

ကိုကြီးစကားကို နားထောင်ပြီး အဥ္ဆလီမှာ ဝေဝေဝါ။ ဘာတွေဖြစ်ကုန်ပြီလဲ။

အိပ်မက် မက်သူပမာ၊ ကိုကြီးမှာ အဝေးသို့ငေးလျှက်။

"တကယ့် တကယ်ကျတော့လည်း . . . နီနီမရက်စက်နိုင်ပါဘူး။ သူယောကျ်ားကို ပစ်တွန်းထည့်ခဲ့တယ် . . ."

"သူရောဟင် . . . သူ့ကိုပါ ဖမ်းသွားကြပြီလား။ ဦးသက်စံမှာ အဖြေထွက်မလာခဲ့ပါချေ။ အဥ္ဆလီ . . . သူ့ကိုသာ မျှော်လင့်တကြီးမော့ကြည့် နားထောင်မိပါ၏။

"သူ . . . သေသွားပြီ . . ."

"ရှင် . . ."

"ဟုတ်တယ် . . . မိန်းမမိုက်ကြီ သေသွားပြီ။ ဦးထက်နိုင်က သူ့ကိုပါ ပစ်သတ်သွားခဲ့တယ် . . . အဥ္ဆလီ တွေ့တဲ့သွေးတွေဟာ သူ့သွေးတွေပဲ . . ."

"အို . . ."

မိန်းမတို့၏ အချစ်သည် ဆန်းကြယ်လှပါတကား။ ယောက်ျားတို့ အချစ်ကရော . . .



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်စရာ အကြောင်းအရာများကြောင့် အဥ္ဇလီ ခေါင်းတွေ မူးနောက်သွားပြီး မျက်ဝန်းများ မှိတ်လိုက်လျှင် မျက်ရည်ပူများက အစဉ်မပြတ် စီးကျလာခဲ့၏။

"မငိုပါနဲ့တော့ ကလေးရယ် . . . အားလုံးအဆင်ပြေသွားပါပြီကွယ် ကလေးအတွက် ပျော်ရွှင်စရာ နေ့ရက်တွေပဲ ရှိစေရတော့မှာပါ။ ကိုကြီးကို ယုံကြည်ပါတော့နော်။ ကလေးအတွက် တိမ်ရိပ်ကင်းစင်တဲ့ လသာတဲ့ ညလေးတွေပဲ ထာဝရ ရှိစေရမှာပါကွယ် . . ."

ကိုကြီးက အဥ္ဇလီ မျက်ရည်များကို ညှင်သာ၊ ကြင်နာစွာ သုတ်ပေးနေခဲ့လျှင် အရာအားလုံးကို မေ့ပျောက်သွားခဲ့ပြီး အဥ္ဇလီ့ရင်မှာ ကိုကြီးကို ယုံကြည်အားကိုး စိတ်များသာ တသိမ့်သိမ့် ဖြစ်တည်၊ ကြည်စင်နေခဲ့လေတော့သည်။

**ဆက်လက်ကြိုးစားပါဦးမည်။**

ကြယ်စင်မှူးဝေ


## စာရေးသူ နှင့် ပတ်သက်၍

ဝေဖန်အကြံပြုစာများ
ပေးပို့လိုပါလျှင် အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်ပေးပို့နိုင်ပါသည်။

**ကြယ်စင်မှူးဝေ**

အမှတ် (၁၉၀)၊ ၃၁-လမ်း (အထက်ဘလောက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ ရွှေစကားစာပေ ■


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

